ဒို့တာဝန်အရေးသုံးပါး
◆ ပြည်ထောင်စုမပြိုကွဲရေး။
◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
◆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

# မြဝတီ နေ့စဉ်

တိုင်းပြည်၏ စာတူတွာမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

the Myawady Daily

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်နေ့ ၂၀၁၆ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ သောကြာနေ့ အတွဲ(၆)၊ အမှတ်(၄)

**ရွှေအိုးကိုဖော်ပေးသူ**

အကြင်ပုဂ္ဂိုလ်သည် မိမိအား ဆုံးမပြောကြား၏။ ချွတ်ယွင်းချက်အပြစ်ကို ညွှန်ပြ၍ နှိမ့်ချဆုံးမ၏။ ထိုပုဂ္ဂိုလ်အား “ မြှုပ်ထားသော ရွှေအိုးကိုပြောပြသူပါတကား ” ဟု နှလုံးထားရာ၏။ ထိုပညာရှိကို ဆည်းကပ်ခြင်းဖြင့် အကျိုးယုတ်ခြင်းမရှိပေ။

ပဏ္ဍိတဝဂ်၊ ရာဓတ္ထေရဝတ္ထု

# မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီး အေးချမ်းပျော်ရွှင်စွာကျင်းပပြီးစီး



မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီးတွင် တပ်မတော်သား အရာရှိ စစ်သည်များ၊ မိသားစုဝင်များ ပျော်ရွှင်စွာအတူတကွပါဝင်ဆင်နွှဲကြစဉ်။

နေပြည်တော် ဧပြီ ၂၁

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးအား ၂၀၁၆ ခုနှစ်၊ ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်တိုင်တိုင် နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူနိုင်ငံသားများအားလုံး အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ယခုနှစ်တွင်လည်း ယခင်နှစ်များနည်းတူ မြန်မာ့ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ မဟာသင်္ကြန်ကာလအတွင်း ရေကစား မဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေပက်ခံယာဉ်များ၊ ဖျော်ဖြေရေး အလှယာဉ်များ၊ သံချပ်အဖွဲ့များ၊ ရေကစားသူ၊ ရေပက်ခံသူများ စုံလင်စွာ စည်ကားသိုက်မြိုက်စွာ ပျော်ရွှင်နေကြသည်ကို ဝမ်းသာကြည်နူးဖွယ် တွေ့မြင်ခဲ့ရသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် တပ်မတော်သား အရာရှိ စစ်သည်များ၊ မိသားစုဝင်များအနေဖြင့်လည်း နှစ်စဉ်ပါဝင်ဆင်နွှဲခဲ့ရာ

စာမျက်နှာ ၁၇ ကော်လံ ၁ ✱

# ဘက်စုံပညာထူးချွန်လူငယ်များအတွက် ငွေဆောင်အပန်းဖြေစခန်းဖွင့်လှစ်ရန်ပြင်ဆင်ထား

နေပြည်တော် ဧပြီ ၂၁

ဒသမတန်း ဘက်စုံပညာထူးချွန်လူငယ်များအတွက် ငွေဆောင်အပန်းဖြေစခန်းကို ဧပြီ ၂၇ ရက်မှ မေ ၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး စခန်းဝင်စဉ်ကာလအတွင်း လူရည်ချွန်ဟောင်းများနှင့်တွေ့ဆုံခြင်း၊ လေ့လာရေးခရီးသွားရောက်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ငွေဆောင် အပန်းဖြေစခန်းမှူးစခန်းမှူး ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးညွှန်ကြားရေးမှူး ဦးဝင်းမောင်က ပြောသည်။

ဘက်စုံပညာထူးချွန်လူငယ်များ တည်းခိုနေထိုင်ရေးအတွက် ငွေဆောင်ရှိယုဇနဟိုတယ်နှင့် ပုလဲငွေဆောင်ဟိုတယ်တို့တွင်စီစဉ်ထားကြောင်း သိရသည်။ ယုဇနဟိုတယ်တွင် ဒသမတန်းထူးချွန်လူငယ် ၈၈ ဦးနှင့်

စာမျက်နှာ ၁၄ ကော်လံ ၁ ◆

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကျန်းမာရေးစစ်ဆေးမှုခံယူ စစ်ဆေးမှုရလဒ်များကောင်းမွန်

စာ ၈ - ၁၆ သို့

## အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် ဧပြီ ၂၁

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ နေ့အပူချိန်များမြင့်တက်၍ လေထုမငြိမ်သက်မှုများကြောင့်လည်းကောင်း ဧပြီ ၂၂ ရက်မှ ၂၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ဧပြီ ၂၃ ရက်မှ ၂၅ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ (၅၀၀)

| မြို့ | အနိမ့်ဆုံးအပူချိန် / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၆° C / ၄၂° C |
| ရန်ကုန် | ၂၅° C / ၄၂° C |
| မန္တလေး | ၂၈° C / ၄၃° C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



## အယ်ဒီတာ့အာဘော်

(၂၀၁၆ ခုနှစ်၊ ဧပြီ ၂၂ ရက်)

# ဆောင်းခိုငှက်နှင့် ကြက်ငှက်တုပ်ကွေးကာကွယ်ရေး

ကမ္ဘာပေါ်တွင် ငှက်မျိုးစိတ်ပေါင်းတစ်သောင်းကျော်ခန့်ရှိပြီး မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ်ပေါင်းတစ်ထောင်ကျော်ရှိသည်ဟု မြန်မာနိုင်ငံငှက်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း၏ ထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံငှက်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းများသည် အခြေခံငှက်ကြည့်သင်တန်းများဖွင့်လှစ်၍ ငှက်များအကြောင်းလေ့လာခြင်း၊ ရာသီအလိုက် ငှက်များပြောင်းရွှေ့ကျက်စားခြင်း၊ ပြင်ပလက္ခဏာနှင့် မျိုးခွဲခြားခြင်း၊ ငှက်အမျိုးအမည်ဖော်ရန် အဓိကအရောင်များကိုမှတ်သားခြင်း၊ ငှက်များကို ကွင်းဆင်းလေ့လာခြင်း၊ ငှက်စာရင်းကောက်ယူခြင်း၊ ငှက်များလျော့နည်းလာရခြင်းအကြောင်း၊ ငှက်များက လူတို့ကိုအကျိုးပြုပုံတို့ကိုသင်ကြားပေးကြရာ ငှက်ကြည့်ဝါသနာရှင်များနှင့် ဧည့်လမ်းညွှန်များတက်ရောက်လေ့လာသင်ယူကြသည်။

မြန်မာနိုင်ငံသည် ရှေးဟောင်းသမိုင်းဝင်ရုပ်ဝတ္ထုပစ္စည်းများနှင့် သာသနိကအဆောက်အအုံများတည်ရှိခြင်းကြောင့် သမိုင်းသုတေသီကမ္ဘာလှည့်ခရီးသွားများလာရောက်လေ့လာကြသကဲ့သို့ ရေမြေတောတောင်သဘာဝအလှများနှင့် တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတို့ကိုလေ့လာသော သဘာဝအခြေခံခရီးသွားများလည်း လာရောက်လေ့လာကြသည်။ ထို့ပြင် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို စိတ်ဝင်စားသူများကလည်း အကြောင်းအမျိုးမျိုးဖြင့် လာရောက်လည်ပတ်လေ့လာနေကြသည်။

မြန်မာနိုင်ငံသို့ ပြည်ဝင်ဗီဇာများသတ်မှတ်ရာတွင် သံတမန်နှင့်သံအဖွဲ့ဝင်ဗီဇာ၊ နိုင်ငံတကာအဖွဲ့အစည်းများဗီဇာ၊ ကမ္ဘာလှည့်ဗီဇာ၊ လုပ်ငန်းဗီဇာ၊ အလုပ်သမားဗီဇာ၊ လူမှုရေးဗီဇာ၊ သာသနာရေးဗီဇာ၊ ပညာရေးဗီဇာ၊ စာနယ်ဇင်းနှင့်မီဒီယာဗီဇာ၊ ယာဉ်အမှုထမ်းဗီဇာ၊ အလုပ်ရုံဆွေးနွေးပွဲအစည်းအဝေးနှင့် သုတေသနဗီဇာ၊ ဖြတ်သန်းဗီဇာတို့ဖြစ်ကြပြီး ၎င်းဗီဇာများဖြင့်ဝင်ရောက်ခွင့်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ စတင်ခွင့်ပြုပေးထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်ဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ်ပိုများလာကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံရေမြေတောတောင်သဘာဝကြောင့် ဆောင်းခိုငှက်များလာရောက်လျက်ရှိရာ အင်းတော်ကြီးအိုင်၊ အင်းလေးကန်၊ မိုးယွန်းကြီးအင်းနှင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ဆောင်းခိုငှက်အများအပြား လာရောက်ခိုနားကြသည်။ ဆောင်းခိုငှက်များလာရောက်ခြင်းကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများအတွက် အကျိုးခံစားရသည်များရှိသည့်နည်းတူ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်တတ်ကြောင်းလည်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာကြက်မွေးမြူရေးဇုန်တွင် H9N2 ရောဂါကျရောက်ခြင်းကြောင့် ဧပြီလ ဒုတိယရက်သတ္တပတ်အတွင်း မွေးမြူရေးကြက်ကောင်ရေ ၂၀၀၀၀ ခန့် ဖျက်ဆီးပစ်လိုက်ရပြီး ဇီဝလုံခြုံရေးကိုအထူးပြုဆောင်ရွက်နေကြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (OIE)နှင့် နိုင်ငံတကာပညာရှင်များကအာရှ၊ ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသများ၌တွေ့ရသော H9N2 အားလုံးကို အပျော့စားကြက်ငှက်တုပ်ကွေးပိုးအဖြစ် သတ်မှတ်ထားကြောင်းသိရသည်။

H9N2 ကြောင့် ကြက်သေဆုံးမှုကြုံနေရသည့် ကိုရီးယား၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် အီရန်စသည့်နိုင်ငံများတွင် ၎င်းရောဂါအတွက် ကာကွယ်ဆေးထိုးနှံကာကွယ်ထိန်းချုပ်နိုင်ကြပြီး တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖျားနာသည့်ကလေးငယ်တချို့ထံမှ H9N2 ပိုးတွေ့ခဲ့ဖူးသော်လည်း ခဏတာဖျားပြီး အလိုအလျောက်သက်သာပျောက်ကင်းသွားကြောင်း သိရသည်။

သို့ဖြစ်၍ မုံရွာကြက်မွေးမြူရေးဇုန်တွင်တွေ့ရသော H9N2 ရောဂါပိုးသည် ဆောင်းခိုငှက်များမှတစ်ဆင့်ကူးစက်သည်ဟုမဆိုကြသော်ငြား မပြေးသော်ကန်ရာရှိဆိုစကားအရ မြန်မာနိုင်ငံ ငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းများအနေဖြင့်လည်း အဆိုပါကိစ္စမျိုးတွင် တတ်နိုင်သည့်ဘက်မှ ပူးပေါင်းပါဝင်ရန်လိုအပ်မည်ဟု မြဝတီကသုံးသပ်ရပါသည်။ ။

## ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မူဝါဒ (၆)ရပ်

၁။ ထာဝရငြိမ်းချမ်းရေးရယူရန်အတွက် အမှန်တကယ်ဆန္ဒရှိရန်။

၂။ သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်။

၃။ ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်။

၄။ ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်။

၅။ နိုင်ငံတော်ကထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကိုလိုက်နာရန်။

၆။ ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီအနှစ်သာရကိုလက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီလျှောက်လှမ်းနေမှုတွင် လိုက်ပါလုပ်ဆောင်ရန်။

## The six peace principles

1. Genuine desire to make a lasting peace.
2. Commitment to peace agreements.
3. Abstaining from taking unfair advantages from the peace agreement.
4. Not to put burdens on local people.
5. Strict adherence to existing laws.
6. Cooperation in democratic reform processes based on the 2008 State Constitution, Our Three Main National Causes, and the essence of democracy.

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တပ်ကုန်းမြို့ရှိ မြန်မာ့ရုပ်မြင်သံကြားကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဧပြီ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (Conference Room) ၌ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ဌာနခွဲအလိုက် ဝန်ထမ်းများနှင့် သီးခြားစီတွေ့ဆုံပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ရုပ်မြင်သံကြား သတင်းထုတ်လွှင့်မှုနှင့် Central Equipment Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

# ပထမအကြိမ် မန္တလာအိုးပင်းဖလား အဆင့်မြင့်ဖိတ်ခေါ်အမျိုးသားအလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲနှင့် အသက် ၂၀ နှစ်အောက် လူငယ်ဘတ်စကက်ဘောပြိုင်ပွဲကျင်းပမည်

**မန္တလေး ဧပြီ ၂၁**

ပထမအကြိမ် မန္တလာအိုးပင်းဖလား အဆင့်မြင့်ဖိတ်ခေါ်အမျိုးသားအလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲနှင့် အသက် ၂၀ နှစ်အောက်လူငယ်ဘတ်စကက်ဘောပြိုင်ပွဲကို ဧပြီ ၂၅ ရက်မှ မေ ၃ ရက်ထိ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး ဘတ်စကက်ဘောဆပ်ကော်မတီနှင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။

ဘတ်စကက်ဘောပြိုင်ပွဲတွင် လားရှိုး၊ တောင်ကြီး၊ ကျောက်မဲ၊ ပြင်ဦးလွင်၊ ကသာ၊ မန္တလေးတို့ရှိ ဘတ်စကက်ဘောကလပ်အသင်းများ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အလွတ်တန်းပြိုင်ပွဲဆုရအသင်းတို့ကို ပထမဆု ငွေကျပ် သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆုငွေကျပ် ၁၀ သိန်းနှင့် အသက် ၂၀ နှစ်အောက်ပြိုင်ပွဲဆုရအသင်းတို့ကို ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်း ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပါဝင်ယှဉ်ပြိုင်မည့်အသင်းများကို တစ်သင်းလျှင် ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဘတ်စကက်ဘောကော်မတီ အတွင်းရေးမှူး ဦးသန်းထွေးကပြောသည်။

ပြိုင်ပွဲဝင်အသင်းများကို ရွှေမန်းတောင်အားကစားကွင်း၊ အောင်မြေမန္တလာအားကစားကွင်းနှင့် အားကစားနှင့်ကာယသိပ္ပံ(မန္တလေး)တို့တွင် တည်းခိုနေရာချထားပေးမည်ဖြစ်ပြီး ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ပြိုင်ပွဲပွဲစဉ်များကို ဗထူးအားကစားခန်းမ၌ ရေးဆွဲမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အတွင်းရေးမှူး ဦးသန်းထွေး-၀၉-၂၀၀၇၉၁ သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ (၄၀၂)

# သဘာဝဓာတ်ငွေ့သုံး ယာဉ်များ၏ကြံ့ခိုင်မှု စစ်ဆေးခြင်းကို အင်းစိန်မြို့နယ်၌ ပြောင်းရွှေ့ဖွင့်လှစ်မည်

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ နိုင်ငံပိုင်ကမ်းလွန်အခြေစိုက်ရေနံ စခန်းဝင်းအတွင်း၌ ဖွင့်လှစ်ဆောင်ရွက်ပေးနေသည့် သဘာဝဓာတ်ငွေ့သုံးယာဉ်များ၏ ကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်းများကို လာမည့်အောက်တိုဘာလမှစ၍ အင်းစိန်မြို့နယ် ရွာမရပ်ကွက်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင်မြေနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း CNG ဌာနခွဲ (ရန်ကုန်တိုင်းဒေသကြီး) မှ သိရသည်။

အင်းစိန်မြို့နယ် ရွာမရပ်ကွက်အနီး စက်မှုလမ်းမကြီးပေါ်ရှိ ရွာမသဘာဝဓာတ်ငွေ့ထိန်းဖြန့် စခန်းပိုင်မြေဧရိယာ ၃ ဒသမ ၄၈ ဧကပေါ်၌ CNG ရုံး၊ ဆလင်ဒါအိုးများကို စစ်ဆေးပေးနိုင်သော Hydrotest အလုပ်ရုံများနှင့် မော်တော်ယာဉ်ကြံ့ခိုင်မှု စစ်ဆေးသည့်အလုပ်ရုံများကို ပြင်ပဆောက်လုပ်ရေးကုမ္ပဏီများသို့ တင်ဒါခေါ်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

မော်တော်ယာဉ်များတွင် တပ်ဆင်ထားသည့် သဘာဝဓာတ်ငွေ့အိုးများ၏သက်တမ်းကို ၁၀ နှစ်သတ်မှတ်ထားကာ ကနဦးတပ်ဆင်ထားပြီး ငါးနှစ်အကြာတွင် တစ်ကြိမ်၊ နောက်ထပ်သုံးနှစ်အကြာတွင် ဒုတိယတစ်ကြိမ်နှင့် တတိယအကြိမ်အဖြစ် နှစ်စဉ်ပုံမှန်စစ်ဆေးပေးလျက်ရှိကြောင်း၊ အဆိုပါစစ်ဆေးချက်များအောင်မြင်မှသာ သဘာဝဓာတ်ငွေ့အရောင်းဆိုင်များတွင် ဓာတ်ငွေ့များကို သွားရောက်ဝယ်ယူဖြည့်တင်းနိုင်သည့်စနစ်ကျင့်သုံးလျက်ရှိကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၀၄ ခုနှစ်မှစတင်ကာ မော်တော်ယာဉ်များတွင် သဘာဝဓာတ်ငွေ့ စတင်အသုံးပြုခွင့်ပေးခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက ဓာတ်ငွေ့အရောင်းဆိုင် ၄၁ ဆိုင်ကို ဖွင့်လှစ်၍ ဓာတ်ငွေ့ ၁ ကီလိုဂရမ်လျှင် ငွေကျပ် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(၄၄၇)

# ခရီးသည်အချင်းချင်း စုပေါင်းငှားစီးနိုင်မည့် Ride Share ဝန်ဆောင်မှုကို HELLO CAB ကုမ္ပဏီက လုပ်ဆောင်မည်




**ရန်ကုန် မေ ၂၁**

ရန်ကုန်မြို့တွင်းရှိ ပြည်သူများ ကုန်ကျစရိတ်သက်သာစွာ အငှားယာဉ်များ ငှားရမ်းစီးနင်းနိုင်ရန် HELLO CAB ကုမ္ပဏီက ခရီးသည်အချင်းချင်းစုပေါင်း၍ အငှားယာဉ်စီးနင်းနိုင်မည့် Ride Share ဝန်ဆောင်မှုကို ၂၀၁၆ ခုနှစ် ဇွန်လတွင် စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီ၏ မန်နေးဂျင်း ဒါရိုက်တာ ဦးအောင်ဝင်းက ပြောသည်။

"ဒီဝန်ဆောင်မှုရဲ့ အားသာချက်က လူတိုင်း လွယ်လင့်တကူ အငှားယာဉ်စီးလို့ရမှာပါ။ အငှားယာဉ်တစ်စီးကို လူသုံးဦး စုပေါင်းစီးလို့ရအောင် ဝန်ဆောင်မှုပေးသွားမှာပါ။ ဒီဝန်ဆောင်မှုအတွက် ကုမ္ပဏီက အငှားယာဉ်စီးမယ့်သူတွေဆီက ဝန်ဆောင်ခယူမှာမဟုတ်ပါဘူး။ ယာဉ်ပိုင်ရှင်တွေဆီကသာ ဝန်ဆောင်ခယူသွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ယင်းဝန်ဆောင်မှုမှာ အငှားယာဉ်စုပေါင်းပြီး စီးနင်းလိုသည့်အခါတွင် ခရီးသည်များအနေဖြင့် ကုမ္ပဏီသို့ ဖုန်းဖြင့်ဆက်သွယ်ရမည်ဖြစ်ကာ ကုမ္ပဏီမှတစ်ဆင့် သွားမည့်ခရီးစဉ်တူသော ခရီးသည်သုံးဦးအား အငှားယာဉ်တစ်စီးတည်းတွင် စီးနင်းနိုင်အောင် ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။ ခရီးသည်များအနေဖြင့် ကုန်ကျစရိတ်ကို သုံးဦးအချိုးကျတွက်ချက်၍ ပေးဆောင်ရမည်ဖြစ်သည်။

HELLO CAB ကုမ္ပဏီသည် ယင်းဝန်ဆောင်ခကို ယာဉ်ပိုင်ရှင်ဆီက မီတာဖြင့်တွက်ချက်ပြီး ရယူသွားမည်ဖြစ်သည်။အဆိုပါကုမ္ပဏီသည် စီးနင်းသူများ၏ လုံခြုံရေးအတွက်ပူးပေါင်းလိုက်ပါမည့် ခရီးသည်များနှင့် ယာဉ်ပိုင်ရှင်၏ ကိုယ်ရေးအကြောင်းအရာများကို ခရီးစဉ်မစတင်မီ ရယူထားမည်ဖြစ်သည်။ ရန်ကုန်မြို့၌ အဆိုပါစနစ်အောင်မြင်ပါက ပြည်တွင်းရှိ နယ်မြို့ကြီးများဖြစ်သည့် မန္တလေးနှင့် နေပြည်တော်တို့၌ ယင်းဝန်ဆောင်မှုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သီရိ**

# Housing & Lifestyle Expo အိမ်ခြံမြေအရောင်းပြပွဲကြီးကျင်းပမည်

**ရန်ကုန် မေ ၂၁**

Housing & Lifestyle Expo အိမ်ခြံမြေအရောင်းပြပွဲကြီးကို မေလတွင် တပ်မတော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း House .com .mm ဝက်ဘ်ဆိုက်မှ သိရသည်။

အဆိုပါ အိမ်ခြံမြေအရောင်းပြပွဲကြီးကို မေ ၅ ရက်မှ ၈ ရက်အထိကျင်းပမည်ဖြစ်ကာ ပြည်တွင်းရှိဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများ၏ အနာဂတ်တွင်ဖော်ဆောင်မည့် အကောင်းဆုံးပရောဂျက်များနှင့် နိုင်ငံအတွင်းရှိ ဆောက်လုပ်ပြီးအကောင်းမွန်ဆုံးသောအဆောက်အအုံများကို ပါဝင်ပြသရောင်းချသွားမည်ဖြစ်သည်။

ယင်းပြပွဲတွင် ရေရှည်ခိုင်ခံ့မှုကိုဦးစားပေးဆောက်လုပ်သော Green Vision ၊ မြန်မာနိုင်ငံ၏ နာမည်ကြီးအိမ်ရာဖြစ်သည့် FMI City ကိုဖော်ဆောင်ဆောက်လုပ်သော Yoma ကုမ္ပဏီနှင့် မြန်မာနိုင်ငံ၏ အကောင်းဆုံး ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် MKT တို့ကလည်း ၎င်းတို့၏ရောင်းရန်ရှိသော အဆောက်အအုံများကို ပါဝင်ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအရောင်းပြပွဲကြီးတွင် လူနေထိုင်ရာအဆောက်အအုံနှင့် စီးပွားရေးဆိုင်ရာအဆောက်အအုံအလုံးပေါင်း ၃၀ ကျော်ကို ဆောက်လုပ်ရေးလုပ်ငန်းပေါင်း ၂၀ ကျော်က ပါဝင်ပြသသွားမည်ဖြစ်ပြီး ပြပွဲသို့ တက်ရောက်လာသူများအတွက်လည်း ထူးခြားသည့် ဈေးနှုန်းများဖြင့်ဝယ်ယူရရှိနိုင်သောအခွင့်အရေးများနှင့် လက်ဆောင်များရရှိနိုင်မည်ဖြစ်သည်။

House.com.mm ၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော အိမ်ရာအရောင်းပြပွဲတွင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅သန်း ပမာဏရောင်းဝယ်မှုများရှိခဲ့ပြီး အမေရိကန်ဒေါ်လာ သုံးသန်း တန်ဖိုးရှိသောဝယ်ယူမှုအတွက် အသေးစိတ်ပြောဆိုဆွေးနွေးမှုများရှိရာ စင်ကာပူပွဲတွင် ပါဝင်ခဲ့သော ဆောက်လုပ်ရေးလုပ်ငန်းရှင်များကလည်း ရန်ကုန်မြို့၌ ကျင်းပမည့်အရောင်းပြပွဲကြီးတွင် ထပ်မံပါဝင်ရောင်းချသွားရန်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံဟာ စီးပွားရေးအရဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ရောက်ဆဲအခြေအနေဖြစ်ပါတယ်။ လက်ရှိအစိုးရရဲ့ ဥပဒေသစ်အရ နိုင်ငံခြားသားတွေအနေနဲ့ အိမ်ရာပိုင်ဆိုင်ခွင့်တွေရရှိလာပြီဖြစ်တာကြောင့် မြန်မာ့အိမ်ခြံမြေဈေးကွက် ပိုမိုကောင်းမွန်လာနိုင်သလို အဆင့်မြင့်ဇိမ်ခံအဆောက်အအုံဆောက်လုပ်တဲ့ ကုမ္ပဏီတွေအနေနဲ့လည်း သူတို့ရဲ့အဆောက်အအုံတွေကို သင့်လျော်တဲ့ဈေးနှုန်းတွေနဲ့ ရောင်းချသွားမှာဖြစ်လို့ ဒီအရောင်းပြပွဲကြီးဟာ လူတိုင်းအတွက်များစွာအကျိုးသက်ရောက်မှုရှိစေနိုင်မှာပါ"ဟု House.com.mm မှ Managing Director Mr. Balaji Ramaswami က ပြောသည်။

Housing & Lifestyle Expo အိမ်ခြံမြေအရောင်းပြပွဲကြီးသည် အိမ်ခြံမြေစိတ်ဝင်စားသူတိုင်းအတွက် တစ်နေရာတည်း၌ မိမိတို့၏စိတ်ကြိုက်အိမ်ရာများကို ဝယ်ယူနိုင်ပြီး ၂၀၁၆ ခုနှစ်၏ အကောင်းဆုံးအိမ်ရာအရောင်းပြပွဲတစ်ခုဖြစ်လာရန် မျှော်လင့်ထားကာ မြန်မာနိုင်ငံ၏ထိပ်တန်းအိမ်ခြံမြေအကျိုးဆောင်များနှင့် လုပ်ငန်းရှင်ကြီးများကလည်း ယခုစတင်လျက်ရှိသော ပရောဂျက်များနှင့် တည်ဆောက်ဆဲအဆောက်အအုံများကို ထုတ်ဖော်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **မိုးအောင်**

# ဒဂုံ(ဆိပ်ကမ်း)မြို့နယ် မြနန္ဒာလမ်းနှင့် ရွှေလီလမ်းထောင့်ရှိ နိုင်ငံပိုင်မြေ ၁၈၃ ဧကတွင် အခန်းပေါင်း ၁၅၀၀၀ ပါဝင်မည့် တန်ဖိုးနည်းအိမ်ရာတစ်ခု တည်ဆောက်သွားမည်

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ် မြနန္ဒာလမ်းနှင့် ရွှေလီလမ်းထောင့်ရှိ နိုင်ငံတော်ပိုင်မြေ ၁၈၃ ဧကပေါ်၌ အခန်းပေါင်း ၁၅၀၀၀ ပါဝင်မည့် တန်ဖိုးနည်းအိမ်ရာတစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း Capital Development ကုမ္ပဏီမှ သိရသည်။

ယင်းတန်ဖိုးနည်းအိမ်ရာ စီမံကိန်းကို Capital Development ကုမ္ပဏီက ဦးဆောင်အကောင်အထည်ဖော် တည်ဆောက်မည်ဖြစ်ကာ စေပိုင်ဆောက်လုပ်ရေးလုပ်ငန်းနှင့် Bagan Business Group ဆောက်လုပ်ရေးလုပ်ငန်းတို့က ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တန်ဖိုးနည်းအိမ်ရာစီမံကိန်းအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရက ၂၀၁၅ ခုနှစ် ဧပြီလတွင် ချိပ်ပိတ်တင်ဒါခေါ်ယူခဲ့ပြီး ရွှေတောင်ကုမ္ပဏီ၊ ထူးဆောက်လုပ်ရေးလုပ်ငန်း ၊ FCGC (IGE Group)၊ ချမ်းသာရွှေမြေကုမ္ပဏီနှင့် Young Entrepreneur Group ကုမ္ပဏီအပါအဝင် ဆောက်လုပ်ရေးကုမ္ပဏီ ၁၂ ခုက စီမံကိန်းတင်ဒါတင်သွင်းခဲ့ကြောင်း သိရသည်။

ယင်းစီမံကိန်းကို တိုင်းဒေသကြီးအစိုးရက ရေရရှိရေးဆောင်ရွက်ပေးနိုင်မည့် ၂၀၁၈ ခုနှစ်ခန့်တွင် စတင်ဆောက်လုပ်မည်ဖြစ်ပြီး တည်ဆောက်ချိန်မှာ ခြောက်နှစ်ခန့်ကြာမြင့်မည်ဖြစ်ကာ အဆောက်အအုံအရည်အသွေးကောင်းမွန်ရေးအပြင် ရေပေးဝေမှုကောင်းမွန်ရန်လိုအပ်ကြောင်း သိရသည်။

ထို့ပြင် အဆောက်အအုံတည်ဆောက်ပြီးပါကလည်း နေထိုင်သူများအတွက် သန့်ရှင်းသောရေရရှိရန် လိုအပ်သဖြင့် ၂၀၁၈ ခုနှစ်မှစတင် ဆောက်လုပ်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း Capital Development ကုမ္ပဏီမှ သိရသည်။

(၄၄၇)

22-4-2016(P_3)SSK.indd 1 4/21/2016 10:38:47 PM

# ဒီဇယ်နှင့် ဓာတ်ဆီများအရည်အသွေးစစ်ဆေးနိုင်ရန် Mobile Fuel Lab ယာဉ်ခြောက်စီးအား အဆင့်မြှင့်တင်မည်

ရန်ကုန် မေ ၂၁

ပြည်တွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ ရောင်းချနေသော ဒီဇယ်နှင့် ဓာတ်ဆီများကို ဓာတ်ခွဲစမ်းသပ်နိုင်ရန် Mobile Fuel Lab ယာဉ်ခြောက်စီးအား အဆင့်မြှင့်တင်ခြင်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

အဆိုပါယာဉ်များသည် စက်သုံးဆီအရောင်းဆိုင်များရှိ ဆီများ၏အရည်အသွေးများကို စစ်ဆေးလျက်ရှိပြီး နောက်ပိုင်းတွင် ဓာတ်ခွဲစမ်းသပ်ခြင်းများကိုပါ လုပ်ဆောင်နိုင်ရန် ယာဉ်ခြောက်စီးအား အဆင့်မြှင့်တင်ရခြင်းဖြစ်ကြောင်း၊ အလားတူ ရေနံထွက်ဓာတုဗေဒပစ္စည်းများကိုပါ စစ်ဆေးပေးနိုင်မည့် ဓာတ်ခွဲခန်းတည်ဆောက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ စက်သုံးဆီဆိုင်များ၌ ရောင်းချနေသောစက်သုံးဆီများတွင် အရည်အသွေး မပြည့်ဝမှုများတွေ့ရှိရသဖြင့် ရှောင်တခင် ဝင်ရောက်စစ်ဆေးလျက်ရှိကြောင်း၊ ထို့အတွက် စက်သုံးဆီများကို စစ်ဆေးနိုင်သည့် စက်ပစ္စည်းများအသုံးပြုကာ စစ်ဆေးခြင်းများကို ယခုနှစ်များအတွင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များ တိုးပွားလာသည်နှင့်အမျှ စက်သုံးဆီများ၏အရည်အသွေးသည်လည်း ကောင်းမွန်မှုရှိရန်လိုအပ်ပြီး ယင်းအတွက် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများကို မဖြစ်မနေပြုလုပ်ရန်လိုအပ်လာကြောင်း သိရသည်။

စက်သုံးဆီဆိုင်များ၌ ဝင်ရောက်စစ်ဆေးနိုင်သောယာဉ်သည် တစ်နိုင်ငံလုံးတွင် ခြောက်စီးသာရှိသောကြောင့် နောက်ပိုင်းတွင် ယာဉ်များထပ်မံဝယ်ယူဖြည့်တင်းကာ ရှောင်တခင်စစ်ဆေးခြင်းလုပ်ငန်းစဉ်များကို အပြည့်အဝပြုလုပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဓာတ်ခွဲခန်းတည်ထောင်ပြီးပါက ပြည်ပမှ တင်သွင်းလာသော စက်သုံးဆီများနှင့် စက်သုံးဆီအရောင်းဆိုင်များမှ ဖြန့်ဖြူးရောင်းချသောဆီများ၏ အရည်အသွေးနှင့်အမျိုးအစားကို စမ်းသပ်စစ်ဆေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းဓာတ်ခွဲခန်းကို ယခုနှစ်အတွင်း အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းလျက်ရှိပြီး မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး**

# လှိုင်းဒဏ်လေဒဏ်မှ အကာအကွယ်ယူခိုလှုံနိုင်မည့်နေရာများကို အသိပေးထုတ်ပြန်

ရန်ကုန် မေ ၂၁

မြန်မာ့ပင်လယ်ပြင်၌ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသော ပြည်တွင်းပြည်ပ ကမ်းနီး၊ ကမ်းဝေးရေယာဉ်များအနေဖြင့် ရာသီဥတုဆိုးရွားချိန်တွင် လှိုင်းဒဏ်လေဒဏ်မှ အကာအကွယ်ယူခိုလှုံနိုင်မည့်နေရာ ၁၅ နေရာကို ပြည်တွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

ထိုသို့ရာသီဥတုဖောက်ပြန်၍ အရေးပေါ်အချိန်တွင် ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ခိုလှုံစရာနေရာများ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အဆိုပါခိုလှုံခွင့်ပြုခြင်းကို အကြောင်းပြကာ ယင်းရေပြင်၌ ငါး၊ ပုစွန် ဖမ်းဆီးခြင်းတွေ့ရှိပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယင်းကဲ့သို့ ရာသီဥတုဆိုးရွားချိန်တွင် လှိုင်းဒဏ်လေဒဏ်မှကာကွယ်ရန် ခိုလှုံခွင့်ပေးထားသောနေရာများသည် အများအားဖြင့် ကမ်းခြေနှင့် နီးကပ်လျက်ရှိသောကြောင့် ခိုလှုံခြင်းကို အကြောင်းပြု၍ ငါးခိုးဖမ်းခြင်းများမဖြစ်ပေါ်စေရန် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများက စောင့်ကြည့်သွားမည်ဖြစ်သည်။



ငါးလုပ်ငန်းဦးစီးဌာနမှ ငါးဖမ်းရေယာဉ်များအား ယာယီခိုလှုံခွင့်ပြုထားသော ရေပိုင်နက်နေရာများမှာ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မင်းဂံချောင်း၊ ပေါက်တောမြို့နယ်ရှိ ဖရုံကာကျွန်း၊ ကျောက်ဖြူမြို့နယ်ရှိ ငလပွေ့ချောင်း၊ သံတွဲမြို့နယ်ရှိ ဆင်ခေါင်းဆိပ်ကမ်း၊ သပြုချိုင်၊ တောင်ကုတ်မြို့နယ်ရှိ သဘော်ဆိပ်၊ ဧရာဝတီတိုင်းဒေသကြီးရှိ ငပုတော၊ ဟိုင်းကြီးကျွန်း၊ ဘိုကလေး၊ တနင်္သာရီတိုင်းဒေသကြီးရှိ လောင်းလုံး၊ မြိတ်ကျွန်းစုနှင့် မွန်ပြည်နယ်ရှိ ရေးမြို့နယ်တို့အပါအဝင် ခိုလှုံစရာနေရာ စုစုပေါင်း ၁၅ နေရာရှိသည်။

မြန်မာ့ပင်လယ်ပြင်၌ ဧပြီလကုန်ပိုင်းနှင့် မေလဆန်းပိုင်း ရာသီဥတုကူးပြောင်းချိန်များတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ခြင်း လှိုင်းကြီးခြင်းများဖြစ်ပေါ်လေ့ရှိကြောင်းနှင့် ပင်လယ်ငါးဖမ်းရေယာဉ်များကို ကမ်းခြေနှင့် ၁၀ မိုင်အကွာမှစ၍ ငါးဖမ်းခွင့်ပြုထားကြောင်း သိရသည်။

**ကိုဆောင်း(ဥက္ကလာ)**

# ထိုင်းနိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခံရသည့် ရေလုပ်သားများအတွက် ယခုလကုန်တွင် သက်ဆိုင်ရာကုမ္ပဏီများက နစ်နာကြေးများပေးအပ်မည်

ရန်ကုန် မေ ၂၁

ထိုင်းနိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခံရသည့် ရေလုပ်သားများအတွက် နစ်နာကြေးများကို ယခုလကုန်တွင် သက်ဆိုင်ရာကုမ္ပဏီများက ပေးအပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲမှူးရဲဝင်းအောင်၏ ပြောကြားချက်အရ သိရသည်။

ထိုသို့အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခံခဲ့ရသည့် ရေလုပ်သား ၅၀၀ ကျော်အနက်မှ ၁၄ ဦးအား ပြီးခဲ့သည့်နှစ် မေလက ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ခေါ်ယူနိုင်ခဲ့ရာ တရားခံများအား အင်ဒိုနီးရှားနိုင်ငံ တရားရုံး၌ တရားစွဲဆိုခဲ့ပြီးနောက် နစ်နာကြေးများပေးရန် ဆောင်ရွက်ခဲ့ရာတွင် အင်ဒိုနီးရှားနိုင်ငံ တူရယ်တရားရုံးသို့ နစ်နာကြေးများရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံကိုတော့ ဒီလကုန်မှာ လာရောက်ပေးမယ်လို့ ပြောထားပါတယ်။ ဘယ်နေ့လဲဆိုတာတော့ တရားဝင်စာမရောက်သေးပါဘူး"ဟု ၎င်းကပြောသည်။

လတ်တလောတွင် ရေလုပ်သား ၁၄ ဦးနှင့် သက်ဆိုင်သည့် အင်ဒိုနီးရှားနိုင်ငံသားတရားခံသုံးဦးနှင့် ထိုင်းနိုင်ငံသား တရားခံငါးဦးအား အင်ဒိုနီးရှားနိုင်ငံတရားရုံးက ပြစ်ဒဏ်စီရင်ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ လူကုန်ကူးခံရသည့် မြန်မာရေလုပ်သားများအနက်မှ ၂၀၁၅ ခုနှစ်တွင် ၁၀၁၀ ဦး၊ ယခုနှစ်တွင် ဇန်နဝါရီလမှ ဧပြီ ၁၇ ရက်အထိ ၉၁ ဦး ပြန်လည်ခေါ်ယူနိုင်ခဲ့ရာ ၎င်းတို့နှင့် ဆက်စပ်နေသည့် သက်ဆိုင်ရာနိုင်ငံမှ တရားခံများအား ဖော်ထုတ်၍ တရားစွဲဆိုနိုင်ရန် အင်ဒိုနီးရှားနိုင်ငံမှ တရားရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် LPSK အဖွဲ့က ပြင်ဆင်နေကြောင်း သိရသည်။

**နေနေ**

# ဖိလစ်ပိုင်နိုင်ငံအခြေစိုက် PHINMA စီးပွားရေးလုပ်ငန်းစုက မြန်မာနိုင်ငံ၌ သူနာပြုသင်တန်းကျောင်းတည်ထောင်မည်

ရန်ကုန် မေ ၂၁

ဖိလစ်ပိုင်နိုင်ငံအခြေစိုက် PHINMA စီးပွားရေးလုပ်ငန်းစုသည် မြန်မာနိုင်ငံ၌ သူနာပြုသင်တန်းကျောင်းဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း အဆိုပါစီးပွားရေးလုပ်ငန်းစုမှ အမှုဆောင်အရာရှိချုပ် Ramon R.del Rosario ၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် မြန်မာနိုင်ငံ၌ သူနာပြုသင်တန်းကျောင်းဖွင့်လှစ်မှုစတင်ခြင်းဖြင့် အရှေ့တောင်အာရှ၌ ဟိုတယ်စီးပွားရေးလုပ်ငန်း၊ ပညာရေးဆိုင်ရာစီးပွားရေးလုပ်ငန်းနှင့် အိမ်ရာစီးပွားရေးလုပ်ငန်းများစတင်ရန် စီစဉ်လျက်ရှိကြောင်း၊ လက်ရှိတွင် မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၌ သူနာပြုသင်တန်းကျောင်းများဖွင့်လှစ်ရန် စီစဉ်နေကြောင်း သိရသည်။

"အရှေ့တောင်အာရှရဲ့ ပညာရေးလောကကိုဦးဆောင်တဲ့ ကုမ္ပဏီဖြစ်အောင် လုပ်ပါမယ်။ မြန်မာနိုင်ငံမှာ သူနာပြုသင်တန်းကျောင်းတွေ လိုအပ်မှုရှိနေပါတယ်။ သူနာပြုသင်တန်းကျောင်းဖွင့်လှစ်မှုဟာ ပညာရေးဆိုင်ရာစီးပွားရေးလုပ်ငန်းလုပ်ကိုင်တာလည်းဖြစ်ပါတယ်။ သူနာပြုသင်တန်းကျောင်းမှာ အရည်အသွေးမြင့်သင်ကြားစနစ်တွေလုပ်ဆောင်ပါမယ်"ဟု ၎င်းကဆက်လက်ပြောသည်။

အဆိုပါဖိလစ်ပိုင်နိုင်ငံအခြေစိုက်စီးပွားရေးလုပ်ငန်းစုသည် မြန်မာနိုင်ငံ၌ ဩဂုတ်လတွင် ပြည်တွင်းအခြေစိုက် ဗစ်တိုးရီးယားဆေးရုံနှင့် ပူးပေါင်း၍သူနာပြုသင်တန်းကျောင်းဖွင့်လှစ်ရန်ရှိကြောင်း သိရသည်။

**ကောင်းထက်ငွေ**

# Asia's Next Top Model Season 4 ၏ ခုနစ်ပတ်မြောက်ပွဲစဉ်တွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်မေမြတ်နိုး အမှတ်အနည်းဆုံးဖြင့် ပြိုင်ပွဲမှထွက်ခွာခဲ့ရ

ရန်ကုန် မေ ၂၁

Asia's Next Top Model Season 4 ၏ ခုနစ်ပတ်မြောက်ပွဲစဉ်ကို ယမန်နေ့ ညပိုင်းက စင်ကာပူနိုင်ငံ၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်မေမြတ်နိုးသည် အမှတ်အနည်းဆုံးရရှိခဲ့သဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

ယခုယှဉ်ပြိုင်ရသော Asia's Next Top Model Season 4 ၏ ခုနစ်ပတ်မြောက်ပွဲစဉ်သည် မော်ဒယ်လ်အမျိုးသားတစ်ဦးနှင့် နှစ်ယောက်တွဲဓာတ်ပုံရိုက်ရသည့် ပွဲစဉ်ဖြစ်ပြီး မေမြတ်နိုးသည် ပြိုင်ပွဲဝင်ကိုးဦးယှဉ်ပြိုင်ခဲ့သည့်အနက် ရမှတ် ၃၀ မှတ်ဖြင့် ရမှတ်အနည်းဆုံးရရှိခဲ့ခြင်းဖြစ်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

"Asia's Next Top Model Season 4 မှာ Top 7 အထိ ပါဝင်ခဲ့ပါတယ်။ မြတ်နိုး ဒီပွဲကို စပြိုင်ကတည်းကအနိုင်ရဖို့မဟုတ်ဘဲ မြန်မာနိုင်ငံအတွက် အဆုံးထိအတတ်နိုင်ဆုံးကြိုးစားမယ်ဆိုတဲ့စိတ်နဲ့ ပါဝင်ခဲ့တာပါ။ မြတ်နိုး မြန်မာနိုင်ငံမှာသာမက နိုင်ငံခြားမှာပါ အနုပညာလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ၎င်းကပြောသည်။

မေမြတ်နိုးသည် Asia's Next Top Model Season 4 ၏ ငါးပတ်မြောက်ပွဲစဉ်တွင် အမှတ်အများဆုံးရရှိထားသဖြင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ကျင်းပမည့် ဖက်ရှင်ပြပွဲသို့ တက်ရောက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

**မင်းသန့်**

# အပူချိန်မြင့်တက်လာခြင်းကြောင့် ပုစွန်သားဖောက်စခန်းများကို ဇွန်လဆန်းပိုင်းအထိ ခေတ္တပိတ်သိမ်းမည်

ရန်ကုန် ဧပြီ ၂၁

ယခုနှစ်နွေရာသီတွင် အပူချိန်သိသိသာသာမြင့်တက်လာခဲ့ရာ မြင့်တက်လာသည့်အပူရှိန်ကြောင့် ပုစွန်သားဖောက်စခန်းများ၌ ပုစွန်သားပေါက်များ အသေအပျောက်များပြားနေသဖြင့် ဇွန်လဆန်းပိုင်းအထိ ခေတ္တပိတ်သိမ်းပြီး လုပ်ငန်းရပ်နားရန်စီစဉ်ထားကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးက ပြောသည်။

ဧပြီလဆန်းပိုင်းမှစ၍ ပြည်တွင်းရှိ ပုစွန်သားဖောက်စခန်းများ၌ သားပေါက်များ၏ ၅၀ ရာခိုင်နှုန်းအထိ အသေအပျောက်ရှိနေခြင်းကြောင့် ပုစွန်သားဖောက်စခန်းများကို ခေတ္တရပ်နားထားရခြင်းဖြစ်သည်။

"အရင်က ပုစွန်သားဖောက်စခန်းတွေမှာ အသေအပျောက်များတာက ရောဂါပိုးကြောင့်ပါ။ ဒါ့အပြင် သားဖောက်တဲ့နည်းစနစ်မမှန်တာတွေရယ်၊ ရေသန့်ရှင်းမှုမရှိတာတွေရယ်ကြောင့်ပါ။ အဲဒီတုန်းကတော့ အကုန်လုံးနီးပါးသေတာပါ။ အခုက တစ်ဝက်လောက်ပဲသေတာ။ အပူချိန်အရမ်းမြင့်နေတော့ သားပေါက်တွေအပူဒဏ်မခံနိုင်တာကြောင့်ပါ" ဟု ၎င်းကဆက်လက်ပြောသည်။

ထိုကဲ့သို့ အပူချိန်မြင့်မားမှုကြောင့် သားပေါက်အသေအပျောက်နှုန်းမြင့်မားနေခြင်းမှာ ခေတ်မီနည်းပညာများကို အသုံးပြုနိုင်ခြင်းမရှိသည့်အပြင် စက်ပစ္စည်းလိုအပ်ချက်များကြောင့်ဖြစ်ကြောင်း၊ မွေးမြူသူများအနေဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံတို့မှ ပုစွန်သားပေါက်များကို ဝယ်ယူမွေးမြူသွားမည်ဖြစ်ကြောင်း သိရသည်။

"အရင်ကလည်း ပြည်တွင်းမှာ ပုစွန်သားပေါက်တွေရှားရင် ပြည်ပကနေဝယ်ပြီး မွေးရတာပဲ။ ဒါပေမဲ့ အခုဝယ်မယ်ဆိုရင်တော့ အရည်အသွေးပိုင်းနဲ့ပတ်သက်တဲ့ စာချုပ်ချုပ်ပြီး ဝယ်ရမယ်။ သားပေါက်ကို ကြည့်ရုံနဲ့ ကြီးလာရင် ဘယ်လိုအရည်အသွေးရှိမယ်ဆိုတာ မသိနိုင်ဘူး" ဟု ရေချိုပုစွန်မွေးမြူရေးလုပ်ငန်းရှင် ဦးမြင့်ကြည်ကပြောသည်။

**ထက်နေ**



## သင်္ကြန်ပိတ်ရက်တွင် လုပ်ငန်းခွင်ဝင်စေခြင်းနှင့်ပတ်သက်၍ အလုပ်သမားအဖွဲ့အစည်းများသို့ တိုင်ကြားလာခြင်းမရှိ

ရန်ကုန် ဧပြီ ၂၁

ယခုနှစ် သင်္ကြန်ကာလနှစ်သစ်ကူးပိတ်ရက်များတွင် အလုပ်သမားများအား အတင်းအကျပ်လုပ်ငန်းခွင်ဝင်စေခြင်းနှင့်ပတ်သက်၍ ဌာနသို့ဆက်သွယ်တိုင်ကြားလာခြင်းမရှိသေးကြောင်း အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

သင်္ကြန်ကာလတွင် အလုပ်သမားများကို ပိတ်ရက် ၁၀ ရက်ပေးရန်နှင့် အလုပ်သမားများ၏ သဘောဆန္ဒမပါဘဲ လုပ်ငန်းခွင်ဝင်စေခြင်းမပြုလုပ်ရန် သတိပေးမှုများပြုလုပ်ခဲ့ပြီး အလုပ်ခွင်သို့ဝင်ခိုင်းပါက ဆက်သွယ်တိုင်ကြားရန် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားထားခဲ့သည်။

စက်ရုံ၊ အလုပ်ရုံများ၌ သင်္ကြန်ရက်ရှည်အလုပ်ပိတ်ရက်နှင့်ပတ်သက်၍ ယခုနှစ်တွင် ပြဿနာတစ်စုံတစ်ရာမကြားရသေးသော်လည်း ကုမ္ပဏီလုပ်ငန်းနှင့် အရောင်းဝန်ထမ်းကဲ့သို့သောလုပ်ငန်းများတွင် ပိတ်ရက်အပြည့်အဝမရသည့်ဖြစ်စဉ်များ ရှိနေခဲ့ကြောင်း မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(MICS- TUSF) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခင်နှစ်များက သင်္ကြန်ပိတ်ရက်တွင် အလုပ်သမားများ၏ဆန္ဒမပါဘဲ လုပ်ငန်းခွင်ဝင်ရောက်စေမှုနှင့်ပတ်သက်၍ တိုင်ကြားမှုများရှိခဲ့သော်လည်း ယခုနှစ်တွင် အလုပ်သမားအဖွဲ့အစည်းများထံသို့ တိုင်ကြားမှုများမရှိကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) မှ သိရသည်။

စက်ရုံ၊ အလုပ်ရုံများသို့ ဒေသအသီးသီးမှ အလုပ်သမားများ လာရောက်လုပ်ကိုင်ကြ၍ သင်္ကြန်ရက်ရှည်ပိတ်ရက်တွင် မိမိဒေသများသို့ ပြန်နိုင်ရန်နှင့် အနားယူမှုကို အပြည့်အဝရရှိစေရန် လုပ်ငန်းရှင်များအား ညွှန်ကြားထားပြီး မြန်မာနှစ်ဆန်းနှစ်ရက်မှစ၍ ပြန်လည်အလုပ်ဆင်းခွင့်ပေးထားကြောင်း သိရသည်။

**(၄၄၇)**



## ဩစတြေးလျနိုင်ငံ Edith Cowan University ၏ ပညာရေးဆိုင်ရာ တစ်ဦးချင်းဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

ဩစတြေးလျနိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်ကြီးဖြစ်သော Edith Cowan University (ECU) သို့တက်ရောက်လိုသူ မြန်မာကျောင်းသား၊ ကျောင်းသူများအတွက် ECU ပညာရေးဆွေးနွေးပွဲကို ဧပြီ ၂၇ ရက် ဗုဒ္ဓဟူးနေ့ညနေ ၄ နာရီမှ ၅ နာရီအထိ AT & S Co.,ltd. ရုံးခွဲ အမှတ် (၆၇) မြေညီထပ်(ယာ) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ECU ၌ Senior Organizational Development Advisor and Letcures တာဝန်ထမ်းဆောင်လျက်ရှိသော Ms. Valentina Lwin Balley ကိုယ်တိုင်လာရောက်၍ ECU ၏ ဘာသာရပ်ဆိုင်ရာများ၊ ကျောင်းဝင်ခွင့်များ၊ ကျောင်းသားများကိုပေးအပ်မည့် ဝန်ဆောင်မှုများ၊ သင်ကြားရေးဆိုင်ရာ အရည်အသွေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို အသေးစိတ်ဆွေးနွေးပေးမည်ဖြစ်သည်။

ECU တွင် အဓိကအားဖြင့် School of Business, School of Natural Science, School of Communications and Arts, School of Computing & Security, School of Engineering, School of Exercise and Health Sciences, School of Law and Justice, School of Medical Sciences, School of Nursing and Midwifery, School of Psychology and Social Science, School of Education စသည့် ပညာရေးဌာနများ၌ မိမိတက်ရောက်လိုသည့်ဘာသာရပ်များကို Single Major များနှင့် Double Major များအဖြစ် ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်ကာ သက်ဆိုင်ရာဘာသာရပ်များအတွက် လက်တွေ့ကွင်းဆင်းလေ့ကျင့်နိုင်ရန် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ထားပြီး စာတွေ့နှင့်လက်တွေ့ကို အချိုးညီစွာသင်ကြားပေးမည်ဖြစ်သည်။

Edith Cowan University သို့ တိုက်ရိုက်တက်ရောက်လိုသူများသည် ဘွဲ့ဒီဂရီတန်းနှင့် ဘွဲ့လွန်မာစတာဒီဂရီတန်းများဟူ၍ ခွဲခြားတက်ရောက်နိုင်မည်ဖြစ်ကာ ဘွဲ့ဒီဂရီတန်းသို့ တိုက်ရိုက်တက်ရောက်မည့်ကျောင်းသား၊ ကျောင်းသူများသည် GCE 'A' Level or Year -12 နှင့် ညီမျှသောပညာရေးမှတ်တမ်းနှင့်အတူ IELTS 6/ TOEFL 550/TOEFL iBT 70 လိုအပ်ပြီး ဘွဲ့လွန်မာစတာဒီဂရီတန်းသို့ တက်ရောက်လိုသူများသည် သက်ဆိုင်ရာအသိအမှတ်ပြု Bachelor/Degree တစ်ခုအပြင် IELTS 6.5 မှ 7/ TOEFL 573/ TOEFL iBT 84 အထိ ရရှိထားရန်လိုအပ်သည်။

Edith Cowan University သို့ တိုက်ရိုက်တက်ရောက်လိုပါက မြန်မာနိုင်ငံမှ အခြေခံပညာအထက်တန်းအောင် သို့မဟုတ် GCE 'O' Level အောင်မြင်ထားသူများအနေဖြင့် ECU Campus တွင် ဖွင့်လှစ်ထားသော Perth Institute of Business and Technology (PIBT) ၏ Certificate IV Tertiary Preparation Program နှင့် Diploma တန်းများမှတစ်ဆင့် ECU ၏ ဒုတိယနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်မည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် AT & S (ရုံးချုပ်) ဖုန်း-၀၁-၅၂၁၁၂၅နှင့် (ရုံးခွဲ) ဖုန်း-၀၉-၅၀၆၂၁၇၁ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မိုးအောင်**

## အဝေးပြေးယာဉ်လိုင်းလက်မှတ်များပေါ်၌ အထူးခရီးသွားအာမခံကြေး တံဆိပ်မပါရှိပါက ယာဉ်အန္တရာယ်ဖြစ်ပွားလျှင် နစ်နာမှုလျော်ကြေးရရှိမည်မဟုတ်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံအတွင်း ပြေးဆွဲလျက်ရှိသော အဝေးပြေးယာဉ်လိုင်းများ၏လက်မှတ်များတွင် အထူးခရီးသွားအာမခံကြေး တံဆိပ်မပါရှိပါက ယာဉ်အန္တရာယ်ဖြစ်ပွားလျှင် ထိခိုက်နစ်နာမှုလျော်ကြေး ရရှိမည်မဟုတ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ သိရသည်။

ထို့ကြောင့် အဝေးပြေးယာဉ်လက်မှတ်များပေါ်၌ အထူးခရီးသွားအာမခံကြေး ပေးသွင်းပြီးကြောင်း တံဆိပ်ပါ၊ မပါ စစ်ဆေးဝယ်ယူသင့်ပြီး ပရီမီယံကြေးထည့်သွင်းထားသော်လည်း လက်မှတ်ပေါ်၌ တံဆိပ်မပါရှိပါက ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ထိခိုက်ခြင်းနှင့် အသက်သေဆုံးခြင်းများရှိပါက လျော်ကြေးငွေမရရှိဘဲ နစ်နာနိုင်ကြောင်း သိရသည်။ အဝေးပြေးယာဉ်လိုင်းများတွင် အထူးခရီးသွားအာမခံကြေးများ ထည့်သွင်းရောင်းချနေသော်လည်း မြန်မာ့အာမခံလုပ်ငန်းတွင် ငွေပေးသွင်းမှုနည်းပါးနေရာ အထူးခရီးသွားအာမခံကြေး တံဆိပ်ပါရှိမှသာ တရားဝင်ဖြစ်သည့်အတွက် ခရီးသွားပြည်သူများအနေဖြင့် အထူးသတိပြုဝယ်ယူသင့်ကြောင်း သိရသည်။

အဝေးပြေးယာဉ်လိုင်းများတွင်လည်း မော်တော်ယာဉ်အလုံးစုံ အာမခံထားရှိမှုမြင့်တက်လျက်ရှိပြီး မြန်မာ့အာမခံလုပ်ငန်း၌သာမက ပုဂ္ဂလိကအာမခံလုပ်ငန်းများ၌ပါ ထားရှိလာကြပြီး အဝေးပြေးယာဉ်များသည် အထူးခရီးသွားအာမခံကြေးအဖြစ် တစ်ယူနစ်လျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့်ရောင်းချကြောင်း သိရသည်။ ယင်းအတွက် မြန်မာ့အာမခံလုပ်ငန်းနှင့် စာချုပ်ချုပ်ဆိုထားသည့် ယာဉ်လိုင်းများ၌ အထူးခရီးသွားအာမခံကြေး တံဆိပ်တုံးများ ပေးထားပြီးဖြစ်ရာ ခရီးသွားပြည်သူများအနေဖြင့် မဝယ်ယူလိုပါက ငြင်းဆိုပိုင်ခွင့်ရှိပြီး အထူးခရီးသွားအာမခံအတွက် တစ်ဦးလျှင် တစ်ယူနစ်ထက် ပိုမိုဝယ်ယူနိုင်ကြောင်း သိရသည်။

**စိုးမိုး**

22.4.2016(p-5)SPM.indd 1
4/21/2016 7:43:41 PM

# အင်းလေးဒေသ၌ စက်ဘီးစီးခရီးစဉ်များရေးဆွဲရန် စီစဉ်လျက်ရှိ



ရန်ကုန် ဧပြီ ၂၁

UNESCO ၏ လူသားနှင့်ဇီဝအဝန်းနယ်မြေအဖြစ်သတ်မှတ်ခံထားရပြီး နိုင်ငံခြားခရီးသွားဧည့်သည် အများအပြားလာရောက်ကြသည့် အင်းလေးဒေသ၌ ခရီးစဉ်အသစ်များတိုးချဲ့မှုအဖြစ် စက်ဘီးစီးခရီးစဉ်များရေးဆွဲရန် စီစဉ်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

စက်ဘီးစီးခရီးစဉ်သည် မြန်မာနိုင်ငံ၌ ကျယ်ပြန့်မှုမရှိသေးသော်လည်း ကမ္ဘာပေါ်၌ ကျယ်ပြန့်သည့် ခရီးသွားလုပ်ငန်းဖြစ်ပြီး ဥရောပသားများနှင့် အားကစားကိုစိတ်ဝင်စားသော နိုင်ငံခြားခရီးသွားဧည့်သည်များကလည်း ပိုမိုစိတ်ဝင်စားကြောင်း၊ လက်ရှိတွင် စက်ဘီးစီးခရီးစဉ်မှာ အင်းလေးကန်ပတ်လည်နှင့် တောင်ကြီးမြို့ အေးသာယာမှ အင်းလေးကန်အထိရှိကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

"အခုစီစဉ်နေတဲ့ စက်ဘီးစီးခရီးစဉ်က လမ်းမှာ ရှုခင်းလည်းကြည့်လို့ရတယ်။ သွားချင်တဲ့နေရာကိုလည်း သွားလို့ရတယ်။ မြေတစ်ဆက်တစ်စပ်တည်းရှိတဲ့ ဘယ်နေရာမဆို စက်ဘီးစီးခရီးစဉ်ကဆွဲလို့ရတယ်။ ဒီလိုမျိုး ခရီးစဉ်ကိုကြိုက်တဲ့သူတွေက အစားအသောက်မရွေးဘူး။ အားကစားသဘောမျိုးလုပ်ကြတော့ စီစဉ်ရတာလွယ်ကူပါတယ်" ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ပြီး အင်းလေးစက်ဘီးစီးခရီးစဉ်အပြင် ရှမ်းပြည်နယ် ပအိုဝ်းဒေသနှင့် ကရင်ပြည်နယ် သံတောင်ကြီးဒေသတို့၌ လမ်းကြောင်းခရီးစဉ်များစီစဉ်ရေး၊ သံတောင်ကြီး-လွိုင်ကော်-အင်းလေးခရီးစဉ်မှတစ်ဆင့် ပင်းတယ၊ ပြဒါးလင်းဂူသို့ သွားရောက်သောလမ်းကြောင်း၌ ပိုမိုအဆင်ပြေအောင် ဆောင်ရွက်ရေးတို့ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းကဏ္ဍသည် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကလုပ်ငန်းဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံခြားခရီးသွားဧည့်သည် ၄ ဒသမ ၇ သန်းဝင်ရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံသုံးစွဲခဲ့သည်။ ပြည်တွင်း၌ ခရီးသွားလုပ်ငန်းများ ယခုထက်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများ ဖွင့်လှစ်ရန်လိုအပ်နေကြောင်း သိရသည်။ **(၄၇)**

# ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက ကျန်းမာရေးဝန်ဆောင်မှုချို့တဲ့သော ဒေသများ၌ ရွေ့လျားဆေးပေးခန်းများဖြင့် ဆေးကုသပေးမည်

ရန်ကုန် ဧပြီ ၂၁

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုချို့တဲ့သောဒေသများ၌ ရွေ့လျားဆေးပေးခန်းများဖြင့် ဆေးကုသပေးမည်ဖြစ်ကြောင်း သိရသည်။

"တချို့ရွာတွေဘက်မှာဆိုရင် ကျေးရွာအုပ်စုထဲမှာ အမည်မပါသေးတဲ့ရွာတွေရှိနေသေးတယ်။ ဒီလိုမျိုးကျေးရွာတွေမှာ နေထိုင်တဲ့လူတွေက နှစ်နဲ့ချီပြီးရှိနေပြီ။ အဲဒီရွာမျိုးက ကလေးတွေဆို ရောဂါကာကွယ်ဆေးထိုးဖို့ ကျွေးဖို့စာရင်းထဲမှာလည်းမပါဘူး။ ပြီးတော့ ကျန်းမာရေးစောင့်ရှောက်ခံရမှုချို့တဲ့နေကြတယ်။ ဒီလိုဒေသတွေကိုသွားပြီးကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးသွားမှာပါ" ဟု ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ ရွေ့လျားဆေးကုသပေးခြင်းကို လွန်ခဲ့သောနှစ်လခန့်မှစတင်၍ ရမည်းသင်းနှင့် ကျောက်ဆည်တစ်ဝိုက်ရှိ ကျန်းမာရေးဆေးပေးခန်းနှင့် အလှမ်းဝေးသည့်ရွာများ၌ ဦးစားပေးကွင်းဆင်းဆောင်ရွက်ခဲ့ကာ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ဒီလိုမျိုးနေရာတွေ အများကြီး ရှိနေသေးတယ်။ ဒေသတစ်ခုကိုသွားရင် လူဘယ်လောက်အတွက် ဆေးတွေ ဘယ်လောက်လိုမလဲ၊ ကျန်းမာရေးသုံးစွဲစရိတ် ဘယ်လောက်ကုန်မလဲ၊ ပြီးတော့ အချိန်ဘယ်လောက်ယူရမလဲဆိုတာတွေကို သေချာစိစစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးလုပ်ဆောင်သွားဖို့ အစီအစဉ်တွေလည်းရှိပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

ကျန်းမာရေးစောင့်ရှောက်မှုများကို မိုးတွင်းကာလတွင် ခေတ္တရပ်နား၍ မိုးရာသီအကုန်တွင် ထပ်မံလုပ်ဆောင်သွားမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၌ ကွင်းဆင်းဆောင်ရွက်နိုင်ရန် အလှူရှင်လိုအပ်နေကြောင်း သိရသည်။

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးလက်ဒေသ၌ လိုအပ်နေသော သားဖွားခန်းများကို တည်ဆောက်ပေးလျက်ရှိပြီး လိုအပ်နေသည့် အရန်သားဖွားဆရာမများကိုလည်း ကူညီပေးနေသော အဖွဲ့တစ်ခုဖြစ်ကြောင်း သိရသည်။

**သဲသဲ**

# စားသောက်ဆိုင်များအတွက် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးသွားမည်

ရန်ကုန် ဧပြီ ၂၁

စားသုံးသူများအတွက် သန့်ရှင်းသပ်ရပ်မှုအပိုင်း အာမခံချက်အပြည့်အဝပေးနိုင်သည့်စားသောက်ဆိုင်များအား မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းက ယခင်ထက် အဆင့်တစ်ဆင့်တိုးမြှင့်ကာ အသိအမှတ်ပြုလက်မှတ်များကို မကြာမီ ထုတ်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါအသင်း၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုရေးရာဆပ်ကော်မတီအတွင်းရေးမှူး ဦးရဲဝင်းထွန်းက ပြောသည်။

ယင်းအသိအမှတ်ပြုလက်မှတ်ရရှိလိုသောဆိုင်များအနေဖြင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတွင် အသင်းဝင်ထားရန်လိုပြီး အဆိုပါဆိုင်များအနေဖြင့် သား၊ ငါးများကို တရားဝင်လိုင်စင်ရရှိသူများထံမှ ဝယ်ယူခြင်း၊ ဆိုင်အတွင်းသန့်ရှင်းမှုအပိုင်းနှင့် အမှိုက်စွန့်ပစ်မှု၊ ဝန်ထမ်းများ စနစ်တကျဝန်ဆောင်မှုပေးခြင်းစသည့် အချက်များအပြင် နိုင်ငံတကာ၌ ဆောင်ရွက်နေသည့်စနစ်များနည်းတူ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိတွင်ရန်ကုန်မြို့၌ နိုင်ငံခြားစားသောက်ဆိုင်အသစ်များ ဖွင့်လှစ်လာကြသဖြင့် အရေအတွက်လျော့နည်းလာသည့် တိုင်းရင်းသားရိုးရာ အစားအသောက်ဆိုင်များကို နိုင်ငံတကာအဆင့်မီအစားအသောက်များဖြစ်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်ရေး၊ သန့်ရှင်းရေး၊ ဝန်ဆောင်မှု တိုးတက်လာရေး၊ မြန်မာတိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များအသင်းဖွဲ့စည်းနိုင်ရန် စားသောက်ဆိုင်လုပ်ငန်းရှင်တချို့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချမ်းချမ်းကို**

# ကော့သောင်းမြို့၌ Speed Boat များကို ခုနစ်ရက်ခရီးအထိ ငှားရမ်းအသုံးပြုနိုင်သည့် ဝန်ဆောင်မှု မေလအတွင်းစတင်မည်

ကော့သောင်း ဧပြီ ၂၁

မြိတ်ကျွန်းစုအတွင်းရှိ ကျွန်းများကို လေ့လာရန် ကော့သောင်းမြို့၌ Speed Boat များကို ခုနစ်ရက်ခရီးအထိ ငှားရမ်းအသုံးပြုနိုင်သည့်ဝန်ဆောင်မှုကို မေလအတွင်း စတင်မည်ဖြစ်ကြောင်း ယင်းလုပ်ငန်းလုပ်ကိုင်နေသည့် ဦးကျော်ဇေကပြောသည်။

Speed Boat ငှားရမ်းရာတွင် တစ်ရက်ခရီးမှ ခုနစ်ရက်ခရီးအထိရှိပြီး ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၂၀၀ အထိ ဖြစ်ကာ ခရီးစဉ်ပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲမှုရှိသည်။ ခရီးစဉ်မှာ ကော့သောင်းမြို့မှစပြီး မျောက်နီကျွန်း၊ (၁၁၅)ကျွန်း၊ လန်ပိကျွန်း၊ ပီလကျွန်း၊ ညောင်ဝဲကျွန်း၊ ဗိုလ်ချိုကျွန်း၊ စလက်ဂလက်ကျွန်း၊ ကူဘိုကျွန်း၊ မက်ကယ့်ဂလက်ကျွန်း၊ ကာဗင်ကျွန်း၊ ကြက်သောင်းရွာ၊ ပုလဲကျွန်း၊ ဒုံးကျွန်းတို့သို့ ထွက်ခွာကာ မြိတ်မြို့၌ ခရီးစဉ်ပြီးဆုံးမည်ဖြစ်သည်။

"Speed Boat စီးတဲ့သူအများစုက ပြည်ပခရီးသွားတွေပါ။ တစ်နှစ်ပတ်လုံးပြေးဆွဲပေးမယ်။ ရေကြီးတဲ့ အချိန်ဆိုရင်တော့ ခဏနားတာမျိုးရှိမယ်" ဟု ၎င်းကပြောသည်။

အဆိုပါ Speed Boat များမှာ အမြန်ယာဉ်များဖြစ်ပြီး ခေတ်မီစက်များတပ်ဆင်ထားကာ ခရီးသည်များအတွက် သက်သောင့်သက်သာဖြစ်စေသည့်အပြင် GPS လမ်းညွှန်ပါဝင်သည်။ ထို့ပြင် ဂြိုဟ်တုဖုန်း၊ TV၊ ရေခဲသေတ္တာ၊ လေအေးပေးစက်တပ်ဆင်ထားကာ တစ်ယောက်ခန်း၊ နှစ်ယောက်ခန်း၊ ရေချိုးခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်းများပါရှိသည်။ ယင်းခရီးစဉ်တွင် ရေငုပ်ခြင်းနှင့် ကျွန်းပေါ်လေ့လာခြင်းများ ပြုလုပ်နိုင်ကာ ခရီးသည် ၁၈ ဦးအထိ လိုက်ပါနိုင်ပြီး ဝန်ဆောင်မှုအဖွဲ့ဝင် ငါးဦးပါဝင်ကြောင်း သိရသည်။

**ဇာဏီ**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ပူတာအို | (၁. ၃၈)လက်မ |
| မချမ်းဘော | (၀. ၅၉)လက်မ |
| ခန္တီး | (၀. ၂၀)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မြင်းခြံ | ၄၅˚C |
| ချောက် | ၄၅˚C |
| ညောင်ဦး | ၄၄˚C |
| မင်းဘူး | ၄၄˚C |
| မကွေး | ၄၄˚C |
| တောင်တွင်းကြီး | ၄၄˚C |
| ဂန့်ဂေါ | ၄၄˚C |
| ဘောလခဲ | ၄၄˚C |
| စစ်ကိုင်း | ၄၃˚C |
| မန္တလေး | ၄၃˚C |
| မိတ္ထီလာ | ၄၃˚C |
| ရမည်းသင်း | ၄၃˚C |
| အောင်လံ | ၄၃˚C |
| ပေါက် | ၄၃˚C |
| ဆင်ဖြူကျွန်း | ၄၃˚C |
| တောင်ငူ | ၄၃˚C |
| သာယာဝတီ | ၄၃˚C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၈ | ၂၆ |
| ရှမ်း(မြောက်) | ၁၇ | ၃၆ |
| ရှမ်း(အရှေ့) | ၁၆ | ၃၇ |
| ရှမ်း(တောင်) | ၁၇ | ၃၄ |
| ချင်း | ၁၈ | ၃၁ |
| စစ်ကိုင်း(အထက်) | ၂၀ | ၃၃ |
| စစ်ကိုင်း(အောက်) | ၂၄ | ၄၁ |
| နေပြည်တော် | ၂၆ | ၄၁ |
| မန္တလေး | ၂၄ | ၄၁ |
| မကွေး | ၂၁ | ၄၃ |
| ရခိုင် | ၂၃ | ၃၆ |
| ပဲခူး | ၂၄ | ၄၂ |
| ရန်ကုန် | ၂၃ | ၄၀ |
| ဧရာဝတီ | ၂၄ | ၄၀ |
| ကယား | ၂၄ | ၃၉ |
| ကရင် | ၂၄ | ၃၉ |
| မွန် | ၂၅ | ၃၈ |
| တနင်္သာရီ | ၂၄ | ၃၈ |

22.4.2016(p-6)SPM.indd 1

4/21/2016 10:28:45 PM

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဧပြီ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် မြစိမ်းရောင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝင် ကျေးရွာများဖြစ်သော ရွာသစ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာသို့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၏ စာရင်းဇယားဆောင်ရွက်ထားရှိမှုတို့ကို ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်လှဖုန်းခိုင်၊ ကျေးရွာတာဝန်ခံ အကြီးတန်းစာရေး ဒေါ်ချိုချိုနွဲ့၊ အငယ်တန်းစာရေး ဒေါ်နီလာစမ်းနှင့် ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် အိမ်ထောင်စု ၂၅၁ စု ရှိသည့်အနက်မှ စိုက်ပျိုးရေးလုပ်ကိုင်သူ ၅၁ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၃၄ ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၈၀ ဦး ရှိပြီး စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးစဉ် ကျေးရွာတာဝန်ခံအကြီးတန်းစာရေး ဒေါ်ချိုချိုနွဲ့က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရေးအတွက် တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြင့်မားတိုးတက်လာစေရန်၊ စွမ်းအားကောင်းသော လူ့အဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန်၊ ချေးငွေချေးယူသူများအနေဖြင့် ရရှိလာသော အခွင့်အလမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်နှင့် ရန်ပုံငွေလည်ပတ်နိုင်မှု အခြေအနေ၊ ကော်မတီအစည်းအဝေး ကျင်းပနိုင်မှုအခြေအနေတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(၄၁၃)**

## ရေစကြိုမြို့နယ်မီးသတ်တပ်ဖွဲ့က သောက်သုံးရေလိုအပ်နေသော ကျေးရွာများသို့ ရေများသွားရောက်လှူဒါန်းလျက်ရှိ

**ရေစကြို ဧပြီ ၂၁**

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်အတူ ပိုမိုပူပြင်းမှုကြောင့် ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာအများအပြားတွင် သောက်သုံးရေများ လိုအပ်ချက်မြင့်မားလျက်ရှိကြောင်း သိရသည်။

သောက်သုံးရေလိုအပ်၍ ဆက်သွယ်လာသောကျေးရွာများသို့ မြို့နယ်မီးသတ်ဦးစီးဌာနက ရေများသွားရောက်လှူဒါန်းလျက်ရှိရာ ယမန်နေ့က ရေစကြိုမြို့နယ် ဗျည်းဘကျေးရွာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ဦးညီညီအောင်နှင့် မီးသတ်ဝန်ထမ်းများက ရေဂါလန် ၁၈၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ သောက်သုံးရေလိုအပ်လျက်ရှိသော ကျေးရွာများအတွက် အချိန်နှင့်တစ်ပြေးညီ ရေများသွားရောက်လှူဒါန်းနိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကလည်း ကော်မတီတစ်ရပ်ဖွဲ့စည်းထားရှိပြီး အချိန်မီကူညီဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်းသိရသည်။



**ဖေထွဏ်းဇော်(ရေစကြို)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၂-၄-၂၀၁၆(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၇း၀၀ | Thazin Morning Review & Sports |
| ၂။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၃။ | ၁၀း၀၀ | Birthday Wish |
| ၄။ | ၁၂း၁၅ | Listener Choice |
| ၅။ | ၁၄း၀၀ | ချစ်ခြင်းရဲ့နှစ်ပတ်လည် |
| ၆။ | ၁၄း၃၀ | ဟာသကမ္ဘာ |
| ၇။ | ၁၅း၀၀ | နှလုံးသားထက်က စာမျက်နှာများ |
| ၈။ | ၁၇း၂၀ | ဂုဏ်ယူအလွမ်း |

## သာစည်မြို့၌ ကွမ်းစားသုံးမှုပပျောက်ရေးအတွက် စီစဉ်ဆောင်ရွက်နေ

**သာစည် ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်၌ မြို့သန့်ရှင်းသာယာလှပရေးနှင့် အများပြည်သူ ကျန်းမာရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုတို့မှ တာဝန်ရှိသူများပူးပေါင်း၍ မြို့နယ်အတွင်း ကွမ်းစားသုံးမှုကျဆင်းပပျောက်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကွမ်းစားခြင်းက ကျန်းမာရေးကို ထိခိုက်စေပါတယ်။ ကွမ်းစားခြင်းကြောင့် ပါးစပ်ကင်ဆာ၊ ပါးစောင်ကင်ဆာ၊ သွားဖုံးကင်ဆာ၊ လည်ချောင်းကင်ဆာ၊ လျှာကင်ဆာများ ဖြစ်ပွားနိုင်ပါတယ်။ ကွမ်းစားခြင်းက ကောင်းကျိုးထက် ဆိုးကျိုးကို ပိုဖြစ်ပေါ်စေပါတယ်။ အခု ကျွန်တော်တို့မြို့မှာ ကွမ်းစားသုံးမှုကျဆင်းပပျောက်အောင် ဆောင်ရွက်သွားမယ့်စီမံချက်ကို ကြိုဆိုပါတယ်ဗျာ" ဟု သာစည်မြို့ အမှတ်(၄) ကျောင်းကြီးရပ်ကွက် စိုပြည်ဆေးခန်းမှ ဒေါက်တာစိုးဦးက ပြောသည်။

အဆိုပါကွမ်းစားသုံးမှု ပပျောက်ရေးအတွက် ဒေသတွင်းကွမ်းသီး၊ ကွမ်းရွက်စိုက်ပျိုးထုတ်လုပ်မှုထိန်းချုပ်ရန်၊ ကွမ်းယာများတွင် ထည့်သွင်းစားသုံးသည့် ပြည်ပမှတင်သွင်းသော ဆက်စပ်ပစ္စည်းများကို ထိန်းချုပ်ရန်၊ ကွမ်းစားသုံးမှုကျဆင်းရေးအတွက် ကွမ်းယာစားသုံးခြင်းမှရရှိနိုင်သည့် ရောဂါများကို စားသုံးသူများသိရှိနိုင်ရေး ကျယ်ပြန့်စွာ အသိပညာပေးဆွေးနွေးရန်၊ ဒေသတွင်း ကွမ်းယာရောင်းချသည့်ဆိုင်များ လျော့နည်းပပျောက်ရေးအတွက် လက်ရှိရောင်းချနေသော ကွမ်းယာဆိုင်များထက် နောက်ထပ် တိုးပွားမလာစေရေးအတွက် ထိန်းချုပ်ရန်၊ ကွမ်းယာရောင်းချသည့်ဆိုင်များတွင် ကွမ်းသွေးထွေးရန်ဇလားများနှင့် အမှိုက်ခြင်းများ ထားရှိရန်၊ အစိုးရရုံးများ၊ ကျောင်းများ၊ ဆေးရုံများနှင့် မြို့ကြီးများ သန့်ရှင်းမှုကိုထိခိုက်စေသော စည်းကမ်းမဲ့ ကွမ်းသွေးထွေးခြင်းကို သက်ဆိုင်ရာဌာနများက စည်းကမ်းသတ်မှတ်၍ ကြီးကြပ်ဆောင်ရွက်သွားရန်တို့ လိုအပ်ကြောင်း သိရသည်။

ယခုအခါ သာစည်မြို့နယ် စီမံခန့်ခွဲမှုကော်မတီသည် မြို့နယ်အတွင်း ကွမ်းစားသုံးမှု ပပျောက်ရေးအတွက် ကွမ်းယာရောင်းဆိုင်များ၏စာရင်းကို အတိအကျကောက်ယူနေပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ ကွမ်းစားသုံးမှုပပျောက်ရေးအတွက် အကြံဉာဏ်များရယူနေကြောင်း သတင်းရရှိသည်။

**မောင်ကို(သာစည်)**

## မုံရွာမှ ကလေးသို့ သယ်ဆောင်လာသည့် မွေးမြူရေးကြက်ကားကို အရပ်ဘက်အဖွဲ့ အစည်းတစ်ခုက ဟန့်တားစစ်ဆေး

**ကလေး ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ ကလေးမြို့သို့ သယ်ဆောင်လာသော မွေးမြူရေးကြက်ကားကို ယမန်နေ့ညက အထက်ချင်းတွင်းဒေသလူငယ်များ ကွန်ရက်က ဟန့်တားစစ်ဆေးပြီး သယ်ဆောင်လာသည့်ကြက်များကို မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

သယ်ဆောင်လာသည့်ကြက်များတွင် ကြက်တွဲတစ်တွဲလျှင် ၂၅ ကောင်ခန့်ပါပြီး ကြက်တွဲ ရှစ်တွဲခန့်ကို မုံရွာ-ယာကြီး ကားလမ်း မိုင်တိုင်အမှတ်(၆၆) အနီး၌ နံနက် ၅ နာရီတွင် မြေမြှုပ်ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

"မုံရွာမြို့က ကြက်တွေကို ကလေးဒေသနဲ့ အိန္ဒိယဘက်ကို လမ်းအသွယ်သွယ်ကနေပို့နေကြတယ်။ ဒါတွေကို တာဝန်ရှိသူတွေက စစ်ဆေးတားမြစ်ပေးနိုင်ကြဖို့လိုတယ်။ ကူးစက်မှုဖြစ်သွားပြီးမှဆိုရင် ဘာမှမတတ်နိုင်ဘူး" ဟု အထက်ချင်းတွင်းဒေသ လူငယ်များကွန်ရက် တာဝန်ခံ ဦးကျော်သက်ဝင်းက ပြောသည်။

မုံရွာခရိုင် မုံရွာမြို့ ကြက်၊ ငုံး မွေးမြူရေးအထူးဇုန်ရှိ ကြက်ခြံများတွင် ဧပြီ ၃ ရက်မှစတင်ကာ ကြက်များသေဆုံးသဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ဓာတ်ခွဲစစ်ဆေးခဲ့ရာ H5 နှင့် H9 ပိုင်းရပ်စ်ပိုးများကို တွေ့ရှိခဲ့ကြောင်း သိရသည်။

**အမ်အမ်ကေ**

## မဟာသင်္ကြန်ကာလအတွင်း စည်းကမ်းပျက်မော်တော်ဆိုင်ကယ်များကို မော်တော်ယာဉ်ဥပဒေများဖြင့် အရေးယူမည်



**မုံရွာ ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း စည်းကမ်းပျက်မော်တော်ဆိုင်ကယ် ၁၂၈ စီးကို မော်တော်ယာဉ်ဥပဒေများဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း မုံရွာမြို့ အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ သိရသည်။

အဆိုပါ စည်းကမ်းပျက်မော်တော်ဆိုင်ကယ်များကို ၂၀၁၅ မော်တော်ယာဉ်ဥပဒေများဖြစ်သော ပုဒ်မ ၄၅(က) ယာဉ်လိုင်စင်မပါဘဲ မောင်းနှင်ခြင်း၊ ပုဒ်မ ၄၇(က) ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်ခြင်းနှင့် ပုဒ်မ ၅၄(ဇ) အိတ်ဇောစက်သံဆူညံစွာမောင်းနှင်ခြင်း စသည့်ပုဒ်မများဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ကာလအတွင်းမှာ သိမ်းဆည်းထားတဲ့မော်တော်ဆိုင်ကယ်တွေကို မြို့မရဲစခန်းမှာ အမှုဖွင့်ထားပါတယ်။ တရားရုံးမှာဆိုင်ကယ်ပိုင်ရှင်တွေအနေနဲ့ အမှုရင်ဆိုင်ရပါမယ်။ မြို့နယ်တရားရုံးက ချမှတ်ထားတဲ့ဥပဒေအတိုင်း ခံယူရမှာပါ။ အမှုပြီးပြတ်သွားရင်တော့ သူတို့ဆိုင်ကယ်တွေကို ပိုင်ရှင်တွေထံ ပြန်လည်ပေးအပ်သွားမှာပါ" ဟု မုံရွာမြို့ အမှတ်(၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း မုံရွာမြို့နယ်အတွင်း၌ ယာဉ်မတော်တဆမှု ငါးကြိမ်ဖြစ်ပွားခဲ့ပြီး မော်တော်ယာဉ်မတော်တဆမှုဖြင့် တစ်ဦး၊ မော်တော်ဆိုင်ကယ်မတော်တဆမှုဖြင့် တစ်ဦး စုစုပေါင်း နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**(၆၁၁)**

# မုံရွာမြို့၌ ကြက်ငှက်တုပ်ကွေးရောဂါပိုင်းရပ်စ်ပိုးတွေ့ရှိမှုနှင့်ပတ်သက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့်တွေ့ဆုံမေးမြန်းခြင်း

**စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့ ကြက်/ငုံးမွေးမြူရေးအထူးဇုန်တွင် ပုံမှန်မဟုတ်သောကြက်သေဆုံးမှုနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သွားရောက်ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ H5 နှင့် H9 ဗိုင်းရပ်စ်ပိုးများတွေ့ရှိခဲ့ပြီး ဗိုင်းရပ်စ်ရောဂါပိုး မျိုးခွဲ N နှင့်ပတ်သက်ပြီး ဆက်လက်အတည်ပြုနိုင်ရန်စစ်ဆေးမှုများပြုလုပ်လျက်ရှိရာ အဆိုပါကိစ္စနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းအား သွားရောက်တွေ့ဆုံမေးမြန်းမှုများကို တင်ပြလိုက်ပါသည်-**



"ကြက်နဲ့ကြက်ထွက်ပစ္စည်းတွေ စားသုံးမှုနဲ့ပတ်သက်ပြီး သတင်းပေးချင်တာကတော့ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားတဲ့ဒေသကကြက်ဥ၊ ကြက်သားတွေကိုစားတဲ့အခါမှာ ကျက်အောင်ချက်စားပါ။ အစိမ်းမစားပါနဲ့လို့ ပြောချင်ပါတယ်..."

ဒေါက်တာရဲထွန်းဝင်း

**မေး။ ။မုံရွာမြို့ ကြက်/ငုံးမွေးမြူရေးအထူးဇုန်မှာ ပုံမှန်မဟုတ်တဲ့ကြက်သေဆုံးမှုဖြစ်ပွားနေတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဘယ်ရက်ကစတင်ဖြစ်ပွားခဲ့ပြီး ဆရာတို့မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အရေးယူဆောင်ရွက်မှုတို့ကို ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ။မုံရွာမြို့ ကြက်/ငုံးမွေးမြူရေးအထူးဇုန်၊ Block (B)၊ အကွက်အမှတ် (၃၁/၃၂) တွင် ဦးဖုန်းမြင့်ကျော် မွေးမြူထားတဲ့အသက် ၁၀ လအရွယ်ရှိ ဥစားကြက် ၅၅၀ ကောင်မှာ ပုံမှန်မဟုတ်တဲ့ကြက်သေဆုံးမှုတွေဖြစ်တယ်လို့သိရပါတယ်။ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်ကစတင်ဖြစ်ခဲ့ရာ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်ကနေ ဧပြီ ၃ ရက်အထိ စုစုပေါင်းကြက် ၁၂၃ ကောင်သေဆုံးခဲ့ကြောင်းကို ၂၀၁၆ ခုနှစ် ဧပြီ ၃ ရက်မှာ ပိုင်ရှင်ကိုယ်တိုင်သတင်းပေးပို့မှုအရ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့တယ်။ လတ်တလောသေဆုံးတဲ့ ကြက်သေသုံးကောင်ကို Avian Influenza Rapid Test Kit နဲ့ စစ်ဆေးခဲ့ရာ Type A Positive ဖြစ်ကြောင်းတွေ့ရှိခဲ့ရပါတယ်။ ခြံပိုင်ရှင်နှင့်ကြက်မွေးမြူရေးဇုန်ကော်မတီတို့ရဲ့ သဘောတူညီချက်နဲ့အသေကောင်နှင့်ကျန်ရှိတဲ့ ၄၂၇ ကောင်ကို ၂၀၁၆ ခုနှစ် ဧပြီ ၃ ရက်နဲ့ ၄ ရက်မှာ သုတ်သင်ရှင်းလင်းမြေမြှုပ်ခြင်း ဆောင်ရွက်ခဲ့ပါတယ်။ သေဆုံးကြက်ခြံအနီးရှိကြက်ခြံတွေကို ပိုးသတ်ဆေးဖျန်းခြင်း၊ ဇီဝလုံခြုံမှုတိုးမြှင့်ဆောင်ရွက်စေခြင်းနှင့် ပညာပေးခြင်း၊ ဇုန်ဂိတ်အဝင်အထွက်ကြပ်မတ်စစ်ဆေး ဆောင်ရွက်ခြင်းတို့ကို ဇုန်ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

သုတေသနနှင့်ရောဂါထိန်းချုပ်ရေးဌာနခွဲက ဒုတိယညွှန်ကြားရေးမှူးဦးဆောင်တဲ့ ရောဂါစူးစမ်းထောက်လှမ်းရေးအဖွဲ့ဟာ ကြက်ခြံက ရောဂါနမူနာပစ္စည်းတွေရယူပြီး Avian Influenza Rapid Test Kit နဲ့ စစ်ဆေးခြင်းတွေဆောင်ရွက်ခဲ့ကာ Type A Positive အဖြေရတဲ့ခြံက နမူနာပစ္စည်းတွေကို ရောဂါပိုးအတည်ပြုနိုင်ရန် ရန်ကုန်နှင့်မန္တလေးရှိ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများသို့ ဆက်လက်ပေးပို့ခဲ့ပါတယ်။ ဓာတ်ခွဲခန်းစစ်ဆေးမှုတွေအရ H5 နှင့် H9 ဗိုင်းရပ်စ်ပိုးမျိုးခွဲများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရောဂါကူးစက်မှုမပြန့်ပွားစေရန် ဇီဝလုံခြုံမှုပိုမိုမြှင့်တင်ဆောင်ရွက်ခြင်း၊ ပညာပေးဟောပြောပွဲတွေပြုလုပ်ခြင်း၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သို့ ကနဦးသတင်းပေးပို့ခြင်းများ ဆောင်ရွက်ထားပါတယ်။ ဗိုင်းရပ်စ်ရောဂါပိုးမျိုးခွဲ N နှင့်ပတ်သက်ပြီး ဆက်လက်အတည်ပြုနိုင်ရန် ဒေသဆိုင်ရာရည်ညွှန်းကိုးကား ဓာတ်ခွဲခန်းဖြစ်သည့် ဩစတြေးလျနိုင်ငံ Geelong ရှိ တိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်း (Australia Animal Health Laboratory-AAHL) သို့ နမူနာပစ္စည်း ပေးပို့စစ်ဆေးလျက်ရှိပါတယ်။ အဆိုပါဓာတ်ခွဲခန်းမှ ရောဂါပိုးမျိုးခွဲအတည်ပြုစစ်ဆေးချက်ရရှိပါက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုသတင်းအား ဆက်လက်ထုတ်ပြန်သွားမှာဖြစ်ပါတယ်။

**မေး။ ။ကြက်ငှက်တုပ်ကွေးရောဂါရဲ့ ပြည်သူ့ကျန်းမာရေးအတွက် အရေးပါမှုကို သိရှိလိုပါတယ်။**

**ဖြေ။** ။ကြက်ငှက်တုပ်ကွေးရောဂါဟာ ကူးစက်မှုပြင်းထန်ပြီး တိရစ္ဆာန်ကနေ လူကို ကူးစက်နိုင်တဲ့ရောဂါဖြစ်တဲ့အတွက် ရောဂါဖြစ်ပွားရင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်ကို သတင်းပို့ရမယ့်ရောဂါလည်းဖြစ်တယ်။

**မေး။ ။ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ဆရာတို့ဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်များကို သိလိုပါတယ်။**

**ဖြေ။** ။ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး ရောဂါထိန်းချုပ်ခြင်းဆိုင်ရာ အခြေခံမူများဖြစ်တဲ့ ရောဂါဖြစ်ပွားရာနေရာကို သီးသန့်ခွဲခြားကန့်သတ်ခြင်း၊ သုတ်သင်ရှင်းလင်းခြင်း၊ အသေကောင်များ၊ တိရစ္ဆာန်အစာများ၊ မစင်အညစ်အကြေးများစနစ်တကျစွန့်ပစ်ခြင်း၊ သန့်ရှင်းရေးလုပ်ငန်းနှင့် ပိုးသတ်ဆေးဖျန်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရောဂါစူးစမ်းမှုလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခြင်း၊ ရောဂါထိန်းချုပ်ရေးနယ်မြေများသတ်မှတ်၍ ရွှေ့လျားမှု၊ ရောင်းဝယ်မှုကန့်သတ်မှုတွေကို အရေးပေါ်ထိန်းချုပ်ရေးစီမံချက်များရေးဆွဲပြီးဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။မြန်မာနိုင်ငံမှာ ယခင်က ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုအခြေအနေများကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ။** ။ကြက်ငှက်တုပ်ကွေးရောဂါဟာ မန္တလေးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ ၂၀၀၆ ခုနှစ်ကစတင်ဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ်အထိ စုစုပေါင်း ခုနစ်ကြိမ်ဖြစ်ပွားခဲ့တယ်။ ၂၀၀၆ ခုနှစ် ရောဂါကျရောက်စဉ်ကလည်း မုံရွာမြို့ပါဝင်ခဲ့တယ်။ ယခုအကြိမ်ဖြစ်ပွားမှုနဲ့ဆိုရင် မုံရွာမြို့မှာဖြစ်ပွားတာ သုံးကြိမ်ရှိပြီဖြစ်တယ်။

**မေး။ ။ယခုလက်ရှိ မုံရွာမွေးမြူရေးဇုန်မှာ ရောဂါကျရောက်ဖြစ်ပွားမှုနှင့် သုတ်သင်ရှင်းလင်းမှု အနေအထားများကိုလည်း သိလိုပါတယ်။**

**ဖြေ။** ။ရောဂါကူးစက်ပျံ့နှံ့မှုကိုထိန်းချုပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ဧပြီ ၃ ရက် စတင်သတင်းပေးပို့ချိန်ကနေ ၂၀၁၆ ခုနှစ် ဧပြီ ၂၀ ရက်အထိ ပိုင်ရှင် ၃၃ ဦးရဲ့ ကြက်ခြံ ၅၄ ခြံက ကြက်ကောင်ရေပေါင်း ၂၆၈၃၀ ကောင်ကို သုတ်သင်ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။

**မေး။ ။ H5 H9 ကရောဂါပြင်းထန်တယ်လို့ ပြည်သူတွေကထင်နေကြတယ်။ အခုဆိုရင် ကြက်သားတောင်မှ မစားကြတော့ဘူးဖြစ်နေတယ်။ ဆရာတို့အနေနဲ့ပြည်သူတွေကို ဘယ်လိုမျိုးပညာပေးသွားမလဲဆိုတာသိချင်ပါတယ်။**

**ဖြေ။** ။ကြက်ငှက်တုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီးတော့ H မှာဆိုရင် ၁ မှ ၁၆ အထိရှိပြီး N မှာဆိုရင် ၁ မှ ၉ အထိ ရှိပါတယ်။ H နဲ့ N နဲ့ပေါင်းစပ်ပြီးတော့မှ ကြက်တွေရောဂါပိုးဖြစ်တာ ဖြစ်ပါတယ်။ ပြည်သူတွေက H5 ထက် H6 ကပိုပြင်းတယ်လို့ ဂဏန်းပေါ်မူတည်ပြီး အပြင်းအပျော့သတ်မှတ်နေကြတယ်။ တကယ်တော့ အဲဒါတွေက ဂဏန်းမြင့်လေပိုပြင်းလေဆိုတာမျိုးမဟုတ်ပါဘူး။ ရောဂါလက္ခဏာပေါ်မူတည်ပြီးသတ်မှတ်တဲ့ အသုံးအနှုန်းတွေပဲ ဖြစ်ပါတယ်။ H9 က ၂၀၀၉ ခုနှစ်နောက်ပိုင်းမှာ လူကိုကူးစက်နိုင်တဲ့အတွက် စိုးရိမ်စရာစောင့်ကြည့်ဗိုင်းရပ်စ်အနေနဲ့ သတ်မှတ်ထားတဲ့အနေအထားတော့ရှိတယ်။

ဒီရောဂါပိုးတွေဟာ အထူးသဖြင့်စီးပွားဖြစ်ကြက်တွေ ပျက်စီးဆုံးရှုံးစေတယ်။ ကြက်မှတစ်ဆင့်လူကိုကူးစက်စေပါတယ်။ ဒီရောဂါပိုးဟာအသွင်ပြောင်းလဲမှုမြန်တယ်။ ပုံသဏ္ဍာန်အမျိုးမျိုးပြောင်းလဲနိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ကြိုတင်ကာကွယ်ခြင်းဖြစ်ပါတယ်။ ကြက်နဲ့ကြက်ထွက်ပစ္စည်းတွေစားသုံးမှုနဲ့ပတ်သက်ပြီး သတင်းပေးချင်တာကတော့ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားတဲ့ ဒေသကကြက်ဥ၊ ကြက်သားတွေကိုစားတဲ့အခါမှာ ကျက်အောင်ချက်စားပါ။ အစိမ်းမစားပါနဲ့လို့ ပြောချင်ပါတယ်။ ကြက်မွေးမြူရေးလုပ်တဲ့သူတွေ သတ်မှတ်ထားတဲ့စည်းမျဉ်း၊ စည်းကမ်းတွေအားလုံး လိုက်နာဆောင်ရွက်မယ်ဆိုရင် ကြက်ငှက်တုပ်ကွေးက အခုလောက်ဖြစ်ပွားစရာအကြောင်းမရှိပါဘူးလို့ ပြောချင်ပါတယ်။ ။

**ထွန်းထွန်းနိုင်၊ လင်းကြည်လင်း၊**
**ဓာတ်ပုံ-ကျော်လွင်**

## ရင့်ကျက်ချိန်

➤ သူပင်မှားမှား ကိုယ်ပဲမှားစေ
စကားတံ့ခြွေ ဆိုမနေတော့။

➤ ဒေါသ မောဟ မာန်မာနတွေ
ချခဲ့ခဝါ မလာစေတော့။

➤ သူ၏ကောင်းကွက် ကိုယ့်ကောင်းကွက်များ
နှစ်သက်ခုံမင် တစ်ဖန်မြင်ကာ
နားဝင်ချိုပျား ဆိုစကားဖြင့်။

➤ နှစ်ကိုယ်ယှဉ်တွဲ ဘဝထဲမှာ
သူလဲကိုယ်ထူ ကိုယ့်သူကူမို့
မြူတိမ်လည်းရှင်း ကြယ်ပန်းခင်းနှင့်
လမင်းတစ်ရာ ထိန်ထိန်သာသို့
ရင်မှာအေးမြခဲ့ပေပြီ။
ရင့်ကျက်ခဲ့ကြ တို့ကိုယ်စီ။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**

## စိုးလျှပ်စစ်ဖောင်ဒေးရှင်းက Hijet ကားကိုးစီး မဲစနစ်ဖြင့်ပေးအပ်



**နေပြည်တော် ဧပြီ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့၏ပုံရိပ်တိုးတက်စေရန်နှင့် သုံးဘီးဆိုင်ကယ်သမားများဘဝဖွံ့ဖြိုးတိုးတက်လာစေရန် တစ်စီးလျှင် ငွေကျပ် သိန်း ၈၀ ကျော်တန် Hijet ကားကိုးစီးကို စိုးလျှပ်စစ်ဖောင်ဒေးရှင်းက ယနေ့ညနေ ၅ နာရီတွင် ပျဉ်းမနားမြို့ရှိ အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာ၌ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ရှိ သုံးဘီးဆိုင်ကယ်သမားများကို Hijet ကားဖြင့် အဆင့်မြှင့်တင်လုပ်ကိုင်နိုင်ရန်အတွက် လျှောက်လွှာခေါ်ယူခဲ့ရာ လျှောက်လွှာပေါင်း ၉၀ ကျော်လက်ခံရရှိရာ စိစစ်ရေးအဖွဲ့မှ အဆင့်ဆင့်စိစစ်ခဲ့ရာ လျှောက်လွှာပိုင်ရှင် ၃၀ ကျော်ရှိခဲ့သည်။

ထို့နောက်ထပ်မံစိစစ်ရာတွင် ၁၃ ဦးအထိရရှိခဲ့ပြီး ပထမအကြိမ်အနေဖြင့် အဆိုပါ ၁၃ ဦးကိုမဲနှိုက်စေပြီး တစ်ဦးလျှင် တစ်စီးနှုန်းဖြင့် ကိုးဦးအားမဲဖောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမဲပေါက်သောကားများကို မဲပေါက်သူ ကိုးဦးကလုပ်ပိုင်ခွင့်ရရှိပြီး တစ်ဦးလျှင် တစ်လငွေကျပ် တစ်သိန်းနှုန်းဖြင့် အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာသို့ ငါးနှစ်တိုင်တိုင်လှူဒါန်းရမည်ဖြစ်ပြီး ငါးနှစ်ပြည့်ပါက အဆိုပါကားကို ကားမဲပေါက်သူက အပြီးအပိုင်ရရှိမည်ဖြစ်သည်။

အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာနှင့် ကားမဲပေါက်သူအကြားတွင် အချက် ၁၃ ချက်ပါ ကတိခံဝန်စာချုပ်များကို လက်မှတ်ရေးထိုးကြပြီး တာဝန်ရှိသူများက မဲပေါက်သူများထံ ကားများလွှဲပြောင်းပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်မြို့တော်ဝန်ဒေါက်တာမျိုးအောင်၊ စိုးလျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစိုးတင့်၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးဦးမြို့နိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သုံးဘီးဆိုင်ကယ်အသင်းဝင်များတက်ရောက်ကြကြောင်း သိရသည်။

**(၁၁၀)**

# လူနှင့် ဂုဏ်သိက္ခာ

**လောကတွင် ချမ်းသာသူလည်း ချမ်းသာသည့်အလျောက်၊ ဆင်းရဲသူလည်း ဆင်းရဲသည့်အလျောက် သူ့ဂုဏ်သိက္ခာနှင့်သူရှိကြ၏။ ထို့အတူပင် ရာထူးကြီးသူ၊ ရာထူးငယ်သူစသည်တို့တွင်လည်း သူ့အဆင့်နှင့်သူ ထိန်းသိမ်းရမည့် ဂုဏ်သိက္ခာတို့ ရှိစမြဲပင်ဖြစ်၊၊၊၊၊**

လူတွင် “ဂုဏ်”နှင့်“ဒြပ်”နှစ်မျိုးရှိသည်။ ဂုဏ်ဆိုသည်မှာ မိမိလုပ်ခဲ့သည့် ကောင်းသောအလုပ်များပင်ဖြစ်သည်။ ဒြပ်ဆိုသည်မှာ မိမိ၏ရုပ်ခန္ဓာကိုယ်ကြီးဖြစ်သည်။

စိတ်ထားမြင့်မြတ်သူများသည် မိမိခန္ဓာကြီး တစ်ခဏတာချမ်းသာရေးကို ဦးစားမပေးကြပေ။ နောင်သံသရာ အရှည်ပါရေးကို ဦးစားပေးပြီး နာမည်ပျက်မရှိရလေအောင် ကြိုးစားကြ၏။

ထို့အတူ ရရှိပြီးသောဂုဏ် ပျက်စီးကျဆင်းမသွားရလေအောင် ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးသည်။ ဤသည်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျောက်ကုန်းမဟာဓမ္မိကာရာမ ပရိယတ္တိစာသင်တိုက်(ကျိုက်ပိ)နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တဂုဏောသန၏ သာရဏီယဩဝါဒကထာတွင် ဆရာတော်ကြီးက-

“လောကဌ် ဂုဏ်ရှိဖို့ထက် ရရှိပြီးသောဂုဏ် ပျက်စီးကျဆင်းမသွားအောင် ထိန်းသိမ်းစောင့်ရှောက်ရန် ခက်လှပေသည်”ဟု မိန့်ကြားခဲ့ပါ၏။ မှန်သောစကားဖြစ်ပါ၏။ မိမိ၏လုပ်ဆောင်မှုတစ်ခုကြောင့် ကောင်းသတင်းထွက်ပေါ်တတ်သကဲ့သို့ မကောင်းသတင်းလည်း ထွက်ပေါ်တတ်သည်ကို ဂရုပြုသင့်၏။

မကောင်းသတင်းတစ်ခုသည် တောမီးလောင်သကဲ့သို့ ပျံ့နှံ့လွယ်တတ်ကြောင်း ဥပမာပေး ပြောဆိုတတ်ကြ၏။ ထို့အတူပင် ပိုမိုထင်ရှားပေါ်လွင်သော ဥပမာတစ်ရပ်လည်းရှိသည်။

ငှက်မွေး၊ ကြက်မွေးများကို အိတ်ကြီးကြီးနှင့်ပြည့်အောင်ထည့်၍ အမြင့်ဆုံးသစ်ပင်ပေါ်တက်၊ လေပြင်းတိုက်သည့်အခါ အိတ်ထဲမှ ငှက်မွေး၊ ကြက်မွေးတို့ကို တစ်ဆုပ်ချင်း လေတွင်လွှင့်တင်လိုက်။ ငှက်မွေး၊ ကြက်မွေးများသည် အနီး၊ အဝေး၊ အနိမ့်၊ အမြင့် လေယူရာပါသွားကြပါလိမ့်မည်။ လေငြိမ်သည့်အခါ လေတွင်လွင့်ပါသွားသည့် ငှက်မွေး၊ ကြက်မွေးများကို ပြန်ကောက်သည်က လွယ်ချင်လွယ်လိမ့်မည်။ လူတို့ထံရောက်သွားသည့် သတင်းဆိုး(ဝါ)မကောင်းသတင်းကို ပြန်ရုပ်သိမ်းဖို့ဆိုသည်မှာ လေတွင်လွင့်သွားသည့် ငှက်မွေး၊ ကြက်မွေးများကို လိုက်ကောက်ရသည်ထက် ပိုပြီးခက်လှသည်။

သို့ဖြစ်၍ “မကောင်းမှုကိုရှောင်၊ ကောင်းမှုကိုဆောင်၊ စိတ်ကိုဖြူအောင်ထား”ဟူ၍ ဆရာတော်ကြီးများက ဆုံးမသွန်သင်ခဲ့ကြသည်။

လူတစ်ဦးအတွက် ဂုဏ်သိက္ခာသည် လွန်စွာအရေးကြီး၏။ ကျွန်တော်တို့ငယ်စဉ်က သတင်းစာတွင် စာတိုက်မင်းကြီး ဦးမြစိန်၏ သတင်းကိုဖတ်ခဲ့ဖူး၏။ သတင်းလိုရင်းမှာ နိုင်ငံတော်အစိုးရက ကျပ်တစ်ရာတန်ငွေစက္ကူများကို သိမ်းဆည်းရာ ဦးမြစိန်သည် သူ့ကိုယ်ပိုင်ငွေကျပ်တစ်ရာတန် ငွေစက္ကူများကို အစိုးရပိုင်ငွေများနှင့် တန်ဖိုးညှိ၍ လဲလှယ်ခဲ့သည်။ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးရာ ဦးမြစိန် ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိသဖြင့် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့၏။ အမှုစစ်ဆေးစဉ် ဦးမြစိန်အား အကျဉ်းထောင်တွင် အချုပ်ဖြင့်နေစေ၏။

ဦးမြစိန်သည် ၎င်းကျူးလွန်ခဲ့သော ပြစ်မှုအတွက် ကြီးစွာနောင်တတရားရကာ အမှုကိုရင်မဆိုင်ဝံ့တော့ဘဲ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်ကာ ဘဝကိုနိဂုံးချုပ်ခဲ့သည်။

တကယ်တော့ ဦးမြစိန်သည် သူ၏အသက်ကို ဂုဏ်သိက္ခာနှင့်လဲသွားခြင်းဟု ဆိုနိုင်၏။

မကြာသေးမီက ဖတ်လိုက်ရသော နိုင်ငံခြားသတင်းတစ်ပုဒ်ကိုလည်း ပြန်လည်ဝေငှလိုသည်။ ၎င်းသတင်းအပြည့်အစုံမှာ-

“စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက သူ့အပေါ် မဟုတ်မမှန်စွပ်စွဲမှုများအတွက် ဝေဖန်ခဲ့သည့် ဘလော့ဂါ Roy-Ngerng ထံမှ ဂုဏ်သိက္ခာထိခိုက်မှုများအတွက် စင်ကာပူဒေါ်လာ ၅၀၀၀ (အမေရိကန်ဒေါ်လာ ၄၀၀၀) လျော်ကြေးပေးမည်ဟု ကမ်းလှမ်းမှုကိုပယ်ချလိုက်ပြီး ထိုကမ်းလှမ်းမှုမှာ ရယ်စရာကောင်းလွန်းကြောင်း မစ္စတာလီ၏ရှေ့နေများက ပြောကြားခဲ့သည်။ Ngerng က မိမိမှားယွင်းကြောင်းနှင့် အခြေအမြစ်မရှိဘဲ စွပ်စွဲခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဝန်ခံခဲ့သည်။ Ngerng ၏စက်ဆုပ်စရာ အပြုအမူအတွက် ဖြေရှင်းချက်ပေးရန် မစ္စတာလီ၏ရှေ့နေက Ngerng၏ရှေ့နေထံသို့ တောင်းဆိုထားသည်”ဟူ၍ဖြစ်သည်။

ထိုသတင်းကို လေ့လာကြည့်ပါက လူတစ်ယောက်၏ဂုဏ်သိက္ခာကို ငွေနှင့်လဲယူ၍ မရသည်မှာ ထင်ရှားကြောင်းတွေ့ရမည်ဖြစ်သည်။ လူတစ်ဦးအတွက် ဂုဏ်သိက္ခာသည် အရေးကြီးကြောင်း အဆိုပါသတင်းက သက်သေခံလျက်ရှိသည်။

လူတချို့သည် မိမိတို့၏ဆန္ဒ(ဝါ)လိုချင်မှုကို ဂုဏ်သိက္ခာဖြင့် လဲလှယ်တတ်ကြသည်ကို တွေ့ရ၏။ မိမိအား ယုံကြည်၍ အပ်နှံထားသော လုပ်ပိုင်ခွင့်နှင့် တာဝန်ကို အလွဲသုံးစားလုပ်ခြင်း၊ မမှန်မကန်ဆောင်ရွက်ခြင်းတို့သည်လည်း မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်ပျက်ပြားအောင် ဆောင်ရွက်ခြင်းမည်ပေသည်။

လောကတွင် ချမ်းသာသူလည်း ချမ်းသာသည့်အလျောက်၊ ဆင်းရဲသူလည်း ဆင်းရဲသည့်အလျောက် သူ့ဂုဏ်သိက္ခာနှင့်သူရှိကြ၏။ ထို့အတူပင် ရာထူးကြီးသူ၊ ရာထူးငယ်သူစသည်တို့တွင်လည်း သူ့အဆင့်နှင့်သူ ထိန်းသိမ်းရမည့် ဂုဏ်သိက္ခာတို့ ရှိစမြဲပင်ဖြစ်သည်။ မိမိတို့၏ကြိုးပမ်းမှုကြောင့် ရရှိထားသော ဂုဏ်သိက္ခာကို အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါ၏။

အထက်တွင် ဆရာတော်ကြီးမိန့်ကြားသကဲ့သို့ “လောကဌ် ဂုဏ်ရှိဖို့ထက် ရရှိပြီးသောဂုဏ် ပျက်စီးကျဆင်းမသွားအောင် ထိန်းသိမ်းစောင့်ရှောက်ရန် အလွန်ခက်လှသည်”ဟူသော ဆုံးမဩဝါဒစကားကို မြေဝယ်မကျ လိုက်နာဆောင်ရွက်သင့်ပါကြောင်း အကြံပြုရပါ၏။ ။

**တက္ကသိုလ်သဉ်**

## ပင်စင်လစာထုတ်သူများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးလျက်ရှိ

**သရက် ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်ထုတ်သူများကို ယနေ့ ငွေထုတ်ပေးရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဘဏ်ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်မေသင်းလှိုင်ထံမှ သိရသည်။

သရက်မြို့ မြန်မာ့စီးပွားရေးဘဏ်၌ စစ်မှုထမ်း(ကာကွယ်ရေး)ပင်စင်၊ လုပ်သက်ပင်စင် ၂၁၇ ဦး၊ မိသားစုပင်စင် ၂၇၁ ဦး၊ မစွမ်းမသန်ပင်စင် ၉၂ ဦး၊ မြို့ပြပင်စင်စားဦးရေလုပ်သက်ပင်စင် ၆၁၅ ဦး၊ မိသားစုပင်စင် ၃၃၅ ဦး၊ နိုင်ငံရေးပင်စင်လုပ်သက် ၉၀ ဦး၊ မိသားစုပင်စင် ၆၃ ဦး၊ စီးပွားရေးဘဏ်ပင်စင်လုပ်သက် ၁၅ ဦး၊ မိသားစုပင်စင် ရှစ်ဦးနှင့် ဗဟိုဘဏ်ပင်စင် နှစ်ဦးရှိသည်။

“ယခင်က ပင်စင်လစာကို လကုန်ခါနီး သုံးရက်အလိုမှာ ထုတ်ပေးတာပါ။ အခုတော့ လမကုန်ခင် ခုနစ်ရက်အလိုမှာ ထုတ်ပေးတော့ ပင်စင်စားတွေအတွက် အဆင်ပြေတာပေါ့”ဟု မြို့ပြပင်စင်စား တစ်ဦးက ပြောသည်။



ပင်စင်ထုတ်ယူရာတွင် ခရီးလွန်နေသူများနှင့်အကြောင်းအမျိုးမျိုးကြောင့် မထုတ်ဖြစ်သူများကို နောက်လဆန်းရုံးဖွင့်ရက်မည်သည့်ရက်တွင်မဆို လာရောက်ထုတ်ယူနိုင်ပြီး ယခင်က ပင်စင်စာအုပ်များဖြင့်ထုတ်ယူရသဖြင့် အချိန်ကြာမြင့်ခဲ့သော်လည်း ယခုအခါ e-Pension ကတ်များဖြင့် ထုတ်ယူရသဖြင့် အချိန်ကုန်သက်သာ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(၇၆၈)**

## ဒလမြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိစေရေး ဆွေးနွေးပွဲကျင်းပ

**ဒလ ဧပြီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ယခုနှစ် အယ်လ်နီညိုရာသီကြောင့် သောက်သုံးရေရှားပါးလျက်ရှိသည့်အတွက် တခြားမြို့နယ်များမှ လာရောက်လှူဒါန်းသော သောက်သုံးရေများကို စနစ်တကျဖြန့်ဝေပေးနိုင်ရေးနှင့် ဒလမြို့နယ်အတွင်း ကြုံတွေ့နေရသည့် ရေရှားပါးမှုအား ဖြေရှင်းနိုင်မည့်ရေတို၊ ရေရှည်လုပ်ငန်းစဉ်များဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် မြို့နယ်သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ရေရှားပါးသည့် ရပ်ကွက်/ကျေးရွာများသို့ မြို့နယ်မှ ရေသယ်ယာဉ်များဖြင့် ပံ့ပိုးပေးနိုင်ရန်အတွက် ရေသယ်ယာဉ်များဖြန့်ခွဲနေရာချထားရန်၊ ရေကန်အသစ်တူးဖော်ခြင်း၊ အဟောင်းပြုပြင်ခြင်းများပြုလုပ်ပေးနိုင်ရေးအတွက် စာရင်းပြုစုပေးပို့ရန်၊ မြို့နယ်ရေသန့်ဌာနမှ စမ်းသပ်ထုတ်လုပ်အောင်မြင်လျက်ရှိသည့် တစ်ရက်လျှင် ရေသန့် ဂါလန် ၅၀၀၀ အား ရပ်ကွက်/ကျေးရွာများသို့ ဖြန့်ဝေပေးနိုင်ရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒလမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက ပြင်ပမြို့နယ်များက လာရောက်လှူဒါန်းသောသောက်သုံးရေများကို အမှန်တကယ်လိုအပ်သည့်နေရာများသို့ စနစ်တကျဖြန့်ဝေပေးနိုင်ရန်အတွက် မြို့နယ်သောက်သုံးရေဖြန့်ဖြူးရေး ကြီးကြပ်မှုကော်မတီဖွဲ့စည်းထားရှိရန်နှင့် သောက်သုံးရေရှားပါးမှုကို ရေရှည်ကာကွယ်နိုင်သည့် လုပ်ငန်းစဉ်ဖြစ်သည့် သောက်သုံးရေကန်များ တူးဖော်ပေးမည့် အစီအစဉ်ကို ဆွေးနွေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးထွန်းရင်နှင့်ဦးထွေးတင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်ဦးတို့က မြို့နယ်အတွင်း ရေဖြန့်ဖြူးနေသည့် အခြေအနေများ၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ရှေ့ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသောရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက ပြန်လည်ဆွေးနွေးကြသည်။

ဒလမြို့နယ်တွင် ရေရှားပါးမှုအခက်အခဲကို ရေတိုလုပ်ငန်းစဉ်များဖြစ်သည့် မြို့နယ်အတွင်းနှင့်ပြင်ပရေအလှူရှင်များက ရေလှူဒါန်းမှုများနှင့်ဆောင်ရွက်နေသည့်အပြင် ရေရှည်လုပ်ငန်းစဉ်များဖြစ်သော သောက်သုံးရေကန်များ အသစ်တူးဖော်ခြင်းကို မြေနေရာလှူဒါန်းသူများရှိ၍ တူးဖော်ပေးမည့်အစီအစဉ်နှင့်ခန်းခြောက်သောက်သုံးရေကန်များ ချဲ့ထွင်တူးဖော်ပေးမည့် အစီအစဉ်များဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

## ဖန်းမော်မြို့ရှိ သိမ်မဟာစေတီရေကန်အတွင်းသို့ မီးသတ်ယာဉ်များဖြင့် ရေများထည့်သွင်းပေး

**ဖန်းမော် ဧပြီ ၂၁**

ကချင်ပြည်နယ် ဖန်းမော်မြို့ မင်းကုန်းရပ်ကွက် သိမ်မဟာစေတီတော်ဝင်းအတွင်းရှိ ရေကန်သည် ယခုအခါရေများလျော့နည်းလာကာ ရေကန်အတွင်းရှိ မွေးမြူထားသော ငါးများထဲမှ တချို့ငါးများသေဆုံးခဲ့သောကြောင့် ကျန်ရှိသည့်ငါးများဆက်လက်သေဆုံးမှုမရှိစေရေးဧပြီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းပြီး မီးသတ်ယာဉ်များဖြင့် ဧရာဝတီမြစ်အတွင်းမှ ရေများသယ်ယူ၍ ရေကန်အတွင်းသို့ ရေများထည့်သွင်းခဲ့ကြကြောင်း သိရသည်။

ရေများထည့်သွင်းရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့မှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၁ စီးဖြင့် ရေဂါလန်ပေါင်း တစ်သိန်းခွဲကို ဧရာဝတီမြစ်အတွင်းမှ ရေများသယ်ယူပြီး ရေကန်တွင်းသို့ ထည့်သွင်းပေးခဲ့သည်။

ထိုသို့ သိမ်မဟာစေတီရေကန်အတွင်း ရေများထည့်သွင်းပေးခြင်းကြောင့် ငါးများ၊ လိပ်များသေဆုံးမှုဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

ယမန်နေ့မှအဆက် ➤

အခန်းဆက်ဝတ္ထု

# ကျွန်တော်ကျင်လည်ခဲ့ရသော မြန်မာနှင့်ကမ္ဘာ

သူရထွန်းတင်

**အင်းစိန်တိုက်ပွဲကြီးကတော့ ပြီးသွားပါပြီ။ အခါလည်သား ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကယ်တင်လိုက်နိုင်ပြီဖြစ်တယ်။ ဒါပေမဲ့ မော်ဘီကစပြီး ပဲခူးမြောက်ဘက် ဒိုက်ဦးဘက်တွေမှာ ရန်သူတွေကိုဆက်ပြီးတိုက်ရဦးမယ်။ ရက်ရှည်နားရတယ်ဆိုတာမရှိပါ။ ရက်ပိုင်းလောက်ခဏနားပြီးရင်……**

## နာမည်ကျော် အင်းစိန်တိုက်ပွဲနှင့် တပ်ရင်း(၅)

ကိုစန်းအောင်က "တပ်ထဲမပြန်ချင်သေးဘူးဗျာ၊ မြို့ထဲတစ်ပတ် ကားပတ်မောင်းရအောင်" ဆိုပြီး ဂျစ်ကားနဲ့ရန်ကုန်ထဲသွားကြပါတယ်။ မြေနီကုန်းအဝိုင်းကနေလှည့်ပြီး ပြန်လာကြတာလောက်တော့ သတိရှိသေးတယ်။ နောက် သတိမရဘဲ ပြန်သတိလည်လာတဲ့အချိန်ကျတော့ ရေသိပ်ငတ်နေတာကို သိတယ်။ ဘယ်ရောက်နေမှန်းမသိဘူး။ တဲလေး တစ်တဲထဲဝင်သွားပြီး ရေအိုးကြီးကိုတွေ့လို့ ခေါင်းကနေတစ်ကိုယ်လုံး လောင်းချလိုက်တယ်။ သတိရလာပြီး "ဟိုက် ငါဘယ်ရောက်နေပါလိမ့်"လို့ ဖြည်းဖြည်းချင်း အသိလေးဝင်လာတယ်။ ဟိုကြည့်ဒီကြည့် ကြည့်မိတယ်။ မိုးရွာနေတာ တွေ့တယ်။ ရွှံ့ဗွက်တွေလည်း တွေ့တယ်။ ခါတ်မီးတိုင်အလင်းရောင်ကို သတိထားမိတော့ စိတ်ထဲက "ဧကန္တတော့ကားတိုက်ပြီနဲ့တူတယ်" လို့ ထင်လိုက်ပြီ။

တကယ်ပါပဲ။ ဂျစ်ကားကိုတွေ့ပြီ။ လမ်းဘေးနားက ကုက္ကိုပင်ကြီးကို ဂျစ်ကားက ခေါင်းဝင်တိုးတာကိုး။ "ကိုယ့်လူတွေ ဘာဖြစ်ကုန်ပြီလဲ" လို့ တွေးမိပြီး ဒယိမ်းဒယိုင်နဲ့ ကားနားသွားကြည့်လိုက်တော့ ကိုတင်အောင် (နောင်-နိုင်ငံတော် ကောင်စီဝင်) က ကားစတီယာရင်ပေါ် ခေါင်းတင်ပြီးအိပ်ပျော်နေတယ်။ ဖိုးစန်းအောင်က သူ့နံဘေးမှာလှဲပြီး အိပ်နေတယ်။ သူတို့ကို သေချာစစ်ဆေးကြည့်ရှုလိုက်တော့ ဘာဒဏ်ရာမှ မတွေ့ဘူး။ ငါရော ဘာဖြစ်သေးလဲလို့တွေးမိပြီး ကိုယ့်ကိုယ်ကိုယ် ပြန်စစ်ဆေးကြည့်ရသေးတယ်။ ဘာမှ မဖြစ်ဘူး။

မိုးလင်းစပြုလာပြီ။ သူတို့ကိုနှိုးပြီး ကားကိုစက်နှိုးကြည့်တယ်။ မရဘူး။ ပြန်စဉ်းစားကြည့်တော့ကျွန်တော်က ကားပေါ်ကကျပြီး ကံအားလျော်စွာ ဘာမှမဖြစ်ဘဲ မြေပျော့ပျော့ပေါ် ကျသွားတာကိုး။ ကျတာလဲ မသိလိုက်ဘူး ဖြစ်သွားတယ်။ မူးပြီးအိပ်ပျော်သွားတယ်။ မိုးလင်းလာပြီ။ ဒီအချိန်မှာ ဗိုလ်ကြီးရဲခေါင် (နောင်-ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေး)က ဂျစ်ကားတစ်စီးနဲ့မြို့ထဲကပြန်လာတယ်။ ကျွန်တော်တို့ကို တွေ့တော့"ဟေ့ သူငယ်ချင်းတို့ ဘာဖြစ်နေကြတာလဲ" မေးတော့"မြင်တဲ့အတိုင်းပဲ" လို့ပြန်ပြောလိုက်တယ်။ သူကတပ်ကိုပြန်ပြီး Crane ကားတစ်စီးလွှတ်လိုက်တော့ကားကိုဆွဲပြီး 1 Burma Regiment ကို ပြန်လာခဲ့ကြပါတော့တယ်။ တပ်ထဲရောက်တော့ Officer Messမှာ ခေါင်းမထူနိုင်ကြဘူး။ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးစိန်ဝင်း (နောင်-ဝန်ကြီးချုပ်)က လာကြည့်ပါတယ်။ သူက Whisky Black Label တစ်လုံး ယူလာပေးတယ်။ ကျွန်တော်တို့အားလုံး ခေါင်းခါလိုက်ကြတယ်။ သူက အတင်းတစ်ခွက်စီ သောက်လိုက်ကြပါပြောလို့သောက်လိုက်တော့ နည်းနည်းခေါင်းထောင်လာတယ်။ နောက် နှစ်ခွက်လောက်ဆက်သောက်လိုက်ကြပြီး သွားအိပ်လိုက်ကြတာ နေ့နဲ့ညမှားပြီး ညနေစောင်းကျမှပဲ နိုးတော့တယ်။

အိပ်ရာကနိုး၊ ရေချိုးလိုက်တော့ ပိုလန်းသွားပါတယ်။ အဲဒီကနေ Transmitter Site က တပ်ရင်း (၅) Officer Mess ကို ပြန်ခဲ့ကြတယ်။ အင်းစိန်တိုက်ပွဲအကြောင်းပြောရင်း အမူးရာဇဝင် ခုလိုပြောရတာတယ်တော့မနိပ်လှဘူး။ သိပ်မူးရင် ဒုက္ခဖြစ်တတ်တယ်ဆိုတာတော့ သိလာတာပေါ့။ မိတ်ဆွေဆရာဝန်တစ်ဦးက ပြောတယ်။ "ဒါလောက် စိတ်ရော ကိုယ်ပါ တိုက်ပွဲတွေရဲ့ဒုက္ခပေါင်းစုံကြားက လွတ်လာတာ ဒီလိုသောက်ပစ်လိုက်မှပဲ ဒီဒုက္ခတွေဟာ မိမိစိတ်နဲ့ကိုယ်ထဲက ထွက်သွားမယ်။ မူးရင်း ကားမောင်းတာကတော့ မကောင်းပါဘူး" လို့ ဆုံးမစကားဆန်ဆန်ပြောပါတယ်။

အင်းစိန်တိုက်ပွဲကြီးကတော့ ပြီးသွားပါပြီ။ အခါလည်သား ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကယ်တင်လိုက်နိုင်ပြီဖြစ်တယ်။ ဒါပေမဲ့ မော်ဘီကစပြီး ပဲခူးမြောက်ဘက် ဒိုက်ဦးဘက်တွေမှာ ရန်သူတွေကိုဆက်ပြီးတိုက်ရဦးမယ်။ ရက်ရှည်နားရတယ်ဆိုတာမရှိပါ။ ရက်ပိုင်းလောက် ခဏနားပြီးရင် စစ်မြေပြင်ကို ထွက်တိုက်ရတာပါပဲ။

## မော်ဘီ၊ ဒိုက်ဦးနဲ့ သထုံနယ်မြေ အတွေ့အကြုံများ

**လှပဒါးရွာ တိုက်ပွဲ**

ကျွန်တော်တို့ "C" Coy မော်ဘီကိုသွားဖို့ အမိန့်ကျလာပါတယ်။ မော်ဘီတစ်ဝိုက်မှာ KNDO တွေ တော်တော်များတယ်။ လှပဒါးရွာကိုတိုက်ဖို့ မော်ဘီစိုက်ပျိုးရေးကွင်းထဲမှာ ခဏနေရတယ်။ ချင်းတပ်က ဒုတိယဗိုလ်မှူးကြီး ဟရန်သီယို အဲဒီမှာကျဆုံးသွားခဲ့တယ်။ သူက Fighter တစ်ယောက်ပဲ။ သူ့ကို လူချစ်လူခင်များတယ်။ တိုက်ပွဲခေါင်းဆောင်မှုကောင်းတယ်။ ၃ လက်မ စိန်ပြောင်းပစ်ပြီး သူကိုယ်တိုင် ရှေ့ကတက်တိုက်လေ့ရှိတယ်။ အင်းစိန်မှာ ရှုပ်ရှုပ်ချွံချွံလုပ်ခဲ့တဲ့ တပ်မှူးကောင်းတစ်ယောက်ပေါ့။ သူကျသွားတော့ နိုင်ငံတော်ကဦးဆောင်ပြီး စစ်အခမ်းအနားနဲ့ ပို့ဆောင်ကြတယ်။

မော်ဘီတစ်ဝိုက်မှာ အခြေအနေတော်တော်ဆိုးနေတယ်။ စိုက်ပျိုးရေးခြံဝင်းပတ်ပတ်လည်ကို BE မှ ဗိုလ်ကြီးရှိန်က မိုင်းတွေထောင်ထားရတယ်။ ရန်သူတွေဟာ ညနေစောင်းလာရင် "ထောထော" ဆိုပြီး တက်လာတတ်တယ်။ ကရင်လို ထောဆိုတာ "ကျား" ပေါ့။ ကျားတက်ထိုးသံပါ။ 4 ဂေါ်ရခါးက Capt R.B. Thapa (အင်းစိန်မှ တိရစ္ဆာန်ဆေးကျောင်းတိုက်တုန်းက ဒဏ်ရာရခဲ့သူ) ဦးဆောင်တဲ့တပ်ခွဲတစ်ခွဲက မော်ဘီဘုန်းကြီးကျောင်းဝင်းထဲမှာ ရှိတယ်။ သံချပ်ကားတပ်က ဗိုလ်ကြီးရဲဝင်းက Armoured တစ်စီး၊ Bren Carrier တစ်စီးတို့နဲ့ စိုက်ပျိုးရေးဝင်းထဲမှာ နေရာယူထားတယ်။ အမြောက်တပ်က 25 Pounder Gun နှစ်လက်နဲ့ ဗိုလ်ကြီးသန့်ဇင် (ဒုတိယပတ် ဂျပန်ပြန်) လည်း ရှိနေတယ်။

ကျွန်တော်တို့ အစည်းအဝေးခေါ်ပြီး Capt R.B. Thapa နဲ့ ဗိုလ်ကြီးရှိန်တို့နှစ်ဦးအနက် တစ်ဦးဦးကို မော်ဘီ Combined Forced Commander လုပ်ပါလို့ပြောတော့ သူတို့က ကျွန်တော့်ကိုပဲ လုပ်ပါဆိုလို့ အဲဒီတာဝန်ယူလိုက်ရတယ်။ မော်ဘီလုံခြုံရေးစီမံချက်တစ်ခု ချက်ချင်းလုပ်ပြီး တာဝန်တွေ ခွဲပေးလိုက်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# ပြည်မြို့၌ အပူချိန်မြင့်မားမှုကြောင့် ရေသန့်ဘူးရောင်းချသူများ ရောင်းအားကောင်း

ပြည် ဧပြီ ၂၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ယခုအခါ အပူချိန်မြင့်မားမှုကြောင့် သောက်ရေသန့်ဘူးကြီးအတွင်းမှ ရေများခွဲ၍ ရေသန့်ဘူးရောင်းချသူများ ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေသန့်ဘူးရောင်းချသူများသည် တစ်ကြိမ်သုံးစွဲပြီးသောရေသန့်ဘူးများကို ပြန်လည်ဝယ်ယူကာ ရေသန့်ဘူးကြီးအတွင်းမှရေများကို ခွဲထည့်၍ လုပ်ငန်းသုံးရေခဲသေတ္တာထဲသို့ ထည့်သွင်းအအေးခံပြန်လည်ရောင်းချလျက်ရှိရာ ယခုကဲ့သို့ အပူချိန်မြင့်မားလာသည့်အချိန်တွင် ပိုမိုရောင်းအားကောင်းလျက်ရှိကြောင်း သောက်ရေဘူးပြန်လည်ရောင်းချသူများထံမှ သိရသည်။

"ဒီရပ်ကွက်က အခြေခံလူတန်းစား လက်လုပ်လက်စားတွေ များတယ်လေ။ ရေသန့်ဘူးတစ်ဘူးကို ငွေကျပ် ၃၀၀ ဝယ်ရတယ်။ ပြီးတော့ တည်းခိုခန်းတို့၊ စားသောက်ဆိုင်တို့က တစ်ခါသုံးပြီးသားရေသန့်ဘူးကိုပြန်ဝယ်တာက တစ်ဘူးကို ငွေကျပ် ၂၀ ပေးဝယ်ရတယ်။ ရေသန့်ဘူးကြီးတစ်ဘူးကို ဘူးသေး ၂၀ ရတယ်။ ပြန်ရောင်းတော့ ရေသန့်ဘူးခွံပေးပြီး လာဝယ်ရင် ငွေကျပ် ၅၀၊ ဘူးခွံမပါရင် ငွေကျပ် ၁၀၀ ပြန်ရောင်းရတယ်။ ဆောင်းတွင်းနဲ့မိုးတွင်းကတော့သိပ်မရောင်းရပါဘူး။ အခုလို အပူချိန်များတဲ့အချိန်ဆိုရင် တစ်နေ့ကို ရေဘူးအသေး ၈၀ လောက်တော့ရောင်းရတယ်။ အိမ်နေရင်း တစ်နေ့ကို ငွေကျပ် ၄၀၀၀ လောက်ရတယ်လေ" ဟု ရွာဘဲရပ်ကွက်စည်ကြီးဆွဲနယ်မြေမှ ရေသန့်ဘူးရောင်းချသူတစ်ဦးက ပြောသည်။

ပြည်မြို့၌ မတ်လမှစ၍ အပူချိန်မြင့်မားလျက်ရှိရာ ယခုအချိန်တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့်အပူချိန်ပိုမိုမြင့်မားလျက်ရှိကြောင်း သိရသည်။

**(၄၁၀)**

# မြိတ်မြို့၌ စာကြည့်တိုက်အသုံးပြုသူများပြားလာရေး တွေ့ဆုံဆွေးနွေး

မြိတ် ဧပြီ ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ရေမြစ်ကြီးအရှေ့ကျေးရွာရှိ အောင်သပြေစာကြည့်တိုက်၌ ယမန်နေ့ နံနက် ၁၁ နာရီက နယ်လှည့်စာကြည့်တိုက်အဖွဲ့က ကျေးရွာစာကြည့်တိုက်ရေရှည်တည်တံ့၍ စာကြည့်တိုက်အသုံးပြုသူများပြားလာစေရေးအတွက် ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်ဝင်းကြည်နှင့်ဝန်ထမ်းများက သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်း၍ ကျေးရွာနေပြည်သူများအတွက် စာအုပ်စာစောင်များစုံလင်စွာဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေးသည်။

ယင်းနောက် တာဝန်ရှိသူများက ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် စာကြည့်တိုက်အသုံးပြုသူ များပြားလာအောင် အစဉ်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျေးရွာနေလူငယ်များကလည်း ပူးပေါင်းပါဝင်ကာ တက်ညီလက်ညီ လုပ်ဆောင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကလေးငယ်များ စာပေဖတ်ရှုမှုတိုးမြင့်လာရေး ဆွေးနွေးပြောကြားကာ သုတ၊ ရသစာအုပ်စာစောင်များကို စာကြည့်တိုက်သို့ လှူဒါန်းသည်။

ယင်းနောက် ရေမြစ်ကြီးအရှေ့ကျောင်း၌ သီတင်းသုံးသည့် နယ်လှည့်သာသနာပြုဆရာတော် ဦးအဂ္ဂဝံသက သုတ၊ ရသစာအုပ်စာစောင်များကို စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# ညောင်လေးပင်မြို့နယ်၌ လျှပ်စစ်မီးဖွင့်ပွဲကျင်းပ




ညောင်လေးပင် ဧပြီ ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အလယ်ရွာ ကျေးရွာ၌ ယမန်နေ့က ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မီးလင်းရေးဆိုင်းဘုတ်ကို မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်၊ ပြွန်တန်ဆာမြို့ လျှပ်စစ်မှူး ဦးခင်မောင်ထွန်း၊ အလှူရှင် သီရိသုဓမ္မသီဂီဒေါ်ရွှေသက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ထရန်စဖော်မာကို ပြွန်တန်ဆာမြို့ ဇမ္ဗူအေးတောရအင်းဝိုင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယ၊ အလယ်ရွာ ကျောင်းဆရာတော် သာသနဓဇဓမ္မာစရိယဦးခေမာစာရနှင့် သီရိသုဓမ္မသီဂီ ဒေါ်ရွှေသက်တို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် ပြွန်တန်ဆာမြို့ လျှပ်စစ်မှူး ဦးခင်မောင်ထွန်းတို့က အမှာစကားများ အသီးသီးပြောကြားသည်။ အလယ်ရွာကျေးရွာ၌ အိမ်ခြေ ၁၉၀၊ လူဦးရေ ၅၇၉ ဦးရှိပြီး လျှပ်စစ်မီးကြိုး၊ ဓါတ်တိုင်နှင့်ဆက်စပ်ပစ္စည်းများကို ကျေးရွာနေပြည်သူများထည့်ဝင်ငွေကျပ် သိန်း ၂၁၀ ဖြင့် ဆောင်ရွက်ခဲ့ကာ လိုအပ်သော ငွေကျပ် ၂၁၅ သိန်းတန် 200 kVA ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများကို သီရိသုဓမ္မသီဂီ ဒေါ်ရွှေသက်မိသားစုက လှူဒါန်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**နေလင်း(ညောင်လေးပင်)**

## ပင်တဂွန်ဝက်ဘ်ဆိုက်ကို Hack နိုင်ပါက အမေရိကန်ဒေါ်လာ တစ်သိန်းခွဲ ဆုကြေးပေးမည့် အစီအစဉ်စတင်

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် ပင်တဂွန်ဝက်ဘ်ဆိုက်နှင့် ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ အရေးကြီးဌာနများ၏ဝက်ဘ်ဆိုက်များကို လုံခြုံရေးချိုးဖောက်ကာ Hack နိုင်ပါက ဆုကြေးငွေပေးမည့်အစီအစဉ်ကို ဧပြီ ၁၈ ရက်တွင် စတင်လိုက်ကြောင်း Tech Times သတင်းဌာနက ဖော်ပြခဲ့သည်။

Hack The Pentagon ဟု အမည်ပေးထားသော အဆိုပါအစီအစဉ်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်များ၏ လုံခြုံရေးကို မြှင့်တင်လိုသောကြောင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ မေ ၁၂ ရက်အထိ Hack လုပ်ရန် အချိန်သတ်မှတ်ပေးထားသည်။ အောင်မြင်စွာ Hack နိုင်ခဲ့သူများအနေဖြင့် လုံခြုံရေးအားနည်းချက်များကို လက်တွေ့ရှင်းလင်းပြသရမည်ဖြစ်ကာ ဆုကြေးငွေချီးမြှင့်ခံရမည်ဖြစ်သည်။

Hack လုပ်နိုင်သူ တစ်ဦးထက်ပိုခဲ့ပါက လုံခြုံရေးဆိုင်ရာ အားနည်းချက်များကို အများဆုံးထုတ်ဖော်ပြသနိုင်သူအား ဆုကြေးငွေပေးအပ်မည်ဖြစ်ကာ တခြားသူများကို ထိုက်သင့်သည့်ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုထားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်များသည် ကမ္ဘာပေါ်၌ လုံခြုံရေးအခြေအနေအမြင့်ဆုံးဟု သတ်မှတ်ထားသည့် အခြေအနေကို ပိုင်ဆိုင်ထားသော်လည်း လုံခြုံရေးဆိုင်ရာအားနည်းချက်များ ရှိနိုင်ခြင်းကြောင့် ယခုအစီအစဉ်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



## စင်ကာပူနိုင်ငံသည် မြို့တွင်းပို့ဆောင်ရေးစနစ်တွင် မောင်းသူမဲ့ယာဉ်များ စတင်အသုံးပြုရန် စီစဉ်လျက်ရှိ

စင်ကာပူနိုင်ငံသည် မြို့တွင်းပို့ဆောင်ရေးစနစ်တွင် မောင်းသူမဲ့ယာဉ်များ စတင်အသုံးပြုရန်စီစဉ်လျက်ရှိကြောင်း ပီစီမဂ္ဂဇင်းကဖော်ပြသည်။

စင်ကာပူမြို့တွင်းပို့ဆောင်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် SMRT ကုမ္ပဏီသည် အင်အားကြီးအီလက်ထရွန်နစ်ကုမ္ပဏီတစ်ခုဖြစ်သည့် Group Rapid Transit (GRT) နှင့်ပူးပေါင်း၍ အလိုအလျောက်မောင်းနှင်စနစ် တပ်ဆင်ထားသည့် မောင်းသူမဲ့ယာဉ်များကို ဖန်တီးခဲ့ခြင်းဖြစ်ကာ လက်တွေ့အသုံးပြုနိုင်သည့် အခြေအနေသို့ရောက်ရှိနေပြီဖြစ်သည်။

2getthere ဟု အမည်ပေးထားသော မောင်းသူမဲ့ယာဉ်သည် တစ်ကြိမ်လျှင် ခရီးသည် ၂၄ ဦးတင်ဆောင်နိုင်ပြီး တူညီသောလမ်းကြောင်းတစ်ခုတည်းတွင် အသုံးပြုပါက တစ်နာရီအတွင်း ခရီးသည်ဦးရေ ၈၀၀၀ ကို ပို့ဆောင်နိုင်မည့် အလားအလာများ ရှိနေကြောင်း သိရသည်။

အဆိုပါအားသာချက်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုမြင့်တက်လာသော စင်ကာပူနိုင်ငံ၏အကျပ်အတည်းကို အတိုင်းအတာတစ်ရပ်အထိ လျှော့ချပေးနိုင်မည်ဟုလည်း GRT ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ မောင်းသူမဲ့ယာဉ်များကို ယခုနှစ်ကုန်ပိုင်းတွင် စတင်အသုံးပြုနိုင်ရန် ရည်မှန်းထားပြီး မြို့တွင်းပို့ဆောင်ရေးစနစ်တွင် အဓိကကျသည့် ပို့ဆောင်ရေးစနစ်တစ်ခုအဖြစ် အသုံးပြုသွားရန် ရည်မှန်းထားသည်ဟု SMRT ကုမ္ပဏီက အတည်ပြုထားကြောင်း သိရသည်။

## RAM 6GB ထည့်သွင်းထားသည့် ပထမဆုံးမိုဘိုင်းလ်ဖုန်း တရုတ်နိုင်ငံ၌ ဈေးကွက်တင်

မိုဘိုင်းလ်ဖုန်းများထဲတွင် Internal Memory ပမာဏ အများဆုံးထည့်သွင်းထားသည့်မိုဘိုင်းလ်ဖုန်းအဖြစ် မှတ်တမ်းဝင်ခဲ့သည့် RAM 6GB ထည့်သွင်းထားသော မိုဘိုင်းလ်ဖုန်းမော်ဒယ်သစ်ကို တရုတ်နိုင်ငံဈေးကွက်၌ စတင်ရောင်းချနေကြောင်း PhoneDog သတင်းဌာနက ဖော်ပြသည်။

Le Max 2 ဟု အမည်ပေးထားသော အဆိုပါမိုဘိုင်းလ်ဖုန်းတွင် ၅ ဒသမ ၇ လက်မ အရွယ် Display ကို အသုံးပြုထားပြီး 2560 x 1440 Resolution ဖြင့် ပုံရိပ်များကိုဖော်ပြနိုင်မည်ဖြစ်သည်။ နောက်ကင်မရာကိုလည်း 21MP အရည်အသွေးရှိသော ကင်မရာထည့်သွင်းပေးထားခြင်းကြောင့် ဆိုနီမှ ဈေးကွက်တင်ထားသော Xperia Z Series မိုဘိုင်းလ်ဖုန်းများနှင့် Nokia မှ ဈေးကွက်တင်ခဲ့သည့် Lumia မော်ဒယ်တချို့ပြီးလျှင် နောက်ကင်မရာ အရည်အသွေးအမြင့်ဆုံး အနေအထားမျိုးဖြစ်ခဲ့သည်။



Le Max 2 ကို အမေရိကန်ဒေါ်လာ ၃၈၆ ဒေါ်လာဖြင့် ရောင်းချလျက်ရှိပြီး RAM 4GB ပါဝင်သည့် အမျိုးအစားကို အမေရိကန်ဒေါ်လာ ၃၂၄ ဒေါ်လာဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

NG စုစည်းတင်ပြသည်

## လုံခြုံရေးစနစ်မြှင့်တင်ထားသည့် ဝန်ဆောင်မှုသစ်ကို Viber အသုံးပြုခွင့်ပေးမည်



အခမဲ့ဖုန်းခေါ်ဆိုခြင်း၊ မက်ဆေ့ချ်ပေးပို့ခြင်းနှင့် Chatting ပြောခြင်းများပြုလုပ်နိုင်သည့် Viber တွင် လုံခြုံရေးစနစ်မြှင့်တင်ထားသည့် ဝန်ဆောင်မှုသစ်ကို စတင်အသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

Viber ကထုတ်ပြန်သော သတင်းထုတ်ပြန်ချက်တွင် အသုံးပြုသူတစ်ဦးက တခြားတစ်ဦးထံသို့ ဖုန်းခေါ်ဆိုခြင်း၊ မက်ဆေ့ချ်ပေးပို့ခြင်းနှင့် Chatting ပြောခြင်းများပြုလုပ်ရာတွင် အသံများ၊ စာသားများနှင့် ရုပ်ပုံများအား Encrypt လုပ်ပေးမည့် ဝန်ဆောင်မှုသစ်ကို စတင်အသုံးပြုခွင့်ပေးတော့မည်ဖြစ်သည်။ End to End Encryption စနစ်ကို အသုံးပြုမည်ဖြစ်ကာ ကြားခံအသုံးပြုသည့် ISP များတွင် မက်ဆေ့ချ်များကို ကြည့်ရှုခြင်းနှင့် အသံများကို ကြားဖြတ်နားထောင်ခြင်းများ ပြုလုပ်နိုင်ခြင်းမရှိစေရန် အကာအကွယ်ပေးမည်ဖြစ်သည်။ သုံးစွဲသူများအတွက် ပိုမိုလုံခြုံသော ဝန်ဆောင်မှုတစ်ရပ်ဖြစ်လာရန် အချိန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ သုံးစွဲသူများ၏ကိုယ်ရေးကိုယ်တာလုံခြုံမှုအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖန်တီးခဲ့ခြင်းဖြစ်သည်။

တစ်ကမ္ဘာလုံး၌ Viber သုံးစွဲသူ သန်း ၇၀၀ ကျော်ရှိနေသည့် အခမဲ့ Messaging Application တစ်ခုဖြစ်ကာ ၂၀၁၄ ခုနှစ်မှစ၍ သုံးစွဲသူဦးရေ အရှိန်အဟုန်ဖြင့် တိုးပွားမှုကို ပိုင်ဆိုင်ခဲ့သည်။ အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများ၌ Messaging Application များမှတစ်ဆင့် အရေးကြီးသည့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ ပေါက်ကြားမှုများဖြစ်ပွားခဲ့ပြီးနောက်တွင် Messaging Application များကို ပိုမိုလုံခြုံသည့်ဝန်ဆောင်မှုများ ထည့်သွင်းအသုံးပြုနိုင်ရန် သက်ဆိုင်ရာကုမ္ပဏီအသီးသီးက ဆောင်ရွက်လာခဲ့ခြင်းဖြစ်သည်။

## Messenger တွင် Group Calling ဝန်ဆောင်မှုသစ် အသုံးပြုခွင့်ပေး

မိသားစုဝင်များ၊ သူငယ်ချင်းများနှင့် တစ်ပြိုင်နက်တည်း ဖုန်းပြောဆိုနိုင်မည့် ဝန်ဆောင်မှုသစ်တစ်ရပ်ကို Messenger တွင် စတင်အသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း Facebook က သတင်းထုတ်ပြန်ထားသည်။

Group Calling ဟု အမည်ပေးထားသော အဆိုပါဝန်ဆောင်မှုသစ်ကို Group တစ်ခုအတွင်း၌ ပါဝင်သူများအားလုံးနှင့် တိုက်ရိုက်ဖုန်းပြောဆိုနိုင်ရန် ဖန်တီးထားခြင်းဖြစ်ပြီး Android OS နှင့် iOS အသုံးပြုထားသော မိုဘိုင်းလ်ဖုန်းများတွင် အခမဲ့အသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါဝန်ဆောင်မှုအား အသုံးပြုရန် Messenger အတွက် နောက်ဆုံးထုတ်ဝေသော Update Version ကို Install လုပ်ရန် လိုအပ်မည်ဖြစ်သည်။ Install လုပ်ပြီးပါက Phone Tap Icon ကိုနှိပ်ကာ VoIP ဖြင့် မိမိဖုန်းပြောဆိုလိုသော User များကို ရွေးချယ်ပေးရမည်ဖြစ်သည်။ ရွေးချယ်လိုက်သော User များထံသို့ Messenger က VoIP ဖြင့်ဖုန်းခေါ်ဆိုကာ တစ်ပြိုင်နက်တည်း ဆက်သွယ်ပြောကြားနိုင်မည်ဖြစ်သည်။



# ပြည်ပ၌ ဆန်ဈေးကွက်သစ် ရှာဖွေနိုင်ပါက ၂၀၂၀ ပြည့်နှစ်တွင် ဆန်တန်ချိန် လေးသန်းခန့် တင်ပို့နိုင်မည်

ရန်ကုန် ဧပြီ ၂၁

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန်နှစ်သန်းတင်ပို့ရန် မျှော်မှန်းထားပြီး ဈေးကွက်သစ်ရှာဖွေနိုင်ပါက ၂၀၂၀ ပြည့်နှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် လေးသန်းခန့် တင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

"၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်ပကို ဆန်တန်ချိန်နှစ်သန်းတင်ပို့နိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ တစ်ချိန်တည်းမှာပဲ ဈေးကွက်သစ်တွေရှာဖွေနိုင်အောင်လည်း လုပ်ဆောင်ဖို့လိုမှာပါ။ တကယ်လို့ ဈေးကွက်သစ်တွေ ရှာဖွေနိုင်ခဲ့မယ်ဆိုရင် ၂၀၂၀ ပြည့်နှစ်မှာ ပြည်ပကို ဆန်တန်ချိန် လေးသန်းလောက်ထိတင်ပို့နိုင်မယ်လို့မျှော်မှန်းထားပါတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။



ယမန်နှစ်က တရုတ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့နှင့် ဆန်တင်ပို့ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့သော်လည်း လက်ရှိတွင် လက်မှတ်ရေးထိုးထားသော နားလည်မှုစာချွန်လွှာများမှာ သက်တမ်းကုန်ဆုံးသွားပြီဖြစ်၍ ပြင်ဆင်ချက်တချို့ထည့်သွင်းကာ ထပ်မံလက်မှတ်ရေးထိုးရန် ပြင်ဆင်လျက်ရှိသည်။

ထို့ပြင် ဆန်ကိုဈေးကောင်းပေးဝယ်ယူသည့် ဂျပန်နိုင်ငံသို့ ဆန်တင်ပို့နိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က တိုက်တွန်းထားပြီး ယမန်နှစ်က ပြည်ပသို့ဆန်တန်ချိန် ၁ ဒသမ ၄ သန်းတင်ပို့ခဲ့ရာ တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ အဓိကတင်ပို့ခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂအဖွဲ့က ပြုလုပ်ခဲ့သော လေ့လာမှုများအရ ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများကြောင့် ဆန်စပါးထွက်ရှိမှုနှုန်းမှာ ၂ ရာခိုင်နှုန်း လျော့ကျမည်ဖြစ်သည်။

မြန်မာနိုင်ငံမှထွက်ရှိသော ဆန်ကို ဥရောပနိုင်ငံများက ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် နည်းပညာအကူအညီနှင့် တခြားအကူအညီများပေးကာ ဆန်စပါးအထွက်နှုန်းမြင့်တက်လာစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၄၃)**

# မြန်မာနိုင်ငံမှ ထန်းလျက်များအား တောင်ကိုရီးယားက ဝယ်ယူရန် စီစဉ်နေသဖြင့် အရည်အသွေးမြင့် ထန်းလျက်များ ထုတ်လုပ်နိုင်ရန် ပြင်ဆင်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံကထန်းလျက်များကို တန်ချိန်အလိုက် ဝယ်ယူနိုင်ရန် တောင်ကိုရီးယားနိုင်ငံမှလာရောက်လေ့လာနေပြီး ဒေသခံလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းမှ အရည်အသွေးပိုမိုကောင်းမွန်သည့် ထန်းလျက်များထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးက ပြောသည်။

၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းမှစတင်၍ တောင်ကိုရီးယားနိုင်ငံမှ လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံရှိ လုပ်ငန်းများအား လာရောက်လေ့လာခဲ့ရာ ထန်းလျက်ကို ဝယ်ယူရန် စိတ်ဝင်စားမှုများပြားခဲ့သဖြင့် ယခုနှစ်အတွင်း တန်ချိန်များများ တင်သွင်းနိုင်ရန် ကမ်းလှမ်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်အတွင်း ပမာဏအတော်များများကို တန်ချိန်များများ တင်သွင်းဖို့စီစဉ်နေပြီ။ မြန်မာနိုင်ငံဘက်ကလည်း အရည်အသွေးပိုမိုကောင်းမွန်တဲ့ ထန်းလျက်တွေကို အဆင့်မြင့်နည်းပညာတွေသုံးပြီး ထုတ်လုပ်သွားနိုင်ဖို့ စီစဉ်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံမှ လုပ်ငန်းရှင်များသည် သဘာဝမှထုတ်လုပ်ရရှိသည့် အစားအစာများကို စိတ်ဝင်စားလျက်ရှိရာ ထန်းပင်မှထွက်ရှိသော ထန်းရည်အားကျိုချက်၍ ကုန်ချောထုတ်လုပ်သည့် ထန်းလျက်အား စိတ်ဝင်စားမှုများပြားသဖြင့် တန်ချိန်အလိုက် တင်သွင်းရန်စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၏ အဓိကအစားအစာဖြစ်သည့် ကင်မ်ချီပြုလုပ်ရာတွင်ပါဝင်သည့် ငရုတ်သီးမှုန့်နှင့် နှမ်းများအား မြန်မာနိုင်ငံမှဝယ်ယူရန် စိတ်ဝင်စားမှုရှိကာ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များကို ငရုတ်သီးနှင့် နှမ်းတင်သွင်းနိုင်ရန်လည်း ဖိတ်ခေါ်ကမ်းလှမ်းမှုများရှိနေကြောင်း သိရသည်။ **နေနေ**

# မြိတ်နှင့် ကော့သောင်းမြို့ရှိ ရေလုပ်ငန်းများတွင် အလုပ်သမားရှားပါးမှုကို တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားစွာကြုံတွေ့နေရ

ကော့သောင်း ဧပြီ ၂၁

အိမ်နီးချင်းထိုင်းနိုင်ငံသို့ မြန်မာလုပ်သားများ သွားရောက်အလုပ်လုပ်ကိုင်နေကြသဖြင့် မြိတ်နှင့်ကော့သောင်းမြို့ရှိ ရေလုပ်ငန်းများတွင် အလုပ်သမားရှားပါးမှုကို တစ်နှစ်ထက်တစ်နှစ်ပိုမိုဆိုးရွားစွာ ကြုံတွေ့နေရကြောင်း ကော့သောင်းမြို့ရှိ လုပ်ငန်းရှင်များက ပြောသည်။

အကြီးစားစက်ရုံ အများစုပါဝင်သည့် ထားဝယ်အထူးစီးပွားရေးဇုန်မှ စက်ရုံများလည်ပတ်နိုင်ရန် လုပ်သားအင်အား ၁၈၀၀ ကျော်လိုအပ်နေပြီး လောင်းလုံးမြို့နယ်၌ တည်ဆောက်မည့် ရေနံချက်စက်ရုံတွင် ဒေသခံများ ဝင်ရောက်လုပ်ကိုင်မှုနည်းပါးနေသဖြင့် လုပ်သားရှားပါးမှုကြုံတွေ့နေရကြောင်း သိရသည်။

"အကောင်အထည်ဖော်နေတဲ့ စီမံကိန်းတွေက အလုပ်အကိုင်အခွင့်အလမ်းအတွက် အားရစရာမရှိဘူးလို့ မြင်နေကြတယ်။ ကော့သောင်းမှာဆိုရင် လုပ်သားရှားပါးလာလို့ ရေလုပ်ငန်းရှင်တွေ တခြားနယ်ကအလုပ်သမားတွေခေါ်ယူနေရတယ်။ အများအားဖြင့်တော့ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့က ခေါ်ရတယ်။ ဒေသခံတွေကို ပြည်ပကနေပြန်လာပြီးတော့ အလုပ်လုပ်စေချင်တယ်" ဟု မုဒြာရေလုပ်ငန်းပိုင်ရှင် ဦးနေလင်းစိုးက ပြောသည်။

"ထိုင်းနိုင်ငံမှာဆိုရင် တစ်နေ့ ဘတ် ၄၀၀ နီးပါးဝင်ငွေရှိတယ်။ ဒီမြို့မှာနေရင် တစ်နေ့ ငွေကျပ် ၅၀၀၀ ရဖို့ မလွယ်ဘူး။ ပြီးတော့ ပင်လယ်ထဲမှာ ကမ်းမမြင်လမ်းမမြင်အလုပ်လုပ်ရတယ်။ ရော်ဘာလုပ်ငန်းဆိုရင်လည်း နေ့စားလိုက်မှ ငွေကျပ် ၃၀၀၀ ရတာ။ ထိုင်းအလုပ်သမားဝန်ကြီးဌာနကနေ မြန်မာလုပ်သားတွေကို ပါမစ်လုပ်ပေးနေပြီဆိုတော့ လုပ်အားခနည်းတဲ့ နေရပ်ကိုပြန်လာဖို့ မဖြစ်နိုင်တော့ဘူး"ဟု ကော့သောင်းမြို့မှ ကိုမင်းမော်လတ်ကပြောသည်။

ထားဝယ်နှင့် ကော့သောင်းမြို့တို့မှ ထိုင်းနိုင်ငံသို့သွားရောက် အလုပ်လုပ်ကိုင်သူများနေပြီး အများစုသည် ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြကြောင်း သိရသည်။

ဒေသခံများ အလုပ်အကိုင်ကောင်းများရရှိစေရန် ပြည်တွင်း၌ ဒေသခံများနှင့် ရင်းနှီးပြီးဖြစ်သော အအေးခန်းအပါအဝင် ရေလုပ်ငန်းနှင့်ဆက်စပ်သည့် စက်ရုံများ၊ အထည်ချုပ်လုပ်ငန်း စသည်တို့ကို အကောင်အထည်ဖော်သင့်ကြောင်း ဒေသခံများက ပြောသည်။

**ဓာဏီ**

# ကောက်ရိုးမှိုကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ပါက ပြည်ပဈေးကွက်သို့တင်ပို့ရန် အလားအလာကောင်းများရရှိနိုင်

ရန်ကုန် ဧပြီ ၂၁

ပြည်တွင်း၌ စိုက်ပျိုးကြသည့် ကောက်ရိုးမှိုကို တန်ဖိုးမြင့်ထုတ်ကုန် (Value added) အဖြစ် စီမံနိုင်ပါက ပြည်ပဈေးကွက်သို့တင်ပို့ရန် အလားအလာကောင်းများရှိနေကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ မှိုအစုအဖွဲ့အတွင်းရေးမှူး ဦးတင်အောင်က ပြောသည်။

"ဈေးကွက်အလားအလာကောင်းတွေတော့ရှိတယ်။ ဝယ်ဖို့ကမ်းလှမ်းလာတဲ့ နိုင်ငံတွေရှိနေပေမယ့် ခက်နေတာက ဒီအတိုင်းထားရင် ရေရှည်အထားမခံတဲ့ ပြဿနာပါပဲ။ အဲဒီအတွက် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြုလုပ်ပြီးမှတင်ပို့မယ်ဆိုရင် ကြာရှည်လည်း အထားခံလာမယ်။ ဈေးကွက်ထဲမှာ ရောင်းရင်လည်း ဈေးပိုရရှိလာနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

ထိုသို့ လုပ်ဆောင်ရာတွင် စည်သွတ်ဘူးအဖြစ်ပြုလုပ်ရောင်းချနိုင်သည်အထိ ထုတ်လုပ်ရန် မှိုစိုက်ပျိုးသောလုပ်ငန်းရှင်များ ဆွေးနွေးလျက်ရှိပြီး တရုတ်(တိုင်ပေ)က ၎င်းတို့၏ နည်းပညာဖြင့် စိုက်ပျိုးသည့် မှိုများကို ပြန်လည်ဝယ်ယူနေကာ ဥရောပနှင့် အမေရိကဈေးကွက်များအထိ ပြန်လည်တင်ပို့လျက်ရှိသည်။ ပြည်တွင်း၌ စားသုံးမှုအများဆုံးဖြစ်သော မှိုသုံးမျိုးဖြစ်သည့် ကောက်ရိုးမှို၊ ကြွက်နားရွက်မှိုနှင့် ငွေနှင်းမှိုတို့ကို အများဆုံးစိုက်ပျိုးရောင်းချနေကာ မှိုထွက်ရှိမှုအနည်းအများပေါ်မူတည်၍ ဈေးနှုန်းအတက်အကျရှိကြောင်း သိရသည်။

"မှိုကို ဟင်းသီးဟင်းရွက်တွေနဲ့ တွဲဖက်စားသုံးရုံတင်မကဘူး။ ပရိုတိန်းဓာတ်တွေလည်း ပါဝင်တာဖြစ်လို့ ပြည်တွင်းပြည်ပဈေးကွက်တွေထဲကို လေ့လာကြည့်ရင် နှစ်နှစ်ခြိုက်ခြိုက်စားသုံးမှုရှိတာတွေ့ရတယ်။ ဟိုတယ်ကြီးတွေမှာဆိုရင် မှိုဟင်းလျာပွဲတွေကလည်း တန်ဖိုးမနည်းလှပါဘူး။ မှိုကို ပရိုတိန်းဓာတ်များလို့ အသားငါးတွေရဲ့နေရာမှာ အစားထိုးပြီး စားသုံးလေ့ရှိကြပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

သိပ္ပံနည်းကျဖြင့် စိုက်ပျိုးထားသော ကောက်ရိုးမှိုများတွင် အဆိပ်အတောက်လုံးဝမရှိကြောင်း အာမခံနိုင်ပြီး အဆိုပါစိုက်ပျိုးမှုကို ၁၉၈၀ ပြည့်နှစ်က စတင်ခဲ့သော်လည်း နောက်ပိုင်းတွင် ခေတ်မီနည်းစနစ်များဖြင့်စိုက်ပျိုးလာကြောင်း သိရသည်။

ယခုအခါ ပြည်တွင်းရှိ မှိုဈေးကွက်၌ ကောက်ရိုးမှိုတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ဝန်းကျင်ရှိပြီး ငွေနှင်းမှိုနှင့် ကြွက်နားရွက်မှိုတို့မှာ ငွေကျပ် ၄၅၀၀ မှ ၅၅၀၀ ကြားတွင် ရှိကြောင်း သိရသည်။

**ထက်နိုင်(စမ်းချောင်း)**

22-4-2016(P_12)YM.indd 1
4/21/2016 7:26:22 PM

# မတူရေးချ မတူ

**“နိုင်ငံခြားသားတွေကတော့ ကိုယ်သွားမယ့်တိုင်းပြည်မှာ သုံးနှုန်းတဲ့ဘာသာစကားကို ကြိုတင်လေ့လာ၊ ကြိုတင်ပြင်ဆင်တတ်တဲ့ အလေ့အထကောင်းလေးတွေရှိကြတယ်။ စာရေးသူတို့ရဲ့ အမူအကျင့်၊ အလေ့အထတွေနဲ့ကတော့ မတူတာမှ လုံးဝကိုပဲ မတူရေးချမတူပါ။”**

ဒီကမ္ဘာ ဒီလောကကြီးထဲမှာ မြန်မာလူမျိုး၊ အင်္ဂလိပ်လူမျိုး၊ ဂျပန်လူမျိုး စသဖြင့် လူမျိုးပေါင်း မရေမတွက်နိုင်လောက်အောင်ကို များပြားလွန်းလှပါတယ်။ ကမ္ဘာကြီးရဲ့ နေရာဒေသအသီးသီးမှာ ပြန့်ကျဲနေထိုင်ကြပြီး သုံးနှုန်းတဲ့ဘာသာစကား၊ ပြုမူတဲ့အမူအကျင့်တွေနဲ့ စိတ်နေစိတ်ထားတွေကလည်း အမျိုးမျိုးအထွေထွေကွဲပြားကြတယ်။ ဘာသာရေးကိုပဲ ဦးထိပ်ထားကြသူတွေရှိသလို၊ ဗဟုသုတနဲ့နည်းပညာတွေကိုပဲ အလေးထားကြတဲ့သူတွေလည်းရှိတယ်။ စီးပွားရေးကိုပဲ ဦးစားပေးကြသူတွေရှိသလို၊ လူမှုဘဝတိုးတက်ရေးကိုပဲ တစိုက်မတ်မတ်လုပ်ဆောင်နေကြသူတွေလည်းရှိတယ်။

လူမျိုးတစ်မျိုးချင်းစီရဲ့ အပြုအမူနဲ့ စိတ်နေစိတ်ထားတွေကို တစ်မျိုးတစ်စားတည်း စံထားသတ်မှတ်ပြီး ချိန်ထိုးညှိယူဖို့ဆိုတာ တကယ်တော့ လုံးဝကိုမဖြစ်နိုင်တဲ့ အနေအထားတစ်ခုပါ။ အကောင်းဆုံးဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို တွေးဆပြီး အကောင်းဆုံးတွေကိုပဲ လုပ်ကိုင်ဆောင်ရွက်ကြမယ်ဆိုရင်တော့ အကောင်းဆုံးတွေပဲ ဖြစ်လာမှာပါ။ တစ်ယောက်လုပ်တာကို တစ်ယောက်က ဝေဖန်နေမယ်ဆိုရင် တိုတောင်းလှတဲ့ လူ့ဘဝသက်တမ်းဟာလည်း အဓိပ္ပာယ်မဲ့ကုန်ဆုံးသွားမှာဖြစ်တယ်။

တစ်ဦးတစ်ယောက်ချင်းစီရဲ့ ကောင်းကွက်၊ သာကွက်လေးတွေကို လေ့လာမှတ်သားပြီး လိုက်လုပ်၊ လိုက်တု၊ လိုက်ကျင့်ကြမယ်ဆိုရင် စာရေးသူတို့လည်း သူများနည်းတူ တိုးတက်အောင်မြင်မှာ အသေအချာပါပဲ။ လောကကြီးမှာ လေ့လာစရာ၊ သင်ယူစရာတွေကလည်း များလွန်းလို့ တစ်သက်တာလုံး လေ့လာလို့မကုန်နိုင်ဘူး။ ဒါပေမဲ့လည်း မီသလောက်လေး၊ တတ်နိုင်သလောက်လေးတော့ လေ့လာနေ၊ သင်ယူနေရမှာပဲ။ ဒါမှလည်း ကျန်တဲ့ကမ္ဘာနဲ့အမီလိုက်၊ အမီပြေးနိုင်၊ ရင်ပေါင်တန်းနိုင်မယ် မဟုတ်ပါလား။

တခြားလူမျိုးတွေနဲ့ယှဉ်လိုက်ရင် စာရေးသူကအစ လေ့လာလိုစိတ်၊ သင်ယူလိုစိတ် အတော်လေးကို နည်းပါးသေးလှီလွန်းလှတယ်။ အဲဒါကို မသိဘူးလားဆိုတော့လည်း ကောင်းကောင်းကြီးသိနေတယ်။ ဒါပေမဲ့လည်း အပြောလွယ်သလောက် အလုပ်ခက်တဲ့ အနေအထားမျိုးပါ။ ကိုယ်ကိုယ်တိုင်လည်း မလေ့လာချင်၊ တခြားလေ့လာသင်ယူလိုသူတွေကိုလည်း အားမပေး၊ မချီးမြှောက်ချင်တဲ့ စိတ်ဓာတ်မျိုးပါ။

ညနေခင်းတစ်ခုမှာ ကိစ္စလေးတစ်ခုရှိလို့ သန်လျင်-ရန်ကုန်လိုင်းကားစီးပြီး ရန်ကုန်ကိုသွားခဲ့တယ်။ ညနေခင်းမှောင်ရီပျိုးချိန်ဖြစ်ပြီး စီးမယ့်သူနည်းနေလို့ လိုင်းကားလေးက ချောင်ချောင်ချိချိ။ စာရေးသူလည်း ဘေးပြတင်းပေါက်မှန်တံခါးလေးဖွင့်ပြီး ကြုံခဲလှတဲ့ လိုင်းကားချောင်ချောင်လေးကိုစီးပြီး ဘေးဘီငေးကြည့်နေမိတယ်။ ညနေခင်း လေအေးအေးလေးကလည်း တဖြူးဖြူး တဖျပ်ဖျပ်။

ရန်ကုန်ဘက်အခြမ်း သန်လျင်တံတားအဆင်းဆောက်လုပ်ရေးမှတ်တိုင်လည်းရောက်ရော အသက် ၅၀ ဝန်းကျင်လောက်ရှိတဲ့ အင်္ဂလိပ်လူမျိုး နိုင်ငံခြားသားအမျိုးသားတစ်ယောက် ကားပေါ်ကိုတက်လာတယ်။ လက်ထဲမှာလည်း အဝတ်စနဲ့ချုပ်ထားတဲ့ ကြိုးဆွဲရှုံ့ကြိုးအိတ်လေးကို ပိုက်ထားတယ်။ ကားရဲ့ညာဘက်အခြမ်း ဒုတိယထိုင်ခုံမှာ နေရာယူလိုက်တယ်။ သူ့ကိုကြည့်ရတာ ဒီလမ်းကြောင်းကို တော်တော်လေးကျွမ်းကျင်နေပုံရတယ်။ သူသွားချင်တဲ့ခရီးကို ရောက်လား၊ ဘာလားတောင် မမေးတော့ဘဲ စီးနေကျပုံစံမျိုးနဲ့ ထိုင်စီးလာတယ်။

အဲဒီအချိန်မှာပဲ ကားရဲ့နောက်ဆုံးထိုင်ခုံမှာ မြန်မာလူငယ်ငါးယောက် ထိုင်လိုက်လာတယ်။ ဘေးလူတွေကို ဂရုမထားဘဲ စကားကိုအကျယ်ကြီးအော်ပြောလိုက်၊ ရယ်လိုက် လုပ်နေကြတယ်။ သူတို့ထဲက တစ်ယောက်က အော်ပြောလိုက်တယ်။

“ဟိုမှာတွေ့လား။ နိုင်ငံခြားသား ငစေး။ နိုင်ငံခြားသားဆိုပြီး အထင်မကြီးနဲ့။ ၃၀၀ တန် လိုင်းကားကို တိုးစီးတာ။ အထင်ကြီးစရာ ဘာမှမရှိဘူး”

နိုင်ငံခြားသားက ကြားသွားပြီးလှည့်ကြည့်တယ်။ ဘာမှမပြောဘဲ ဆက်နားထောင်နေတယ်။ မြန်မာလူငယ်က ဆက်ပြောတယ်။

“ငါတို့မြန်မာလူမျိုးတွေကလည်း ခက်တယ်။ နိုင်ငံခြားသားဆို အထင်သိပ်ကြီးတယ်။ ဒီလိုင်မွဲဆို ဘယ်လိုလုပ်မလဲ”

နိုင်ငံခြားသား ထပ်ပြီးလှည့်ကြည့်တယ်။ စာရေးသူ သဘောပေါက်တယ်။ ဒီနိုင်ငံခြားသား ဗမာစကားတတ်တယ်။ အဲဒါကြောင့် တစ်ခါပြော တစ်ခါလှည့်ကြည့်လုပ်နေတာပါ။ အော်ပြောနေတဲ့လူကလည်း သူ့ရဲ့စကားပြောတဲ့အရှိန်ကို ထပ်မြှင့်လိုက်တယ်။ ထပ်တင်လိုက်တယ်။

“ဒီလို လိုင်းကားတိုးစီးတာကိုကြည့်ပြီး သူ့အဆင့်အတန်းကို မှန်းလို့ရတယ်”

နိုင်ငံခြားသားပြုံးတယ်။ ပြောနေတဲ့သူတွေကတော့ မမြင်။ စာရေးသူကတော့ အထင်းသားကြီးကိုမြင်နေရတယ်။ နေရာချင်းကလည်း ဝေးနေတော့ သူတို့ကို သတိလှမ်းပေးဖို့ မလွယ်ဘူးဖြစ်နေတယ်။ အဲဒီအချိန်မှာ သူတို့ထဲကတစ်ယောက်က သတိပေးလိုက်တယ်။

“ဟေ့ကောင်တွေ ကြည့်လည်းပြောကြဦးနော်။ နိုင်ငံခြားသားဆိုပြီး အထင်သွားမသေးလိုက်နဲ့။ ငါတို့ပြောတာတွေကို နားလည်ရင် ဒုက္ခရောက်ကုန်မယ်”

“မင်းကလည်း ငါတို့ဗမာစကားကို ပြောဖို့ နားလည်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှမဟုတ်တာ။ ကြောက်စရာမရှိတာ ကြုံဖန်ပြီးကြောက်နေတယ်”

နိုင်ငံခြားသား ဘာမှဝင်မပြောဘဲ ပြုံးမြဲပြုံးနေတယ်။

“ဟေ့ကောင်တွေ ဟိုမှာ နိုင်ငံခြားသားပြုံးနေတယ်”

“အဖော်မပါဘဲ တစ်ယောက်တည်းပြုံးနေတာဆိုတော့ ရူးနေလို့နေမှာပေါ့”

အရှိန်မလျှော့တဲ့အပြင် ပိုဆိုး၊ ပိုတိုးလာတယ်။ အဲဒီအချိန်မှာ ကားစပယ်ယာ နိုင်ငံခြားသားဆီလာပြီး ကားခတောင်းတယ်။ လက်ညှိုးနဲ့လက်မကို ထိပ်ချင်းထိပြီး ဝိုင်းပြလိုက်တယ်။

"How much"

“သုံးရာ”

လက်သုံးချောင်းထောင်ပြလိုက်တယ်။ နိုင်ငံခြားသားလည်း သူ့ကြိုးဆွဲရှုံ့ကြိုးအိတ်လေးကို ကြိုးဖြေပြီး ခေါက်ပိုက်ဆံအိတ်လေးထုတ်လိုက်တယ်။ အဲဒီအထဲက မြန်မာငွေ နှစ်ရာတန်တစ်ရွက်နဲ့ တစ်ရာတန်တစ်ရွက် ယူလိုက်တယ်။ စပယ်ယာလက်ထဲမထည့်ခင် သေသေချာချာပြန်ရေနေလိုက်သေးတယ်။ ခုနအုပ်စုထဲက လူက ထပ်ပြီး အော်ပြောပြန်တယ်။

“တွေ့လား။ အပိုပါသွားမှာစိုးလို့ ပွတ်နေတာ။ စပယ်ယာ ဘာဖြစ်လို့ သုံးရာတည်းယူတာလဲ။ ငစေးကို မှတ်လောက်သားလောက်အောင် တစ်သောင်းလို့ ပြောလိုက်ပါလား။ စေးလိုက်တာမှလွန်ရော။ တက္ကစီတောင်မစီးဘဲ လိုင်းကားတိုးစီးတယ်တဲ့။ နိုင်ငံခြားသားသိက္ခာကျတယ်”

စပယ်ယာက နိုင်ငံခြားသားကို ဗမာလိုထပ်မေးတယ်။

“ဘယ်မှာဆင်းမှာလဲ”

“လမ်း(၅၀)မှတ်တိုင်မှာ ဆင်းမှာပါခင်ဗျာ”

ဗမာလိုဖြေသွားတယ်။ ကားပေါ်မှာပါတဲ့ ခရီးသည်တွေအားလုံး အံ့အားသင့်သွားကြတယ်။ စကားအသံထွက် ပီသရုံတင်မကဘူး။ ယဉ်ကျေးတဲ့ပုံစံလေးပါသုံးပြီး “ခင်ဗျာ”လို့တောင် ထည့်သုံးသွားတယ်။ ဂန္ဓီမှတ်တိုင်လည်းရောက်ရော လမ်း(၅၀)မှာဆင်းဖို့ တစ်မှတ်တိုင်ကြိုထတယ်။ ပြီးတော့ ကားနောက်ပိုင်းကို လမ်းလျှောက်သွားတယ်။ သူ့အကြောင်းပြောနေတဲ့ လူတွေရှေ့မှာ လက်အုပ်လေးချီပြီး မတ်တတ်ရပ်တယ်။ ဗမာလိုပြောတယ်။ အထစ်အငေါ့မရှိ၊ ပြေပြေပြစ်ပြစ် ချောချောမောမော။

“ဗမာလိုပြောပေးတာ ကျေးဇူးတင်ပါတယ်။ ငစေးဆိုတာ ကပ်စေးနှဲတဲ့လူကိုပြောတာလား။ ကျွန်တော်မှတ်ထားပါ့မယ်”

မှတ်ကရောပဲ။ လမ်း(၅၀)မှတ်တိုင်ရောက်တော့ နိုင်ငံခြားသားဆင်းသွားတယ်။ လက်ဝှေ့ယမ်းပြီးတောင် နှုတ်ဆက်သွားလိုက်သေးတယ်။ ဗမာစကားကို ကောင်းကောင်းနားလည်သွားလို့ ဝမ်းသာနေပုံရတယ်။

အခုနစကားကို အကျယ်ကြီးအော်ပြောနေကြတဲ့ လူငယ်တွေ ငုတ်တုတ်။ မီးခလုတ်ကိုပိတ်လိုက်သလိုမျိုး ငြိမ်နေလိုက်ကြတာမှ တိတ်တိတ်ဆိတ်ဆိတ်။ သူတို့စိတ်၊ သူတို့အမူအကျင့်တွေနဲ့ ချိန်ထိုးနှိုင်းယှဉ်ပြီး မဆင်မခြင်ပြောလိုက်မိတာပါ။ လူတိုင်းကို ကိုယ်တွေလိုပဲဆိုပြီး လျှော့တွက်လိုက်မိတာပါ။ အခုတော့ သူတို့ထက် လေ့လာမှုအား၊ သင်ယူမှုအား ပိုကောင်းတဲ့လူနဲ့လည်း တွေ့ရော အံ့အားသင့်တဲ့မျက်လုံးလေးတွေနဲ့ထိုင်နေလိုက်ကြတာမှ အငြိမ်သား။

ဘာသာစကားကိုကြိုတင်လေ့လာလေ့ကျင့်တဲ့ အမူအကျင့်၊ တခြားလူတွေကိုယ့်ဘာသာစကားကို နားလည်လား၊ မလည်လားဆိုတာကို ကြိုတင်ခန့်မှန်းနိုင်တဲ့ အရည်အသွေးတွေနဲ့ ပတ်သက်ရင် စာရေးသူတို့ အားနည်း၊ အားမသန်ဖြစ်ကြရတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး စာရေးသူရဲ့ကိုယ်တွေ့ဖြစ်ရပ်လေးတစ်ခုကို ထပ်ပြီးတင်ပြပါဦးမယ်။

သန်လျင်မြို့က လုပ်ငန်းခွင်တစ်ခုမှာ နိုင်ငံခြားသားတစ်ယောက်နဲ့ ဒေသခံလုပ်ငန်းတာဝန်ခံတစ်ယောက်တို့အလုပ်ကိစ္စနဲ့ပတ်သက်ပြီး အကြိတ်အနယ်ဆွေးနွေးညှိနှိုင်းနေကြတယ်။ နိုင်ငံခြားသားက အာဖရိကန်လူမျိုးပါ။ နှစ်ဦးနှစ်ဖက်နားလည်ကြဖို့ အင်္ဂလိပ်ဘာသာစကားကိုပဲ ကြားခံအဖြစ်အသုံးပြုခဲ့ကြတယ်။ ဒေသခံလုပ်ငန်းတာဝန်ခံကပဲ စပြီး မိတ်ဆက်တယ်။

“မင်္ဂလာပါ”

“မင်္ဂလာပါ”

“လုပ်ငန်းအကြောင်းပဲ စပြောကြမယ်နော်”

“ကောင်းပါတယ်။ ပြောပါ”

“လူကြီးမင်းတို့ သဘော်နဲ့အခုသယ်လာတဲ့ပစ္စည်းတွေက ကျွန်တော်တို့လုပ်ငန်းခွင်မှာ အပိုအလျှံရှိပြီးသားပါ။ ဟိုမှာတွေ့လား။ လူကြီးမင်းမြင်တဲ့အတိုင်းပါပဲ”

“အဲဒီတော့ လူကြီးမင်းတို့က ဘာဖြစ်ချင်လို့ပါလဲ”

“ဖြစ်ချင်တာကတော့ လူကြီးမင်းတို့ အခုသယ်လာတဲ့ ပစ္စည်းတွေအားလုံးကို မိုးမလင်းခင် အစဖျောက်ပစ်လိုက်ချင်တယ်။ အကျိုးအမြတ်ကို လူကြီးမင်းတို့တစ်ဝက်၊ ကျွန်တော်တို့တစ်ဝက် ခွဲယူမယ်။ သဘောတူပါသလား”

“မတူပါဘူး”

“အဲဒါဆို သုံးပုံပုံမယ်။ လူကြီးမင်းတို့က နှစ်ပုံယူ။ ကျွန်တော်တို့ကို တစ်ပုံပဲပေးပါ”

“သဘောမတူပါဘူး”

“အဲဒါဆို လေးပုံပုံမယ်။ လူကြီးမင်းတို့က သုံးပုံယူ။ ကျွန်တော်တို့ကို တစ်ပုံပဲပေးပါ”

“မဖြစ်နိုင်ပါဘူး”

ဘယ်လိုမှ ညှိမရတဲ့အဆုံးမှာတော့ ဒေသခံလုပ်ငန်းတာဝန်ခံက စိတ်မရှည်နိုင်တော့ဘဲ. . .

“အရေးမပါတာ။ သူခိုးက ခုမှလာပြီး သူတော်ကောင်းယောင်လာဆောင်နေတယ်”

နိုင်ငံခြားသား ဘာမှပြန်မပြောဘဲ ငြိမ်ပြီးနားထောင်နေတယ်။

“ညှိမရလည်းနေပေါ့။ ငတ်ပေါ့။ ဒီလောက်လုပ်ပေးတာတောင် ကျေးဇူးမတင်ဘူး။ ဟန်လုပ်နေတယ်။ သူ့အကြောင်း မသိဘူးများမှတ်နေလား။ သူခိုး။ အောက်တန်းစား”

အဲဒီအချိန်မှာ နိုင်ငံခြားသားက ဗမာလိုပြန်ပြောတယ်။

“မမိုက်ရိုင်းပါနဲ့ခင်ဗျာ။ မဖြစ်နိုင်လို့ မဖြစ်နိုင်ဘူးပြောတာပါ။ ကျွန်တော်သူခိုးမဟုတ်ပါဘူး။ စိတ်မဆိုးပါနဲ့ခင်ဗျာ”

ဗမာလိုပြောသွားလိုက်တာမှ ယဉ်ယဉ်ကျေးကျေး၊ သိမ်သိမ်မွေ့မွေ့၊ ပြေပြေပြစ်ပြစ်၊ လေသံလေး နည်းနည်းပါးပါး ယိမ်းယိုင်တာကလွဲပြီး ဗမာစကားကို အဆင်ပြေအောင် တော်တော်လေးပြောနိုင်တယ်။

လုပ်ငန်းတာဝန်ခံလည်း ထူပူပြီး မျက်နှာဘယ်နားသွားထားရမှန်းမသိ ဖြစ်ခဲ့ရတယ်။ နောက်နေ့တွေမှာ လုပ်ငန်းကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးစရာရှိရင် သူကိုယ်တိုင်မသွားတော့ဘဲ သူ့လက်ထောက်ကိုပဲ လွှတ်ပြီး ဆွေးနွေးပြောဆိုခိုင်းခဲ့ရတယ်။

အဖြစ်အပျက်တွေအားလုံးရဲ့ အခြေခံဇာစ်မြစ်ကို သေသေချာချာဆန်းစစ်ကြည့်မယ်ဆိုရင် စာရေးသူတို့က တခြားလူတွေကို အမြဲတမ်းလျှော့တွက်တတ်ကြတယ်။ ကိုယ်နဲ့ယှဉ်ပြီး ပုံသေသတ်မှတ်ကြတယ်။ ကြိုတင်ပြင်ဆင်တတ်တဲ့ အလေ့အထလည်း နည်းပါးလွန်းတယ်။ အထူးသဖြင့် ဖတ်ရမယ်၊ မှတ်ရမယ်ဆိုရင် ပိုပြီးတော့တောင် အချိန်မဖြုန်းချင်ကြပါဘူး။ သင်ယူ၊ လေ့လာ၊ ဖတ်၊ မှတ်မှုတွေနဲ့ ဝေးသည်ထက်ဝေးလာနေကြတယ်။ အဲဒါတွေဟာ ကြာလာတော့ အကျင့်ပါသွားပြီး မဖတ်ချင်၊ မမှတ်ချင် ဖြစ်လာပါတော့တယ်။ ကြုံသလို၊ အဆင်ပြေသလို အဖြစ်သဘောပဲ လုပ်လာကြတော့တယ်။

ဘာသာစကားလေ့လာကြတဲ့ အမူအကျင့်ကောင်းတွေအပေါ်မှာလည်း အချိန်မပေးချင်ကြပါဘူး။ ပုံစံကျနေစရာမလိုဘူး။ အစီအစဉ်ကျနေစရာမလိုဘူး။ ဘာသဒ္ဒါမှ ဂရုစိုက်နေစရာမလိုဘူး။ အဓိကက ကိုယ်ဘာပြောချင်တာလဲ။ သူ ဘာပြောနေတယ်ဆိုတာကို နားလည်ရင်ပြီးရောဆိုတဲ့ အယူအဆလေးတွေကလည်း အရိုးစွဲနေကြပြန်ပါသေးတယ်။

လိုင်းကားစီးရင်းပဲဖြစ်ဖြစ်၊ လူဆုံရာအရပ်တစ်ခုခုမှာပဲဖြစ်ဖြစ် တစ်ယောက်ယောက်က အင်္ဂလိပ်လိုဒါမှမဟုတ် တခြားဘာသာစကားတစ်ခုခုနဲ့ ပြောနေရင်လည်း မကြိုက်ကြပြန်ပါဘူး။ “နားငြီးတယ်။ မြန်မာပြည်မှာလာပြီး အင်္ဂလိပ်လိုလာပြောနေတယ်” စသဖြင့် ကဲ့ရဲ့သလိုလို၊ မနှစ်သက်သလိုလိုနဲ့ ရှုတ်ချပြစ်တင်တတ်တဲ့ လူတွေနဲ့လည်း အကြိမ်ကြိမ်ကြုံဖူးတယ်။ ဘာသာစကားတစ်ခုရဲ့ အရေးပါပုံတွေဟာ ဘယ်လောက်အထိတောင် အံ့သြဖို့ကောင်းတယ်၊ အောင်မြင်မှုတွေ ယူဆောင်လာပေးနိုင်တယ်ဆိုတာကို ကောင်းကောင်းကြီး သတိမထားမိကြသေးပါဘူး။

အဲဒီတော့ သူများနဲ့ယှဉ်တဲ့အခါမှာ နောက်က အမြဲတမ်းဖြစ်နေကြရတာပါ။ လေယာဉ်ပျံစီးလို့ အချက်အလက်တွေ ရေးဖြည့်ရတဲ့အခါ မဖြည့်တတ်လို့ ဟိုလူ့လိုက်ကြည့်၊ ဒီလူ့လိုက်ကြည့်၊ ဟိုလူ့ဆီက နမူနာတောင်းကြည့်၊ ဒီလူ့ဆီက နမူနာတောင်းကြည့် လုပ်နေကြရတုန်းပါပဲ။

နိုင်ငံခြားသားတစ်ယောက်ယောက်နဲ့ ဆက်သွယ်ဆောင်ရွက်ချင်တဲ့အခါမှာလည်း ဘာသာစကားတိုးမပေါက်တော့ စကားကို ဘာသာပြန်ပေးရမယ့်သူကို ရှာကြရပြန်တယ်။ အားကိုးကြရပြန်တယ်။ ကိုယ်အားကိုးတဲ့စကားပြန်ကရော ဘယ်လောက်အတိုင်းအတာထိ ကျွမ်းကျင်တတ်မြောက် ပိုင်နိုင်ထားသလဲဆိုတာကလည်း အရေးကြီးလာပြန်တယ်။ ထည့်သွင်းစဉ်းစားစရာဖြစ်လာတယ်။ ကိုယ့်လောက်တော့ ဘယ်သူ့ကိုမှ စိတ်ချယုံကြည်ကိုးစားလို့ မရနိုင်ပါဘူး။ ကိုယ်ကိုယ်တိုင်ကပဲ စိတ်အချရဆုံးပါ။ အခရာအကျဆုံးပါ။

နိုင်ငံခြားသားတွေကတော့ ကိုယ်သွားမယ့်တိုင်းပြည်မှာ သုံးနှုန်းတဲ့ဘာသာစကားကို ကြိုတင်လေ့လာ၊ ကြိုတင်ပြင်ဆင်တတ်တဲ့ အလေ့အထကောင်းလေးတွေ ရှိကြတယ်။ စာရေးသူတို့ရဲ့ အမူအကျင့်၊ အလေ့အထတွေနဲ့ကတော့ မတူတာမှ လုံးဝကိုပဲ မတူရေးချ မတူပါ။ သူတို့တွေကို အတုယူပြီး ကြိုတင်ပြင်ဆင်၊ လေ့ကျင့်ထားကြမယ်ဆိုရင် ဘာသာစကားနဲ့ပတ်သက်တဲ့ အခက်အခဲ အတားအဆီးတွေကို ရင်ဆိုင်ဖြေရှင်းနိုင်၊ အောင်မြင်ကျော်လွှားနိုင်ကြမှာ အသေအချာပါပဲ။ ။

**ကြင်လှိုင်မြင့်**

# မြိတ်မြို့တွင် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်လှစ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကျင်းပစဉ်။

နေပြည်တော် ဧပြီ ၂၁

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အစီအစဉ်ဖြင့်ဖွင့်လှစ်သင်ကြားသည့် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့၊ ရွှေပေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်စိုး၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအတွက် စာရေးကိရိယာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ၎င်းသင်တန်းကို ကျောင်းသား၊ ကျောင်းသူ ၁၅၅ ဦးဖြင့် မေ ၂၀ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



နွားနို့တိုက်ပါ
ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေးကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့။

# ရှမ်းမျိုးနွယ်စုရေးရာကော်မတီဖွဲ့စည်းနိုင်ရေး မူဘောင်ချမှတ်နိုင်ရန်ညှိနှိုင်းစည်းဝေး

မြစ်ကြီးနား ဧပြီ ၂၁

ကချင်ပြည်နယ်အတွင်းနှင့်ဆက်စပ်လျက်ရှိသည့်ဒေသများတွင်နေထိုင်ကြသော ရှမ်းတိုင်းရင်းသားမျိုးနွယ်စုများ၏ ရေးရာကော်မတီဖွဲ့စည်းနိုင်ရေး မူဘောင်ချမှတ်နိုင်ရန် ညှိနှိုင်းအစည်းအဝေးပွဲကို ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက်ရှိ ရှမ်းမျိုးနွယ်စုများဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ကချင်ပြည်နယ်အစိုးရအဖွဲ့ ရှမ်းမျိုးနွယ်စုရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းက ရှမ်းမျိုးနွယ်စုများရေးရာအဖွဲ့ ဖွဲ့စည်းရာတွင် ဒေသအတွင်း လိုက်လျောညီထွေမှုရှိမည့် မူဘောင်များချမှတ်နိုင်ရန် ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်းနှင့် မူဘောင်ရေးဆွဲရာတွင်ပါဝင်မည့် အဖွဲ့အမည်၊ လုပ်ငန်းတာဝန် ဦးစီးကော်မတီရွေးချယ်ခြင်းဆိုင်ရာများအဓိပ္ပာယ်ဖော်ပြချက် စသည့် အခန်းအလိုက်ရေးသားဖော်ပြရာ၌ ရှောင်ရန်/ဆောင်ရန်များ စသည်တို့ကိုအကျယ်တဝင့်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် ရှမ်းမျိုးနွယ်စုရေးရာ စာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်များ၊ အနယ်နယ်အရပ်ရပ်မှတက်ရောက်လာသည့်ရှမ်းတိုင်းရင်းသားမျိုးနွယ်စုခေါင်းဆောင်များက ရှင်းလင်းဆွေးနွေးချက်များအပေါ် ဖြည့်စွက်တင်ပြဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းမျိုးနွယ်စုရေးရာအဖွဲ့အတွင်းရေးမှူး ဦးစိုင်းဆန်းဝေ၊ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဦးစိုင်းထိန်လင်းနှင့်ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြောင်း သိရသည်။ (၄၀၃)

♦ ရှေ့ဖုံးမှအဆက်

ကြီးကြပ်ဆရာမ ကိုးဦး၊ ပုလဲငွေဆောင်ဟိုတယ်တွင် ဒသမတန်းထူးချွန်လူငယ် ၈၈ ဦးနှင့် ကြီးကြပ်ဆရာကိုးဦးတို့ထားရှိမည်ဖြစ်သည်။ စားသောက်ရေးနှင့်ပတ်သက်၍ ဧပြီ ၂၇ ရက်တွင် ရန်ကုန်မှငွေဆောင်သို့အသွား ပန်းတနော်ရွှေမင်္ဂလာရပ်နားစခန်း၌ နံနက်စာစီစဉ်ထားရှိပြီး နေ့လယ်စာကို ပုသိမ်ဟိုတယ်၌စီစဉ်ထားရှိသည်။ အခြားသောရက်များတွင် ယုဇနဟိုတယ်နှင့် ပုလဲငွေဆောင်ဟိုတယ်များ၌ နံနက်စာ၊ နေ့လယ်စာနှင့် ညစာတို့ကျွေးမွေးနိုင်ရန်စီစဉ်ထားကြောင်းသိရသည်။

အစားအသောက်များ ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာနမှ ဆရာဝန်များက စစ်ဆေးပေးမည်ဖြစ်ကြောင်း သိရသည်။ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင်လည်း တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ အကူအညီဖြင့် ရန်ကုန်-ငွေဆောင်လမ်းတစ်လျှောက် လူနာတင်ယာဉ်လိုက်ပါဆောင်ရွက်ပေးမည်ဖြစ်ပြီး စခန်းသို့ရောက်ချိန်တွင်လည်း ကျန်းမာရေးဆေးခန်းများကို တည်းခိုရာဟိုတယ်များတွင် ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်ဖြစ်သည်။ လိုအပ်ပါကလည်း ငွေဆောင်ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသနိုင်ရန် စီစဉ်ပေးထားမည်ဖြစ်ပြီး လူနာတင်ယာဉ်နှစ်စီးကိုလည်း အဆင်သင့်ထားရှိပေးမည်ဖြစ်ကြောင်း သိရသည်။

လုံခြုံရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ဦးစီးကာ လမ်းကြောင်းလုံခြုံရေးနှင့်စခန်းလုံခြုံရေးများကို စီမံချက်ရေးဆွဲဆောင်ရွက်ထားသည်။ ရေချိုးအပန်းဖြေသည့်အခါ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် သီးသန့်နေရာစီစဉ်ထားရှိမည်ဖြစ်ပြီး ကယ်ဆယ်ရေးအဖွဲ့များဖြင့် စောင့်ရှောက်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပို့ဆောင်ရေးအနေဖြင့် ရန်ကုန်မှငွေဆောင်သို့ Elite လေအိတ်မှန်လုံအဆင့်မြင့်မော်တော်ယာဉ်များစီစဉ်ထားရှိသည်။ ပုသိမ်မြို့တွင်းလေ့လာခြင်းနှင့်အပြန်ခရီးစဉ်အတွက် Elite လေအိတ်မှန်လုံအဆင့်မြင့်မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးမည်ဖြစ်သည်။

ဘက်စုံပညာထူးချွန်လူငယ်များ ရက်အလိုက်ဆောင်ရွက်မည့်အစီအစဉ်များမှာ ဧပြီ ၂၇ ရက်တွင် အပန်းဖြေစခန်းစတင်ဝင်ရောက်မည်ဖြစ်ပြီး ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် လူရည်ချွန်ဟောင်းများနှင့်တွေ့ဆုံပွဲပြုလုပ်ရန်စီစဉ်ထားပြီး နေ့လယ်ပိုင်းတွင်



စခန်းဖွင့်ပွဲအတွက် အစမ်းလေ့ကျင့်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းများဆောင်ရွက်မည်ဖြစ်သည်။ စုပေါင်းကိုယ်လက်လေ့ကျင့်ခန်းနှင့် အခြေခံစစ်ရေးပြသင်တန်းပြုလုပ်ခြင်းကို ဟိုတယ်ရှေ့သဲသောင်ပြင်၌ နံနက်ပိုင်းတွင် နေ့စဉ်လုပ်ဆောင်သွားမည်ဖြစ်သည်။

ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် စခန်းဖွင့်ပွဲအခမ်းအနားပြုလုပ်မည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင် အခမ်းအနားတက်ရောက်လာသူများနှင့် နေ့လယ်စာသုံးဆောင်ရန် ပုလဲငွေဆောင်ဟိုတယ်၌ စီစဉ်ထားကြောင်းသိရသည်။ ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များပြုလုပ်ပေးသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးပညာရေးမှူးရုံးက ဖွဲ့စည်းထားသော ပညာအလင်္ကာတေးဂီတအဖွဲ့၊ ငွေဆောင်အထကနှင့် အခြားသောအခြေခံပညာကျောင်းများမှ အလှည့်ကျဖျော်ဖြေရန် စီစဉ်ထားကြောင်း သိရသည်။

ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့သို့ လေ့လာရေးခရီးသွားရောက်မည်ဖြစ်ပြီး အထည်ချုပ်စက်ရုံနှစ်ရုံ၊ ပုသိမ်ထီးလုပ်ငန်းနှင့်ပုသိမ်ဟာလဝါလုပ်ငန်းကို လေ့လာမည်ဖြစ်သည်။ ရွှေမုဋ္ဌောစေတီကို ဖူးမြော်ပြီးပါက နေ့လယ်စာကို Royal Lake ဟိုတယ်၌ စီစဉ်ထားကြောင်း သိရသည်။ နေ့လယ်စာစားပြီးပါက ပုသိမ်မြို့ မြို့တော်ခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တွေ့ဆုံပွဲပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မေ ၁ ရက်တွင် ငွေဆောင်ပတ်ဝန်းကျင်ပြည်သူ့ဘဝလေ့လာရေးအဖြစ် သဇင်ရွာသို့ သွားရောက်မည်ဖြစ်ပြီး မေ ၂ ရက်တွင် ဟိုတယ်လုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောခြင်း၊ ပုသိမ်မြို့ ကွန်ပျူတာပညာရှင်အသင်းက ကွန်ပျူတာပညာရပ်ဆိုင်ရာဟောပြောပို့ချခြင်းနှင့် ညနေပိုင်းတွင် ငွေဆောင်ဟိုတယ်ဇုန်ကို လေ့လာနိုင်အောင် စီစဉ်ထားကြောင်း သိရသည်။ ညပိုင်းတွင် ပုလဲငွေဆောင်ဟိုတယ်ဝင်းထဲ၌ မီးပုံပွဲကျင်းပ၍ စခန်းသိမ်းပွဲပြုလုပ်မည်ဖြစ်သည်။

မေ ၃ ရက် နံနက်ပိုင်းတွင် ငွေဆောင်မှ ပြန်လည်ထွက်ခွာပြီး ပုသိမ်ဟိုတယ်၌ နံနက်စာကျွေးမွေးညှော့ခံမည်ဖြစ်သည်။ ပုသိမ်ဟိုတယ်တွင် ဧရာဝတီတိုင်းဒေသကြီးမှ ဘက်စုံပညာထူးချွန်လူငယ်များချန်ခဲ့ပြီး ရန်ကုန်စုရပ်အထက(၁)လမ်းမတော်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကာ နေ့လယ်စာကို ဆားမလောက်၌ ကျွေးမွေးမည်ဖြစ်သည်။

အဋ္ဌမတန်း ဘက်စုံပညာထူးချွန်လူငယ်များအတွက် ပုဂံအပန်းဖြေစခန်း၊ နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များအတွက် အင်းလေးအပန်းဖြေစခန်းနှင့် ဒသမတန်းဘက်စုံပညာထူးချွန်လူငယ်များအတွက် ငွေဆောင်အပန်းဖြေစခန်းတို့ကို ဧပြီ ၂၇ ရက်မှ မေ ၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အတန်းတစ်တန်းစီအတွက် အပန်းဖြေစခန်းတစ်ခုစီ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ သုံးနှစ်ဆက်တိုက်အရွေးချယ်ခံရပါက စခန်းသုံးခုစလုံး၌ အပန်းဖြေခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ညွန့်ဇော်အောင်၊ ထွန်းထွန်းနိုင်**

# တမလန်းသစ်လုံးများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဧပြီ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မန်နကျေးရွာ၏ တောင်ဘက် ၂ မိုင်ခန့်အကွာ၌ တမလန်းသစ်လုံးအရွယ်စုံ ၅၄ လုံး(ခန့်မှန်း ၈ တန်ခန့်)ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ၎င်းနေရာအနီးတစ်ဝိုက်မှထပ်မံ၍ နှစ်နေရာခွဲကာ စုပုံထားသော တမလန်းသစ်လုံး စုစုပေါင်း ၉၅လုံး (ခန့်မှန်း ၁၂ တန်ခန့်)ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ တမလန်းသစ်လုံးစုစုပေါင်း ၁၄၉ လုံး(ခန့်မှန်း ၂၀ တန်ခန့်)အား ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာနသို့စနစ်တကျလွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



သိမ်းဆည်းရမိ တမလန်းသစ်လုံးများကိုတွေ့ရစဉ်။

# မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် စုပေါင်းသန့်ရှင်းရေးလုပ်အားဒါနဆောင်ရွက်


မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် တပ်မတော်သားများ စုပေါင်းသန့်ရှင်းရေးလုပ်အားဒါနများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော်　　ဧပြီ　　၂၁

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ် မဟာမုနိဘုရားကြီး၌ ဧပြီ ၂၀ ရက် ညပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သားများက ဘုရားကြီး၏ ရင်ပြင်တော်၊ ဗုဒ္ဓမြတ်စွယ်တော်ပွားပြတိုက်၊ သမိုင်းပန်းချီပြတိုက်နှင့် ဘုရားဖူးပရိသတ်များ ဖူးမြော်ကြည်ညိုသည့်နေရာများတွင် စုပေါင်းသန့်ရှင်းရေးလုပ်အားဒါနများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့် တာဝန်ရှိသူများကသွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းလိုအပ်ချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)







# တပ်မတော်ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော်　　ဧပြီ　　၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော တပ်မတော်သားများ၊ မိသားစုဝင်များနှင့်ဒေသခံပြည်သူများအား ယနေ့နေ့လယ်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်အေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ထို့နောက် ဆေးရုံတက်လူနာများအား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)


တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်အေး ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေးစဉ်။

## ■ တောမီးလောင်ကျွမ်းမှုမှ

ထိုမီးလောင်ကျွမ်းမှုအား နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ထပ်ဆင့်လွှင့်စက်ရုံ မီးလောင်ကျွမ်းမှုကို ည ၁၀ နာရီခွဲတွင် ငြိမ်းသတ်နိုင်ခဲ့ပြီး တောင်ထိပ်မှ တောင်အောက်သို့ တောမီးကူးစက်လောင်ကျွမ်းမှုကို ည ၁၁ နာရီခွဲတွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ထပ်ဆင့်လွှင့်စက်ရုံရှိ ဂိုဒေါင်တစ်လုံးနှင့် ဂိုဒေါင်အတွင်းရှိ ၆၀ ကေဗွီ မီးစက်တစ်လုံး၊ လေအေးပေးစက် တစ်လုံး၊ ၁၂ ဗို့ ဘက်ထရီခြောက် ၃၂ လုံး၊ ရုပ်မြင်သံကြားပြစက် တစ်လုံး၊ ဂြိုဟ်တုဖမ်းစက်နှစ်လုံးနှင့် ပါဝါကေဘယ်လ်ကြိုး သုံးချောင်းတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)

# အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော်　　ဧပြီ　　၂၁

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကြက်ဖြူကန်ကျေးရွာ၊ ရဲဘော်ဈေးအနီး၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုများကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာစီမံကိန်းတွင် ပထမအဆင့်အနေဖြင့် အရာရှိငယ်နေအိမ် နှစ်ခန်းတွဲလေးထပ် လေးလုံးနှင့် အခြားအဆင့်စစ်သည်နေအိမ် နှစ်ခန်းတွဲလေးထပ် ရှစ်လုံးတို့အားဆောက်လုပ်ရန်အတွက် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ (၁၀၀)


ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရဲဘော်ဈေးအနီး၌ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုကို တွေ့ရစဉ်။

# ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး

နေပြည်တော်　　ဧပြီ　　၂၁

ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ ယာဒိုကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၂၁၅ ဦးအား ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ သွားရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ အစာအိမ်ရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ရောဂါနှင့် အထွေထွေအားနည်းရောဂါဆိုင်ရာများ ကုသပေးခြင်းနှင့်လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုကို တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်ကျော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော ဒေသခံပြည်သူများအား ဆေးရုံတက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးကာ ယာဒိုကျေးရွာဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)


တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြတ်ကျော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

## မိုးထစ်ချုန်း ရွာမည်

၂၂-၄-၂၀၁၆

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk




Sagaing fault is a major fault in Myanmar.

## Towns along Sagaing fault under surveillance

**Yangon April 21**

There may be small earthquakes during this year, according to an official from Myanmar Earthquake Committee.

The committee is making a watchful eye on 14 towns which are located on the Sagaing fault. They are Yangon, Thongwa, Nay Pyi Taw, Taungoo, Bago, Phyu, Mandalay, Sagaing, Pyinmana, Wuntho, Takaung, Myitkyina, Wundwin and Singu.

Recently, a strong earthquake hit the country, causing minor damages. The country may face further water shortages due to the earthquake.

According to geologists, there may be big earthquakes during last three months of this year. Seven small and moderate earthquakes hit the country. It is expected that small earthquakes may occur at the early monsoon season. There is a 90 per cent probability that the Sagaing fault may jolt due to small earthquakes. People living in the major cities located on the Sagaing fault need to watch out for the danger of earthquakes.

Geologists are monitoring the Sagaing fault as it has been stable for more than 100 years. There may be impacts in the country as strong earthquakes hit the Asian countries. It is the biggest fault in Myanmar. Efforts are being made to issue real-time warnings when there are distinct conditions.

*Soe Moe*

## Thailand plans to install devices for air-quality checks in Myanmar

**Yangon April 21**

Thailand, neighbouring country of Myanmar, is planning to install devices for air-quality checks in Myanmar in a bid to fight the threat of smog.

Pollution Control Department (PCD) director-general Wijarn Simachaya said on April 20, "The installation in Vientiane had already been completed. Next year, we will install similar devices in the two other neighbouring countries."

Smog has been a shared threat in the region because wind can blow unhealthy smoke from one country to another.

Hotspots in nearby countries can affect Thailand. "We have already written to the Asean-secretary-general, asking for help in getting Myanmar, Laos and Cambodia to reduce their hotspots," Wijarn said.

Agricultural fires are widely blamed for the worsening haze problem in the Asean region. As of Tuesday night, the Asean Specialised Meteorological Centre has reported scattered hotspots in Myanmar and isolated hotspots in Thailand, Cambodia, Laos and the Philippines.

Deputy Chiang Mai Governor Mongkhon Suksai said that as long as neighbouring countries were full of hotspots, Thailand would be affected.

"Cross-border smog means that even if there is not a single hotspot in Thailand, many Thai provinces will still struggle with the haze," he said. A smog crisis threatens people's health and also economy. Poor visibility affects travelling, sometimes causing flight cancellations.

Thailand once asked for Myanmar's cooperation in tackling forest fires in the haze hit nothern region.

*Aung*

## Dala property market cool

**Yangon April 21**

Property market in Dala Township is cool despite skyrocketing land prices, real-estate agents from Dala Township said.

Property prices are skyrocketing shortly after the news about a new bridge project that links Yangon and Dala. Houses near the bridge project got higher prices than those in the Township. Properties were in high demand at a time when the news about the bridge project came out.

In March, a plot of land worth around Ks-10 million was in high demand. Most of people living on the other side of Dala are vendors, blue-collar workers and farmers. Real-estate agents turn to rental market due to the cooling market caused by low demand and skyrocketing prices.

Myanmar-South Korea Friendship Bridge is a suspension bridge. The 6144-foot-long bridge will be built at a cost of US$-137.833 million with loans from the South Korea. Myanmar will have to repay loans at an interest rate of 0.01 per cent. The five-year project is expected to be completed by 2020.

*Soe Moe*

## Affordable housing in Dagon Seikkan offers 15,000 apartments

**Yangon April 21**

An affordable housing project complete with 15,000 apartments will be built in Dagon Seikkan Township in Yangon, according to Capital Development Co which is the main developer of the project.

Capital Development Co together with Sae Paing Construction and Bagan Business Group will implement the project on 183 acres of land at the corner of Mya Nandar Street and Shweli Street in Dagon Seikkan Township.

Yangon Region Government invited tender for the project in April last year , attracting tenders from 12 companies including major constructors like Shwe Taung Co, Htoo Construction Co, FCGC (IGE Group), Chan Tha Shwe Myay Co and Young Entrepreneur Group.

The project is scheduled to be started in around 2018 when Yangon City Development Committee (YCDC) is able to supply tap water to the area, according to the project developer.

*447*

# Fishery industry facing labour shortage in Kawthoung

**Yangon April 21**

Fishery industry in Taninthayi Region's Kawthoung is facing worsening shortage of labour year by year as Myanmar workers have crossed the border to work in neighbouring Thailand, said businessmen in Kawthoung.

Local businessmen have called on the region government for creating an environment which can attract Myanmar workers back to the country. According to them, Dawei Special Economic Zone which consists of large factories, needs at least 1,800 workers for operation while the region is also short of workers for planned oil refinery in Laung Lone Township.

"Local workers think that the ongoing projects in the region can't guarantee proper jobs for them. In Kawthoung, local businessmen have to hire workers from other areas mainly from Mandalay and Sagaing because of the shortage of local workers. But it is time-consuming to teach them from the very ABC of fishery industry so that they can work properly. I wish locals could come back and work here," said U Nay Lin Soe, owner of Mudra fishery business.

Farming and fishery is the mainstay of the region and apart from the pay, the region should have labour-intensive industries if the region government wants to call the workers back, said Ko Min Maw Latt, a Kawthoung local.

"In Thailand, a fishery worker earns around 400 Baht a day. But in Kawthoung it is difficult to earn around Ks-5,000 a day. In rubber farms, a worker only gets around Ks-3,000 a day. And now as the Thai authorities are issuing work permits for Myanmar migrant workers, I'm afraid they won't like to come back," he said.

*Zarni*

# Speed boat expedition in Myeik Archipelago available in May

**Yangon April 21**

Speed boat expedition tour will be available for Myeik Archipelago explorers as of May, said the rental service provider.

Speed boats will be available for rent up to seven days, said U Kyaw Zay, the rental service provider. The rent varies depending on the destinations and the maximum rent is USD-1,200, he said. The regular speed boat expedition starts from Kawthoung and ends in Myeik, going through more than dozens of islands.

"Most of the people who tend to use speed boats are foreign tourists and the observers of the local tourism industry. I plan to run the service the whole year round except the times of high tide," said U Kyaw Zay.



**This photo shows an island in Myeik archipelago.**

The boats are built for convenience of passengers and are equipped with GPS, satellite phones, television, fridge, and air-conditioned soundproof sleeping rooms, bathrooms, and dining rooms.

Up to 18 passengers can take the boat expedition which also includes snorkeling and there will be five attendants on board to cater the passengers.

*Zarni*

# Can plants to be built in Myanmar

**Yangon April 21**

Aluminium Can Manufacturer, Kian Joo Can Factory Bhd, is expanding into Myanmar with the construction of two plants at a cost of US$-23.5 million.

At a press conference, Kian Joo CFO Ooi Teik Huat said he expects construction works at the Thilawa Special Economic Zone to kick off in the third quarter of the year and for it to be operational in 2017. The land cost is US$-15 million.

"We intend to replicate what we have in Malaysia, basically we'll have tin can, carton box manufacturing and contract packaging in Myanmar," he said.

The operations in Myanmar are only expected to contribute positively to the company after four or five years. Production from the Myanmar plant will be mainly for the local market.

Ooi said the company is not in a hurry to make a cash call despite the huge investment outlay needed for the Myanmar plants, as it has sufficient internal funds and borrowings.

*AMM*

# Dozens of burglaries reported in Yangon during Thingyan

**Yangon April 21**

Burglaries took place at dozens of houses and shops in Yangon while the owners were taking long trips during Myanmar New Year's Festival holidays, according to Yangon Region Police Force.

Owners found their shops and houses in Kamayut, Thaketa, Dala, Tamwe, Hlaing, Sanchaung, and Shwepyitha broken in as they came back from trips and reported respectively to concerned police stations on April 18 and 19.

Yangon saw 80 cases of crimes during five-day Thingyan Festival and police could arrest the culprits of five burglaries. The number of crimes has decreased compared to last year's Thingyan Festival in Yangon, said Yangon Region Police Force.

Meanwhile, a group of ten armed men robbed a vessel in Ayeyawady River on April 17, New Year's Day on Burmese lunar calendar in Mandalay.

*447*

# Mandalay fibre network project kicks off as of this month

**Yangon April 21**

Mandalay fibre network project has been kicked off in the municipality of Mandalay at a cost between US $ 15 million and 50 million as of this month, according to Eager Communication Group.

This fibre network is 750 kilometre in length and will be built with micro trenching system and manual trenching system. The project is slated for completion in 2019.

"The length of this fibre network is 750 kilometre and we will place 250 kilometre per year. Mandalay City Development Committee provided land to implement this project. We are responsible for the cost of the project. The network will cost US$-15 million per year," said an official from Eager Communication Group.

At the first step, the ring-shape network will be installed with Mandalay City as the centre.

"The project, when completed, will facilitate the functions of government offices in Mandalay Region," said an official of Mandalay City Development Committee.

*Aung*

# Mobile fuel labs to be upgraded

**Yangon April 21**

Six mobile fuel labs will be upgraded to carry out laboratory tests on diesel and gasoline at fuel stations nationwide, said an official from Myanmar Petroleum Product Enterprise.

Currently, these vehicles carry out inspections of fuel quality at fuel stations. The upgrade is aimed at conducting laboratory tests. The MPPE is making efforts to build a laboratory that can test petrochemicals during this year in cooperation with Myanmar Petroleum Trade Association.

The MPPE conducts surprise checks on the fuel stations as some fuel stations are found to sell low-quality fuels. The country has six mobile fuel labs only. Plan is under way to buy more vehicles in order that surprise checks can be conducted effectively. Quality and types of imported fuels can be tested after the laboratory has been set up.

Myanmar has to import a lot of fuels for local consumption despite having local production.

*Soe Moe*

# Get a good night's sleep to help beat Alzheimer

Getting a good night's sleep could be the key to improving memory in later life, new research suggests.

People who manage fewer than four hours a night or who wake regularly are more at risk of developing dementia.

Poor quality sleep and restless nights are thought to trigger the formation of plaques on the brain linked to Alzheimer's disease (AD).

Previous studies have shown disrupted sleep is common in people with the condition and could play a role in developing the disease.

New research shows sleeping well could prevent the development of plaques - abnormal clusters of protein fragments - associated with Alzheimer's.

It is also thought to play a key role in maintaining grey matter health in regions of the brain sensitive to ageing and memory.

People who sleep poorly are more likely to have a build-up of amyloid-beta (Ab) - a sticky protein which clumps together to form damaging plaques.

The study, published in the journal Neurobiology of Ageing, claims length and quality of sleep is directly linked to these deposits on the brain.

Lead Author Pierre Branger, of the University of Caen Normandy, France, said good sleep could be pivotal to brain health in later life.

He said: 'Our results indicate that poor sleep quality in older, asymptomatic individuals is associated with greater Ab burden and lower brain volume in brain areas known to be sensitive to ageing and AD processes.

Dr Branger said: 'Poor self-reported sleep quality tends to have a greater impact on brain volume determined by structural MRI and Ab deposition.

'Our findings are in line with growing evidence from cognitively normal older adults that modifiable lifestyle factors may have an impact on AD biomarkers.

***Mail Online***

# *Myanmar's Yangon Stock Exchange draws interest from local investors*




Myanmar's Yangon Stock Exchange (YSX) has drawn interest from local investors as its weekly sale stood at over 20 billion kyats (about 20 million U.S. dollars) by the first week of this month before the water festival.

Trading on YSX has closed for the long water festival holidays until next week.

Even on the first trading day, March 25, the first listed company, First Myanmar Investment (FMI) received more market order volume than its sale offer. The market order reached over 37,000 while sales offer stood at over 22,000 with the value of 26,000 kyats (21.5 U.S. dollars) at the opening stage.

After the first trading period of the day, the company's trading volume reached 42,610 shares.The highest volume of shares were traded on March 29 with 210,752 shares worth 8.641 billion kyats (about 7.3 million U.S. dollars). The per share value on that day hit as highest as that of the previous days with 41,000 kyats.

Before YSX's opening, local investors were traditionally investing their money into real estate, foreign currencies, precious metals and increasingly into bank saving accounts.

A large number of investors have come to know the significance of injecting in the capital market when YSX was launched, said Ko Aung Thura, a local finance expert.

The local real estate sector has declined recently due to the strong interest of investors in YSX. Moreover, YSX's attraction to investors makes it possible for Myanmar's currency to remain strong as U.S. dollar investors in the black market are rushing to sell their dollars.

Meanwhile, Myanmar's biggest public company, Myanmar Thilawa SEZ Holdings Public Limited (MTSH), will start trading on YSX as a second listed company on April 29. Other listed companies such as Myanmar Citizens Bank and First Private Bank will follow MTSH as soon as possible, according to Ma Man Man Thein, president of the country's Securities and Exchange Commi-ssion (SECM).

"We welcome other listed companies to be part of YSX. The more listed companies on YSX, the more chances for investors to choose. It will encourage the market to develop," U TunTun, Director and Chief Financial Officer of FMI, told Xinhua.

Although the securities trading on YSX stood highest in early days, it had decreased before Thingyan Water Festival. The lowest volume of shares were traded on April 7 with 18,019 shares worth over 576 million kyats ( about 480,000 U.S. dollars).

It was due to the halt of most business during the Water Festival, said some local experts. The YSX will reopen on Thursday.

Ko Aung Thura said that it was a normal status for a capital market. The highest trading in early days were due to people's interests as a new market.

The YSX officially began trading on March 25 with only one listed company, First Myanmar Investment (FMI) , being available for transactions. YSX was launched last December with six listed companies, two securities companies and one fund settlement bank although it was not ready for trading by then.

If Myanmar's new Company Act, which allows foreign investors to join YSX, is submitted to the new parliament, YSX's presence will be at a larger stage, according to Ma Man Man Thein.

Due to the fact that the majority of the people are not so familiar with the capital market yet and its banking sector is still under-developed, Myanmar's financial sector is far more weak as compared with other countries in Southeast Asia.

At present, there are five securities companies providing services as underwriters on YSX while another five firms are waiting to be awarded licenses.

Under an agreement signed on Dec. 23, 2014, YSX is owned by Tokyo Stock Exchange and Diawa Securities Group with 49 per cent, and the state-owned Myanmar Economic Bank with 51 per cent.

***Xinhua***

# US find 'longest' drug tunnel on California-Mexico border

**Los Angeles April 21**

US authorities have uncovered what they believe to be the longest ever cross-border drug trafficking tunnel connecting Mexico and California, a statement said.

Estimated to span more than 800 yards (730 meters), it contains an elevator, as well as lights and rail and ventilation systems, the US Attorney's Office for the Southern District of California said Wednesday.

The narrow tunnel connects a house in Tijuana, Mexico, to a commercial lot in Otay Mesa, California, where the exit is a three-foot (0.9 meter) diameter hole that, at one point, was hidden from view by a dumpster, it said in a statement.

Inside the tunnel, federal agents found 68 bales of marijuana weighing 1,638 pounds (743 kilograms), with another 1,430 pounds hidden in the dumpster.

Overall, authorities seized more than 14,000 pounds of marijuana and 2,242 pounds of cocaine during the probe, which resulted in six arrests in San Diego on Friday.



Mexican federal police said the tunnel extends about 2,600 feet (800 meters) and is lit, ventilated, equipped with a rail car system, and lined with metal beams to prevent collapse. (Photo: AP)

"On the surface, few would ever suspect that traffickers were moving multi-ton quantities of cocaine and marijuana worth tens of millions of dollars in such an unassuming way, through this rabbit hole in the ground, in full view of the world around it," US Attorney Laura Duffy said.

The statement from the US Attorney's Office compared the tunnel's estimated length to that of more than eight American football fields, adding that "federal officials have seized what they believe to be the longest cross-border tunnel ever discovered along the California-Mexico border."

Six months ago, authorities from both countries dismantled another drug-trafficking tunnel in the same border area. **AFP**

# Oil prices steady after US-fuelled gains

**London April 21**

Oil prices steadied on Thursday after rising the previous session thanks to news of a fall in US output that eased concerns over a supply glut.

At about 1100 GMT, US benchmark West Texas Intermediate for delivery in June stood at $44.20 a barrel -- unchanged from Wednesday's close.

Brent North Sea crude for June delivery edged up two cents to $45.80 a barrel.

Prices had surged four per cent to near five-month highs on Wednesday after the US energy department revealed the dip in the country's crude production last week to levels not seen since October 2014.

Rising US shale production has been a key contributor to the global oversupply, along with elevated output from other producers including Saudi Arabia and Russia.

Reports that Iraq is pushing for new talks among producers after the collapse of the Doha gathering Sunday aimed at tackling excess supplies had also provided strong support to crude futures on Wednesday.

The Doha meeting fell apart after kingpin Saudi Arabia pulled out owing to bitter rival Iran's refusal to impose output limits.

Tehran said it was still in the process of raising production after the removal of nuclear-linked Western sanctions in January. **AFP**

# China exported military drones to 10 nations: report

**Beijing April 21**

China has exported military drones to more than 10 countries in deals worth hundreds of millions of dollars, and plans to sell unmanned craft capable of launching laser-guided bombs, state-run media said Thursday.

Chinese drones "have bigger payloads, which means they can carry more weapons" than their competitors, Shi Wen, chief drone designer at the China Academy of Aerospace Aerodynamics, told the China Daily newspaper.

Chinese companies dominate the global market for commercial drones, but the rare interview is a sign Beijing is seeking to promote itself as a manufacturer of unmanned military surveillance and killing machines.

Shi did not specify the countries involved, the numbers sold or the total value of the deals, but said the academy's most valuable sale was worth "hundreds of millions of US dollars".

The drones are named Cai Hong, or Rainbow, with the bestselling CH-3 capable of firing missiles 10 kilometres (six miles) from a target and staying in the air for more than 10 hours, the report said.

"One of our clients in Africa uses each of its CH-3s about 100 hours on average each month," Shi told the newspaper, which is published by the government.

The academy is seeking an export licence for a new CH-5 model capable of launching air-to-surface missiles and laser-guided bombs, Shi added.

The drone made its first test flight in August, the newspaper said.

China has also exported smaller unarmed search aircraft, it said, citing a report last year that the academy would export about 200 drones.

China has leapfrogged both France and Germany to become the third-largest source of major arms globally, with its exports up 88 per cent in the 2011-2015 period compared to the previous five years, according to the Stockholm International Peace Research Institute (SIPRI).

SIPRI's February report added that Chinese weapons chiefly went to other Asian countries, with Pakistan the main recipient. **AFP**

# Malnutrition still major health concern in N. Korea: UN

**Seoul April 21**

Malnutrition remains a significant health issue in North Korea, with a drought last year slashing crop output and undermining the push for agricultural self-sufficiency, according to a new UN report.

More than three quarters of North Korea's population of 25 million remain "food insecure and highly vulnerable to shocks," said the report compiled by UN agencies in Pyongyang and published Wednesday.

"An estimated 18 million people are in need of some form of humanitarian assistance," it added.

Malnutrition rates continue to be a public health concern, with significant gaps remaining in nutritional intake, particularly affecting women and children under-five.

Undernutrition is a major underlying cause of "maternal and child mortality and morbidity," said the report.

According to the UN Food and Agricultural Organisation (FAO)'s 2015 State of Food Insecurity report, the proportion of people undernourished in the total population was 41.6 per cent in 2014-2016, up from 35.5 per cent in 2005-2007.

By the end of 2015, the impact of two consecutive drought seasons had "severely affected" crop performance, with production down 11 per cent from the previous year.

"The country continues to suffer from food insecurity as well as limited access to health and water, sanitation and hygiene, resulting in chronic malnutrition and poor health outcomes," the report said.

Production is constrained by insufficient arable land, land degradation due to intensive cultivation, as well as a scarcity of quality seeds, fertilisers and pesticides, the report said.

North Korea has suffered regular food shortages and hundreds of thousands are believed to have died during a famine in the mid-to-late 1990s.

International food aid, especially from South Korea and the United States, has been drastically cut amid tensions over Pyongyang's nuclear and ballistic missile programmes.

"The protracted humanitarian situation (in North Korea) is largely forgotten on the global agenda," the UN report said. **AFP**

## နည်းပညာ သုတ

# လူ့ခန္ဓာကိုယ်၏ အရေးကြီးလက္ခဏာရပ်များကို စောင့်ကြည့်နိုင်မည့် အီလက်ထရွန်နစ်အရေပြား

တိုကျိုတက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူ့ခန္ဓာကိုယ်၏ အရေးကြီးလက္ခဏာရပ်များကို စောင့်ကြည့်နိုင်မည့် အီလက်ထရွန်နစ်အရေပြားတစ်ခုကို တီထွင်ဆန်းသစ်လိုက်ပြီဖြစ်သည်။

အရေပြားအစစ်ပေါ်တွင် ပလတ်စတစ်အလွှာပါးတစ်ခုအဖြစ် ဖုံးအုပ်ထားသည့် အီလက်ထရွန်နစ်အရေပြားသည် သွေးအတွင်းရှိ အောက်ဆီဂျင်ပမာဏကို တိတိကျကျသိရှိစေနိုင်ရန်နှင့် ကျန်းမာရေးအခြေအနေများကိုစောင့်ကြည့်၍ သတိပေးလုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါ အီလက်ထရွန်နစ်အရေပြားသည် သာမန်ထက်ပိုမိုပါးလွှာ၍ ကွေးနိုင်ဆန့်နိုင်ပြီး ၎င်းတွင် သွေးအတွင်းရှိ အောက်ဆီဂျင်ပမာဏကို တိုင်းတာနိုင်သည့် ပေါ်လီမာအီလက်ထရွန်နစ်ပစ္စည်းများပါဝင်သည်။ ထို့ပြင် ခန္ဓာကိုယ်၏ အစိတ်အပိုင်းအများအပြားမှ မတူညီသည့် ရောဂါလက္ခဏာများကိုလည်း ဖော်ပြပေးနိုင်သည်။

အီလက်ထရွန်နစ်အရေပြားသည် ရောဂါများစစ်ဆေးရာတွင် လူ့ခန္ဓာကိုယ်အတွင်းသို့ ဖောက်ထွင်းရန်မလိုဘဲ အရေပြားပေါ်တွင် ကပ်ထားရုံဖြင့် လက္ခဏာအခြေအနေများကို သိရှိစေနိုင်မည့် နည်းပညာနမူနာတစ်မျိုးပင်ဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားထားသည်။

ထို့ပြင် ၎င်းအရေပြားကို ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် စက်မှုဇုန်များ၌ အလုပ်လုပ်ကိုင်နေရသော အလုပ်သမားများ၏ ကျန်းမာရေးကို စောင့်ကြည့်စစ်ဆေးနိုင်ရန်အတွက်လည်း အသုံးပြုနိုင်ပေသည်။

အီလက်ထရွန်နစ်အရေပြားသည် ခွဲစိတ်လူနာများ၏ ကျန်းမာရေးနှင့် အခြေအနေကို စောင့်ကြည့်တိုင်းတာစစ်ဆေးရာတွင် အသုံးပြုနိုင်သည့်အပြင် ဆေးပညာဆိုင်ရာနည်းပညာသစ်များနှင့် ဇီဝစက်မှုပညာများ၏ ကျယ်ပြန့်သောနယ်ပယ်ကို ပြီးစီးအောင် အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။ ။

**တီအာမွန်**

# မက္ကဆီကိုနိုင်ငံတွင် ရေနံစက်ရုံပေါက်ကွဲမှုဖြစ်ပွား ၁၃ ဦးသေဆုံး ၁၃၆ ဦးကျော် ဒဏ်ရာရ



**မက္ကဆီကိုစီးတီး ဧပြီ ၂၁**

မက္ကဆီကိုနိုင်ငံတောင်ပိုင်းရှိ ရေနံဓာတုပစ္စည်းစက်ရုံတစ်ရုံ၌ ဧပြီ ၂၀ ရက်က ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၃ ဦး သေဆုံး၍ ၁၃၆ ဦးကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပေါက်ကွဲမှုသည် ကိုအက်ဇာကိုးလ်ကော့စ်မြို့ရှိ ပီးမက်ရေနံကုမ္ပဏီပိုင်စက်ရုံ၌ ဧပြီ ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပီးမက်ရေနံကုမ္ပဏီမှ အလုပ်သမား ၅၈ ဦးအပါအဝင် ၁၃၆ ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ၎င်းတို့အနက် ၁၀ ဦးကျော်မှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း ဒေသတွင်းအုပ်ချုပ်ရေးမှူးရုံးက ပြောကြားသည်။

ယင်းပေါက်ကွဲမှု၏ အသံကို ၆ မိုင်(၁၀ ကီလိုမီတာ)အကွာမှ ကြားရကြောင်း၊ အဆိပ်ဓာတ်ငွေ့များပျံ့နှံ့ခဲ့သောကြောင့် ကြိုတင်ကာကွယ်မှုတစ်ရပ်အနေဖြင့် ဒေသခံ ၂၀၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားရာ အနီးအနားရှိ စာသင်ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းများကိုလည်း ခေတ္တပိတ်ထားကြောင်း သတင်းဌာနများက ဧပြီ ၂၁ ရက်တွင် ထုတ်ပြန်ထားသည်။ ပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်းရင်းနှင့် စပ်လျဉ်း၍ ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း သိရသည်။ *Ref: Press TV*

# အိန္ဒိယတွင် အပူလှိုင်းဖြတ်မှုကြောင့် လူ ၁၆၀ ကျော်သေဆုံး

**နယူးဒေလီ ဧပြီ ၂၁**

အိန္ဒိယနိုင်ငံ၌ နွေရာသီအစောပိုင်းမှာပင် အပူလှိုင်းဖြတ်မှုကြောင့် လူ ၁၆၀ ကျော် သေဆုံးခဲ့ပြီး နိုင်ငံအတွင်းရှိ စာသင်ကျောင်းများနှင့် ပြင်ပရုံးလုပ်ငန်းများကို ယာယီပိတ်ပစ်ခဲ့ရကြောင်း တာဝန်ရှိသူများက ဧပြီ ၂၁ ရက်တွင် ပြောကြားထားသည်။

အဆိုပါ အပူလှိုင်းဖြတ်မှုကြောင့် နိုင်ငံအတွင်းရှိ လူဦးရေ သန်း ၃၀၀ ကျော်မှာ အပူလှိုင်းဒဏ်သင့်ခဲ့ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

တယ်လန်ဂါနာပြည်နယ်သည် ၂၀၁၆ ခုနှစ် ဧပြီလအတွင်းက အပူချိန်အမြင့်မားဆုံး ပြည်နယ်တစ်ခုအဖြစ် မှတ်တမ်းတင်ထားခြင်းခံရကြောင်း အိန္ဒိယမိုးလေဝသဌာနမှ ညွှန်ကြားရေးမှူး ဝိုင်ကေရက်ဒီကပြောကြားထားသည်။

နိုင်ငံအတွင်း ယခုကဲ့သို့ အပူလှိုင်းဖြတ်မှုကြောင့် ဒေသခံပြည်သူများအား အိမ်အတွင်း၌သာနေရန် တိုက်တွန်းနှိုးဆော်ခဲ့သည့်အပြင် ယင်းပြည်နယ်၌ သေဆုံးသူဦးရေမြင့်တက်လာမည်ကို စိုးရိမ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

*Ref: Press TV, India Today*

# ဆန်ဒီယေဂိုမြို့တွင် အမေရိကန်-မက္ကဆီကို မူးယစ်မှောင်ခို ဥမင်လိုဏ်ခေါင်းတွေ့ရှိ

**ဝါရှင်တန် ဧပြီ ၂၁**

အမေရိကန်အာဏာပိုင်များသည် မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ဆက်သွယ်ထားသော မူးယစ်ဆေးဝါးမှောင်ခိုကူးသည့် အရှည်ဆုံးဥမင်လိုဏ်ခေါင်းတစ်ခုကို ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဆန်ဒီယေဂိုမြို့၌ တွေ့ရှိခဲ့ကြောင်း ဧပြီ ၂၁ ရက် ထုတ်ပြန်ချက်အရသိရသည်။

မီတာ ၈၀၀(၈၇၄ ကိုက်) ရှည်သော အဆိုပါဥမင်လိုဏ်ခေါင်းသည် ၂၀၁၆ ခုနှစ်ကတည်းက မက္ကဆီကိုနိုင်ငံနှင့်ကယ်လီဖိုးနီးယားပြည်နယ် နယ်စပ်တစ်လျှောက်၌ တွေ့ရှိခဲ့သည့် ၁၃ ခုမြောက် ခေတ်မီ လျှို့ဝှက်ဥမင်လိုဏ်ခေါင်းတစ်ခုဖြစ်ပြီး ၎င်းကို ကိုကင်းနှင့်ဆေးခြောက်အစရှိသည့် မူးယစ်ဆေးဝါးများကို ပို့ဆောင်ရန်အတွက် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဥမင်လိုဏ်ခေါင်းသည် ခေတ်မီပြီး ယခင်တွေ့ရှိခဲ့သောဥမင်လိုဏ်ခေါင်းများနှင့် မတူညီကြောင်း ဒေသတွင်းတာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။

ထို့ပြင် ဥမင်လိုဏ်ခေါင်းတစ်လျှောက် ပို့ဆောင်ခဲ့သည်ဟုယူဆရသော ကိုကင်း ၁၀၁၆ ကီလိုဂရမ်(၂၂၄၂ ပေါင်)နှင့်ဆေးခြောက် ၆၃၅၀ ကီလိုဂရမ်တို့ကို တာဝန်ရှိသူများက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

*Ref: BBC*



# တရုတ်က မြောက်ကိုရီးယားနှင့်နယ်စပ်တွင် တပ်ဖွဲ့ဝင် ၂၀၀၀ ကို တပ်ဖြန့်



**ပေကျင်း ဧပြီ ၂၁**

မြောက်ကိုရီးယားနိုင်ငံက ပဉ္စမအကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုပြုလုပ်လာနိုင်သောကြောင့် တရုတ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနှင့် နယ်စပ်ဒေသတစ်လျှောက်တွင် တပ်ဖွဲ့ဝင်များတပ်ဖြန့်ချထားလျက်ရှိကြောင်း Newsnow သတင်းဌာနက ဧပြီ ၂၁ ရက်တွင် ဖော်ပြထားသည်။

တရုတ်အစိုးရသည် အဆိုပါနယ်စပ်ဒေသသို့ စစ်ဘက်တပ်ဖွဲ့ဝင် ၂၀၀၀ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း ဟောင်ကောင်ရှိ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးကိစ္စရပ်ဆိုင်ရာ သတင်းအချက်အလက်စင်တာက ဧပြီ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနှင့် နယ်စပ်၌ ယခင်ကတည်းက တပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားခဲ့ခြင်းဖြစ်ပြီး မြောက်ကိုရီးယားက ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်မှုအောင်မြင်ကြောင်း ထုတ်ပြန်ကြေညာပြီးနောက် တရုတ်အစိုးရက နိုင်ငံအရှေ့မြောက်ဒေသသို့ တပ်ဖွဲ့ဝင် ၃၀၀၀ စေလွှတ်ခဲ့သည့်အပြင် တောင်-မြောက်ကိုရီးယားမြေမြှုပ်မိုင်းပဋိပက္ခဖြစ်ပွားစဉ်ကလည်း တပ်ဖွဲ့ဝင်များစေလွှတ်ခဲ့ကြောင်း သိရသည်။ *Ref: Newsnow(KT)*

# အာကာသအတွင်းလွင့်မျောနေသည့် အထီးကျန်ဂြိုဟ်ကြီးတစ်လုံးကို နာဆာအဖွဲ့တွေ့ရှိ

**ဝါရှင်တန် ဧပြီ ၂၁**

နာဆာအဖွဲ့သည် အာကာသအတွင်းရှိ နဂါးငွေ့တန်းအနီးတွင် လွတ်လပ်စွာလွင့်မျောနေသည့်ဂြိုဟ်ကြီးတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဧပြီ ၂၁ ရက်ထုတ်ပြန်ချက်အရ သိရသည်။

WISEA 1147 ဟုအမည်ပေးထားသည့် အဆိုပါဂြိုဟ်ကြီးသည် ဂျူပီတာဂြိုဟ်ထက် ဆယ်ဆပိုမိုကြီးမားသည်ဟု ယူဆရပြီး အာကာသအတွင်း၌ တစ်လုံးတည်းတစ်သီးတခြားတည်ရှိနေသည့်အတွက် ၎င်းကို ခဲရာခဲဆစ်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း နာဆာအဖွဲ့မှ သုတေသနခေါင်းဆောင် အဒမ်ရှနိုက်ဒါ၏ ပြောကြားချက်ကို The Astrophysical ဂျာနယ်တွင် ဖော်ပြထားသည်။

မိမိတို့အနေဖြင့် ဂြိုဟ်သစ်ပေါ်တွင် သက်ရှိများနေထိုင်နိုင်ခြင်းရှိ မရှိသိရှိနိုင်ရန်အတွက် ၎င်း၏ သဘာဝကို လေ့လာဆန်းစစ်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ယင်းဂြိုဟ်ကဲ့သို့ တခြားဂြိုဟ်များမည်မျှရှိသည်ကိုလည်း ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း ကယ်လီဖိုးနီးယားနည်းပညာတက္ကသိုလ်ရှိ ခွဲခြမ်းလေ့လာရေးဌာနမှ တွဲဖက်ခေါင်းဆောင် ဒေဗီကစ်ခ်ပက်ထရစ်က ပြောကြားထားသည်။

နာဆာအဖွဲ့မှ သိပ္ပံပညာရှင်များသည် WISEA 1147 ကဲ့သို့သော သီးခြားတည်ရှိနေသည့် တခြားဂြိုဟ်များကို လေ့လာခြင်းဖြင့် ၎င်းဂြိုဟ်များ၏ ဖွဲ့စည်းပုံများနှင့်ရာသီဥတုအခြေအနေများအပြင် ၎င်းတို့နှင့်ဆက်စပ်နေသည့် သဘာဝအခြေအနေများကိုပါ ပိုမိုသိရှိနိုင်မည်ဟု မျှော်လင့်လျက်ရှိကြောင်း သိရသည်။

*Ref: Sputnik*

# ဧရာဝတီတိုင်းဒေသကြီးအတွင်း နွေစပါးစိုက်ပျိုးဧက ၈၀ ရာခိုင်နှုန်းကျော်ရိတ်သိမ်းပြီးစီး



ပုသိမ် ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ပျိုးရာသီ၌ စိုက်ဧက ၁၃၁၆၄၄၄ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ စိုက်ပျိုးဧက၏ ၈၀ ရာခိုင်နှုန်းကျော်ကို ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကြောင်း စပါးစိုက်တောင်သူများထံမှ သိရသည်။

၂၀၁၅-၂၀၁၆ နွေစပါးသီးနှံအောင်မြင်စွာစိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာမြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနများက စနစ်တကျစီမံကွပ်ကဲကာ တောင်သူများနှင့်တိုက်ရိုက်ထိတွေ့၍ ကွင်းဆင်းဆောင်ရွက်နိုင်သောကြောင့် အထွက်နှုန်းကောင်းမွန်အောင်မြင်ခြင်းဖြစ်သည်။

ထို့ပြင် တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများက အသီးသီးကူညီဆောင်ရွက်ခဲ့ခြင်းကြောင့် တောင်သူများအနေဖြင့် နွေစပါးတစ်ဧကလျှင် တင်း ၁၀၀ မှ ၁၂၀ အထိ ထွက်ရှိပြီး စပါးဈေးမှာ တင်း ၁၀၀ လျှင် ငွေကျပ် ၄၈၀၀၀၀ မှ ၅၀၀၀၀၀ အထိရောင်းချရသည့်အတွက် စပါးစိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။ ထို့ပြင် ရိတ်သိမ်းရန်ကျန်ရှိသော နွေစပါးများကို ဧပြီလမကုန်မီ ရာနှုန်းပြည့်ရိတ်သိမ်းခြွေလှေ့နိုင်ရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၄၀၇)

# မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

ပုသိမ် ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရှော်ပြာကျေးရွာအုပ်စု ပုသိမ်(တောင်)သစ်ထုတ်လုပ်ရေးစခန်း၌ ယမန်နေ့ နံနက် ၉ နာရီက သစ်ထုတ်လုပ်ရေးစခန်းအတွင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်သည်။

ရှေးဦးစွာ ပုသိမ်မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးက နွေရာသီအပူရှိန်မြင့်တက်သည့်ကာလဖြစ်သည့်အတွက် သစ်ထုတ်လုပ်ရေးစခန်းရှိသစ်တုံးများကို စဉ်ဆက်မပြတ်အလေးထားကြည့်ရှုရန်လိုအပ်ကြောင်း၊ မီးသတ်ဆေးဘူး၊ မီးသတ်စက်၊ ရေပိုက်၊ ရေပန့်များကို နေ့စဉ်စစ်ဆေးဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပုသိမ်(တောင်)သစ်ထုတ်လုပ်ရေးစခန်းမှ တောခေါင်းကြီးက မီးသတ်စက်၊ ရေပိုက်၊ ရေပန့်များနှင့် မီးငြိမ်းသတ်ရာ၌ ရေရရှိနိုင်သော စမ်းချောင်း၊ မီးသတ်ရေကန်များဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားပြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများကလိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးသည်။

ယင်းနောက် သစ်လုံးများနှင့် သစ်သားတုံးများကို မီးသတ်ဝန်ထမ်းများနှင့် သစ်ထုတ်လုပ်ရေးဝန်ထမ်းများ ပူးပေါင်း၍ မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းများကို သရုပ်ပြဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(၄၀၇)

# ပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်

ပုသိမ် ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက်အတွင်းရှိ စကားဝါလမ်းမကြီးကို လမ်းအဆင့်မြှင့်တင်နိုင်ရေးနှင့် ရပ်ကွက်နေပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယနေ့ နံနက် ၈ နာရီတွင် စတင်ဆောင်ရွက်ကြောင်းသိရသည်။

အဆိုပါ စကားဝါလမ်းမကြီးကို အလျား ပေ ၁၂၂၀၊ အကျယ် ပေ ၂၀၊ လမ်းထု ၈ လက်မအထိ ကွန်ကရစ်လမ်းခင်းကျင်းသွားမည်ဖြစ်ပြီး ရပ်ကွက်နေပြည်သူများ၏ထည့်ဝင်ငွေကျပ် ၁၈၃ သိန်း၊ ပုသိမ်မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၏ ထည့်ဝင်ငွေကျပ် ၁၂၈ သိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၅ သိန်း စုစုပေါင်း ငွေကျပ် ၃၄၆ သိန်း အကုန်အကျခံကာ ပုသိမ်မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ရွှေဘုံရတနာဆောက်လုပ်ရေးကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စကားဝါလမ်းမကြီးမှာ နှစ်စဉ်မိုးတွင်းကာလတွင် လမ်းမကြီးပေါ်သို့ ရေကျော်မှုများဖြစ်ပွားနေခြင်းကြောင့် ယခုနှစ် မိုးရာသီမရောက်မီ မေ ၂၇ ရက်တွင် လုပ်ငန်းအချောသပ်ပြီးစီးရန်အတွက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၇)

# ကျေးရွာနေကလေးငယ်များ အဆင်ပြေစွာပညာသင်ကြားနိုင်မည့် ကိုယ်ထူကိုယ်ထမူလတန်းကျောင်း(ခွဲ)တည်ဆောက်လျက်ရှိ

မြောင်းမြ ဧပြီ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကညင်ချောင်းကျေးရွာအုပ်စု ပွဲညှက်ဝန်းကျေးရွာ၌ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်း(ခွဲ) တည်ဆောက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းအထိ ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်ပြီး ယခုပညာသင်နှစ်အမီ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ပွဲညှက်ဝန်းကျေးရွာသည် မြောင်းမြမြို့မှ ခုနစ်မိုင်ခန့်ကွာဝေး၍ အိမ်ခြေ ၁၁၇ လုံး၊ လူဦးရေ ၄၉၀ ဦးခန့်ရှိသည့် ကျေးရွာတစ်ခုဖြစ်ပြီး ၎င်းကျေးရွာတည်ရှိလာသည်မှာ သက်တမ်း ၁၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။ သက်တမ်း ၁၀၀ ကျော်အတွင်း ကလေးသူငယ်များ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်မည့် အခြေခံပညာမူလတန်းကျောင်း(ခွဲ)ကို ၂၀၁၆ ခုနှစ်တွင် အကျယ်အဝန်း သုည ဒသမ ၅၁ ဧကရှိသည့် မြေပေါ်တွင် အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေ မြေစိုက်သွပ်မိုး၊ အုတ်ကာ အာရ်စီကြမ်းခင်း ကျောင်းဆောင်တစ်ဆောင်၊ နှစ်ခန်းတွဲအိမ်သာတစ်လုံးတို့ကို ဆောက်လုပ်လျက်ရှိပြီး အဆိုပါကျောင်းကို ကုန်ကျငွေကျပ်သိန်း ၂၀၀ ကျော်ခန့်ဖြင့် ဆောက်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

“ကျွန်တော်တို့ ကျေးရွာမှာ ယခင်ကမရှိတဲ့ မူလတန်းကျောင်းဆောင်လေးကို ယခုအခါမှာ အောင်မြင်စွာနဲ့ ဆောက်လုပ်ပြီးစီးတော့မှာဖြစ်ပါတယ်။ ဒီကျောင်းလေးရရှိဖို့အတွက် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှာ သက်ဆိုင်ရာဌာနများသို့ စတင်လျှောက်ထားခဲ့ပြီး ခွင့်ပြုချက်လည်း ရရှိပြီးဖြစ်ပါတယ်။ ဒီနှစ်မှာ ကျေးရွာအနေနဲ့ မူလတန်းအဆင့် တက်ရောက်မယ့် ကျောင်းသားဦးရေ ၁၁၈ ဦး ကျော်ရှိပါတယ်။ ကုန်ကျငွေတွေကို ကျေးရွာအတွင်းမှာရှိတဲ့ ရွာသူ၊ ရွာသားတွေနဲ့ စေတနာရှင်၊ အလှူရှင်တွေက စုပေါင်းထည့်ဝင်လှူဒါန်းကြပြီး ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ဒီကျောင်းလေးကို ဖွင့်လှစ်နိုင်တော့မှာဖြစ်ပါတယ်။ ဒီကျောင်းကြီးမှာပတ်ဝန်းကျင်ကျေးရွာတွေဖြစ်တဲ့ ကညင်ချောင်း၊ ပိန္နဲချောင်းနဲ့ မြို့ဟောင်းကျေးရွာတို့မှ မူလတန်းအဆင့် ကျောင်းသား၊ကျောင်းသူတွေ အပါအဝင် စုစုပေါင်း ကျောင်းသားဦးရေ ၁၃၁ ဦးခန့် ပညာသင်ယူနိုင်တော့မှာဖြစ်ပါတယ်” ဟု ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးမန်းလှသန်းထံမှသိရသည်။

ယခင်က အဆိုပါကျေးရွာမှ ကျောင်းသား၊ ကျောင်းသူများသည် တစ်မိုင်ခွဲခန့်ဝေးသော မြို့ဟောင်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပညာသင်ကြားရပြီး မိုးတွင်းကာလတွင် တောအတွင်းမှ ဖြတ်သန်းသွားလာခဲ့ရသည့်အတွက် ကလေးငယ်များအနေဖြင့် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

(၄၀၇)

# Myawady Digital Set Top Box
## ထုတ်နုတ်ရှုမြင် အစီအစဉ်
၂၂-၄-၂၀၁၆ (သောကြာနေ့)

### MWD Variety

၁။ ၁၇း၅၁ ကြိုဆိုပါတယ် အားကစားမောင်မယ် နိုင်ငံ့ဂုဏ်ရောင်ထွန်းပြောင်ဖို့ မြန်မာ့အားကစား မြှင့်တင်စို့ အပိုင်း(၁)
၂။ ၁၉း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ရန်ငြိုးဖွဲ့အမုန်းမီး” (အပိုင်း-၂၂)**
၃။ ၂၁း၀၃ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မီးခိုးကြွက်လျှောက်” (ပထမပိုင်း)**
၄။ ၂၂း၀၀ Humour Show **အပိုင်း(၁၇)**

### MWD Documentary

၁။ ၁၈း၀၀ ကြယ်ပွင့်လေးများ
၂။ ၁၈း၃၀ Hello Ladies
၃။ ၁၉း၀၀ အရိပ်ပမာ
၄။ ၁၉း၄၅ မေတ္တာရောင်စဉ်
၅။ ၂၀း၄၅ လျှို့ဝှက်နက်နဲသောမှတ်တမ်း
၆။ ၂၁း၁၅ အနက်ရောင်တစ္ဆေ (နေမျိုးအောင်၊မိုးပြည့်ပြည့်မောင်)

### MWD Music

၁။ ၁၈း၀၀ Music Mix
၂။ ၁၉း၀၀ Triple Play
၃။ ၁၉း၃၀ Music Mix
၄။ ၂၁း၀၀ Power Play

### MWD Movies

၁။ ၁၈း၀၀ တကယ်ချစ်လား
၂။ ၂၀း၀၀ တစ်နှစ်စာချုပ်
၃။ ၂၁း၁၉ Nameless

### MWD Series

၁။ ၁၈း၀၀ ချစ်ခြင်းတည်ရာ (အပိုင်း-၃၇)
၂။ ၁၉း၀၀ စမ်းရေပမာ (အပိုင်း-၈)
၃။ ၂၀း၀၀ ငြိုဟ်ကမ္ဘာတိုက်ပွဲ (အပိုင်း-၉၈)
၄။ ၂၁း၀၀ သစ္စာအားမာန် (အပိုင်း-၇)
၅။ ၂၂း၀၀ အရိပ်မဲ့မေတ္တာ(အပိုင်း-၅၈)

### MWD Shopping

၁။ ၁၈း၁၀ E-Market
၂။ ၁၈း၂၅ Boy Talk
၃။ ၁၈း၅၅ Shopping မြင်ကွင်းစုံ
၄။ ၁၉း၅၅ Fit For Fashion
၅။ ၂၀း၂၅ ရင်ထဲကအကယ်ဒမီ
၆။ ၂၀း၄၀ Girl Talk

## ထုတ်နုတ်ရှုမြင် ရုပ်မြင်သံကြားအစီအစဉ်

### မြဝတီရုပ်မြင်သံကြား

၂၂-၄-၂၀၁၆ (သောကြာနေ့)

၁။ ၆း၁၅ မေတ္တာပို့
၂။ ၆း၂၀ မေမ္မပူဇာတေး
၃။ ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၆း၄၀ မှတ်တမ်း
၅။ ၆း၅၀ မြန်မာသံစဉ်ချိုနားဝင်
၆။ ၇း၂၀ မြန်မာပြည်တွင်ထုတ်လုပ်သည်
၇။ ၇း၂၅ အမျိုးသားရေးတေးကဗျာ
၈။ ၇း၃၀ သင့်အတွက်တစ်နေ့တာ
၉။ ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၀။ ၈း၀၅ အမျိုးသားရေးတေးကဗျာ
၁၁။ **၈ နာရီ သတင်း အပြီး** သံစဉ်များနှင့်ကမ္ဘာ
၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ တရားတော်

### မြန်မာ့ရုပ်မြင်သံကြား

၂၂-၄-၂၀၁၆ (သောကြာနေ့)

၁။ ၀၆း၀၀ မိုးလေဝသအစီအစဉ်
၂။ ၀၆း၃၀ ပြည်သူ့နီတိ “ မြေ ”
၃။ ၀၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်သော ပုစ္ဆာ” (အပိုင်း -၂၉ )
၄။ ၀၉း၃၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၅။ ၀၉း၅၀ ပန်းချီဆရာကြီး ဦးလွန်းကြွယ်အစီအစဉ်
၆။ ၁၀း၁၀ မြန်မာဗီဒီယိုဇာတ်လမ်း “ မင်္ဂလာဦးည ”

### MYANMAR INTERNATIONAL

22-4-2016 (Friday)

* To The Land Of Countless Temples - Bagan Trip (EP-1)
* Living in Off-Season
* A May Yay Yin Nat Festival (Episode-2)
* Shwe U Min Natural Cave In Kalaw
* A bike in pursuit of Mural Art (Episode-1)
* The Eel Business (Fisherman the eel culture)

### MRTV - 4

၂၂-၄-၂၀၁၆ (သောကြာနေ့)

၁။ ၆း၁၀ **Health Fix**
၂။ ၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၄၀)**
၃။ ၈း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၈၈)**
၄။ ၉း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဂန္ဓဝင်ကုန်သည်” (အပိုင်း-၆၂)**
၅။ ၉း၄၅ အနုပညာမိုးကောင်းကင်
၆။ ၁၀း၀၅ **MRTV-4 Stage**

# တင်းမာမှုများမြင့်တက်နေသည့် တောင်တရုတ်ပင်လယ်၌ အမေရိကန်က ရေအောက်စက်ရုပ်တပ်ဖွဲ့ကို တပ်ဖြန့်ချထားရန်စီစဉ်နေပြီ

ပြီးခဲ့သည့်နှစ်မှစတင်ကာ အမေရိကန်-တရုတ် တင်းမာမှုများ မြင့်တက်စေသည့် တောင်တရုတ်ပင်လယ် အရေးနှင့်စပ်လျဉ်း၍ အမေရိကန်က နောက်ဆုတ်ရန် ရည်ရွယ်ချက်မရှိသည့်အပြင် အဆိုပါ တောင်တရုတ်ပင်လယ်အတွင်းရှိ စပရတ်တလီကျွန်းစုအနီး၌ ရေအောက်စက်ရုပ်ဟုခေါ်တွင်နိုင်သော ရေအောက်မောင်းသူမဲ့ရေငုပ်သင်္ဘော ရေယာဉ်စုတစ်ခုကို စေလွှတ်ရန်စီစဉ်နေပြီဖြစ်သည်။



အမေရိကန်အစိုးရအနေဖြင့် တောင်တရုတ်ပင်လယ်အတွင်း မြေနေရာကျူးကျော်မှုများဆက်တိုက်ပြုလုပ်လာသည့် တရုတ်နိုင်ငံ၏လုပ်ရပ်များအပေါ် ၂၀၁၅ ခုနှစ်မှစ၍ ပြစ်တင်ပြောကြားမှုများ ပြုလုပ်လာခြင်းဖြစ်သည်။

ထိုသို့ တရုတ်နိုင်ငံ၏ လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အမေရိကန်က အဆိုပါအငြင်းပွားကျွန်းစုများ၏ နယ်နိမိတ်အနီး ရေကြောင်းကင်းလှည့်မှုများနှင့် တရုတ်နိုင်ငံ၏ ဝေဟင်ပိုင်နက်ကိုဖြတ်သန်း၍ လေကြောင်းကင်းထောက်မှုများအပါအဝင် ဒေသတွင်းအငြင်းပွားမှုများမြင့်တက်စေသည့်လုပ်ရပ်များကို ဆက်တိုက်ဆိုသလို လုပ်ဆောင်ခဲ့သည်။

ဆက်လက်၍ အာရှ-ပစိဖိတ်ဒေသတစ်လျှောက်ရှိ နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်အတွင်း မြေနေရာကျူးကျော်မှုများနှင့် ယင်းပင်လယ်ကို စစ်ရေးအရပုံဖော်နေမှုများနှင့်ပတ်သက်ကာ စိုးရိမ်သည့်အသံများထွက်ပေါ်လာကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာက တောင်တရုတ်ပင်လယ်အတွင်းရှိ USS Stennis လေယာဉ်တင်သင်္ဘောပေါ်သို့သွားရောက်စဉ် ပြောကြားသည်။

ထိုသို့ အမေရိကန်နှင့် တရုတ်နိုင်ငံတို့ အကြားတင်းမာနေသော တောင်တရုတ်ပင်လယ်အရေးနှင့်စပ်လျဉ်း၍ အလောတကြီး လုပ်ဆောင်ခြင်းမပြုရန် တရုတ်နိုင်ငံက ထပ်တလဲလဲ တိုက်တွန်းထားသော်လည်း အမေရိကန်က ၎င်း၏စစ်ရေးနည်းဗျူဟာကိုမြှင့်တင်သည့်အနေဖြင့် အဆိုပါပင်လယ်ပြင်အတွင်း မောင်းသူမဲ့ရေငုပ်သင်္ဘောရေယာဉ်စုတစ်ခုကို တပ်ဖြန့်ချထားရန်စီစဉ်နေပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ပင်တဂွန်စစ်ဌာနချုပ်အနေဖြင့် အလေးချိန်အမျိုးမျိုးရှိသောဝန်စည်များကို သယ်ဆောင်နိုင်သည့် ရေအောက်မောင်းသူမဲ့ရေယာဉ်အရွယ်အစားမျိုးစုံကို ထုတ်လုပ်ထားရှိပြီးဖြစ်ကြောင်း၊ အဓိကအားဖြင့် ယင်းမောင်းသူမဲ့ရေယာဉ်များသည် ရေငုပ်သင်္ဘောကြီးများ မစွမ်းဆောင်နိုင်သော ရေတိမ်ပိုင်းစစ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကာတာကပြောကြားသည်။

ထို့ပြင် ပင်တဂွန်စစ်ဌာနချုပ်သည် လာမည့်နှစ်အတွင်း ရေငုပ်သင်္ဘောများ ထုတ်လုပ်ရန် အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် အသုံးပြုသွားရန်လျာထားပြီး အဓိကအားဖြင့် လက်နက်တပ်ဆင်ထားသော မောင်းသူမဲ့ရေငုပ်သင်္ဘောများ ထုတ်လုပ်မှုကို ဦးစားပေးလုပ်ဆောင်သွားဖွယ်ရှိသည်။

ယင်းကဲ့သို့လုပ်ဆောင်မှုသည် တောင်တရုတ်ပင်လယ်အတွင်း မတည်ငြိမ်မှုဖြစ်စဉ်များအကြား အမေရိကန်က ပိုမိုနက်ရှိုင်းစွာဝင်ရောက်လာခြင်းဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့်လည်း အမေရိကန်တို့၏ လုပ်ဆောင်နိုင်စွမ်းနှင့်ပတ်သက်၍ မည်သည့်အခါမျှ အတိအကျသိရှိနိုင်မည်မဟုတ်ကြောင်းနှင့် ထိုသို့လုပ်ဆောင်ခြင်းဖြင့် တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်အတွင်း ကျူးကျော်နေသည့်လုပ်ရပ်များ ရပ်တန့်စေမည်ဖြစ်ကြောင်း အမေရိကန်လုံခြုံရေးရာဌာနမှ ရှောင်န်ဘရင်မ်လေက Financial Times သတင်းဌာနသို့ပြောကြားထားသည်။

အဆိုပါ မောင်းသူမဲ့ရေငုပ်သင်္ဘောများသည် မောင်းသူမဲ့လေယာဉ်များနှင့်တူညီသော စွမ်းဆောင်ရည်အများအပြားရှိသည်။ လူလိုက်ပါခြင်းမရှိသည့်အတွက် အရွယ်အစားကို လိုအပ်သလိုတည်ဆောက်နိုင်ပြီး ကုန်ကျစရိတ်လည်း ပိုမိုသက်သာစေသည်။ ထို့ပြင် ဆိုနာနှင့် တခြားထောက်လှမ်းရေးစနစ်များမှလည်း အလွယ်တကူရှောင်ကွင်းနိုင်စွမ်းရှိသောကြောင့် ပင်တဂွန်စစ်ဌာနချုပ်အနေဖြင့် ယင်းမောင်းသူမဲ့ရေယာဉ်အများအပြားကိုတပ်ဖြန့်ချရန် စီစဉ်ခြင်းဖြစ်သည်။

ရေငုပ်သင်္ဘောအရွယ်အစားသေးငယ်လေ ရှာဖွေထောက်လှမ်းရန်ခက်ခဲလေဖြစ်သည့်အတွက် ထောက်လှမ်းခြင်း သို့မဟုတ် တိုက်ခိုက်မှုများလုပ်ဆောင်ရန် အဆိုပါမောင်းသူမဲ့ရေငုပ်သင်္ဘောများကို ရန်သူ့ရေပြင်ပိုင်နက်အတွင်းသို့ အလွယ်တကူစေလွှတ်နိုင်မည်ဖြစ်ပြီး ထိုမောင်းသူမဲ့ရေငုပ်သင်္ဘောများအသုံးပြုခြင်းသည် အမေရိကန်ရေတပ်၏ ရောက်ရှိတပ်ဖြန့်နိုင်မှုစွမ်းရည်ကို ပိုမိုတိုးမြှင့်ပေးရာလည်း ရောက်မည်ဖြစ်သည်။

ပင်တဂွန်စစ်ဌာနချုပ်သည် ရေငုပ်သင်္ဘောတိုးတက်ထုတ်လုပ်ရေးအတွက် ကာကွယ်ရေးအသုံးစရိတ်အများအပြားကို ပုံအောအသုံးပြုနေစဉ် တစ်ပြိုင်နက်တည်းမှာပင် ရေပေါ်သွား မောင်းသူမဲ့စစ်ရေယာဉ်စုကိုထုတ်လုပ်နေပြီဖြစ်သည်။

လက်ရှိတွင် ကာကွယ်ရေးဆိုင်ရာ တိုးတက်သော သုတေသနစီမံကိန်းများ အေဂျင်စီ DARPA ကထုတ်လုပ်ထားသည့် တစ္ဆေသင်္ဘောဟု နာမည်ပြောင်ရရှိထားသော Sea Hunter မောင်းသူမဲ့ရေယာဉ်သည် ကမ္ဘာ့သမုဒ္ဒရာကြီးများအတွင်းရှိ ရေငုပ်သင်္ဘောများကို အလိုအလျောက်လျှို့ဝှက်စွာရှာဖွေထောက်လှမ်းနိုင်စွမ်းရှိသည်။

အမေရိကန်က အဆိုပါ Sea Hunter မောင်းသူမဲ့ရေယာဉ်ကို ထုတ်လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ တရုတ်နှင့်ရုရှားနိုင်ငံတို့ကို တန်ပြန်ရန်အတွက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တရုတ်နှင့်ရုရှားနိုင်ငံတို့သည် ထိုကဲ့သို့ရေတပ်အား အဆင့်မြှင့်တင်မှုများ လုပ်ဆောင်နေခြင်းနှင့် စပ်လျဉ်း၍ အမေရိကန်အစိုးရအနေဖြင့် စိုးရိမ်ပူပန်မှုများ အလွန်အမင်းမြင့်တက်လာနေခြင်းကြောင့်ဖြစ်သည်။

တောင်တရုတ်ပင်လယ်သည် နိုင်ငံတကာရေကြောင်းကုန်သွယ်မှုမှုတစ်ဆင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ၅ ထရီလီယံရရှိသည့် ဒေသတစ်ခုဖြစ်ပြီး ယင်းပင်လယ်ပြင်တစ်ခုလုံးနီးပါးကို တရုတ်နိုင်ငံက ၎င်းတို့ပိုင်ဆိုင်ကြောင်း အတိအလင်းပြောကြားထားသည့်အတွက် အဆိုပါပင်လယ်ပြင်နှင့်ထိစပ်နေသော ဒေသတွင်းနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)နှင့် ဘရူနိုင်းနိုင်ငံတို့နှင့် ပိုင်နက်အငြင်းပွားမှုများဖြစ်ပွားနေခြင်းဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်းရှိ စပရတ်တလီကျွန်းစု၌ လူလုပ်ကျွန်းတုများအပြင် လေယာဉ်ကွင်းနှင့် အဆောက်အအုံများ တည်ဆောက်လျက်ရှိသည်။

အဆိုပါလုပ်ဆောင်မှုသည် နိုင်ငံတကာဆိုင်ရာ ကယ်ဆယ်ရေးကိစ္စရပ်များအတွက်ဖြစ်ကြောင်း တရုတ်နိုင်ငံက တွင်တွင်ပြောကြားထားသော်လည်း အမေရိကန်ကမူ တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်တွင် စစ်ရေးအရပုံဖော်နေခြင်းဖြစ်သည်ဟု ထပ်တလဲလဲပြောကြားထားသည်။

တောင်တရုတ်ပင်လယ်အရေးတွင် အမေရိကန်နိုင်ငံအနေဖြင့် တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသော်လည်း ၎င်း၏ဒေသတွင်း မဟာမိတ်နိုင်ငံများဖြစ်သော ဖိလစ်ပိုင်၊ တရုတ်(တိုင်ပေ)အစရှိသည့် နိုင်ငံများဘက်မှနေ၍ ဝင်ရောက်ရပ်တည်ပေးခြင်းဖြစ်သကဲ့သို့ ဒေသတွင်းအင်အားချိန်ခွင်လျှာညှိသည့်သဘောလည်းပါဝင်ပေသည်။

ထို့ပြင် တရုတ်နိုင်ငံသည် အရှေ့တရုတ်ပင်လယ်အတွင်း ဂျပန်နိုင်ငံနှင့်ပိုင်နက်အငြင်းပွားနေသောကြောင့် ဂျပန်နိုင်ငံကလည်း ၎င်း၏မဟာမိတ်ဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသို့ ရေကြောင်းကင်းထောက်လေယာဉ်ပေးအပ်ခြင်းအပါအဝင် နှစ်ပေါင်း ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဖျက်သင်္ဘောနှစ်စင်းခြံရံသည့် ရေငုပ်သင်္ဘောတစ်စင်းကိုလည်း စေလွှတ်ကာ တရုတ်နိုင်ငံကို အင်အားပြမှုများလုပ်ဆောင်ခဲ့သည်။

ဆက်လက်ပြီး အမေရိကန်နှင့်ဒေသတွင်းမဟာမိတ်နိုင်ငံတို့ကလည်း ပူးတွဲစစ်ရေးလေ့ကျင့်မှုများ အဆက်မပြတ်ပြုလုပ်ကာ တရုတ်နိုင်ငံ၏ ကျူးကျော်မှုများကိုရင်ဆိုင်ရန် အသင့်ပြင်ဆင်ထားသည်ကိုတွေ့ရသည်။

ထို့ကြောင့် ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့်တရုတ်နိုင်ငံတို့အကြားတင်းမာမှုသည် တောင်တရုတ်ပင်လယ်အရေးကို အကြောင်းပြု၍တစ်စထက်တစ်စမြင့်တက်လာနေပြီဖြစ်ပေသည်။ ။

**အာကာ**

# အင်ဂျင်နီယာဘွဲ့လွန်နှင့် မဟာဘွဲ့သင်တန်းများ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ခေါ်ယူ

**ရန်ကုန် မေ ၂၁**

ရန်ကုန်နည်းပညာတက္ကသိုလ်၌ အင်ဂျင်နီယာဘွဲ့လွန်နှင့် မဟာဘွဲ့သင်တန်းများ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ခေါ်ယူနေပြီဖြစ်ရာ ဘွဲ့လွန်ဒီပလိုမာအတွက် သင်တန်းစုစုပေါင်း ၁၄ ခုခေါ်ယူမည်ဖြစ်ပြီး မဟာဘွဲ့သင်တန်းများအတွက် သင်တန်းစုစုပေါင်း ၁၇ ခုခေါ်ယူမည်ဖြစ်သည့်အတွက် မေ ၂၉ ရက် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

"လူတွေ့စစ်ဆေးခံရမယ့် သင်တန်းသားစာရင်းကိုတော့ မေ ၂၅ ရက်မှာထုတ်ပြန်ပေးသွားမယ်။ လူတွေ့စစ်ဆေးမှုကိုတော့ မေ ၂၇ ရက်မှာလုပ်သွားမယ်။ တက်ရောက်ခွင့်ရှိတဲ့သူစာရင်းကိုတော့ မေ ၃၁ ရက်မှာ ထုတ်ပြန်သွားမယ်။ သင်တန်းတွေကိုတော့ ဇွန် ၁ ရက်မှာ စတင်ဖွင့်လှစ်သွားမှာပါ" ဟု အဆိုပါတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝင်ခွင့်လျှောက်ထားလိုသူများအနေဖြင့် သတ်မှတ်ထားသော လျှောက်လွှာနှင့်အတူ မိမိလျှောက်ထားမည့် ဘာသာရပ်ပေါ်မူတည်၍ ဘွဲ့လက်မှတ်(မူရင်းနှင့် မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒီပလိုမာသင်တန်းများကို မြို့ပြအင်ဂျင်နီယာဌာန၊ စက်မှုအင်ဂျင်နီယာဌာန၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာန၊ အီလက်ထရွန်နစ်အင်ဂျင်နီယာဌာန၊ မက္ကထရောနစ် အင်ဂျင်နီယာဌာန၊ ဓာတုအင်ဂျင်နီယာဌာန၊ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာဌာန၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာန၊ ရေနံအင်ဂျင်နီယာဌာန၊ သတ္တုဗေဒ အင်ဂျင်နီယာဌာန၊ အင်ဂျင်နီယာဘူမိဗေဒဌာနတို့၌ မိမိကြိုက်နှစ်သက်ရာဘာသာရပ်ကို ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်သည်။

ဘွဲ့လွန်ဒီပလိုမာသင်တန်းသည် တစ်နှစ်သင်တန်းဖြစ်ပြီး ဘွဲ့လွန်ဒီပလိုမာသင်တန်းများတွင် မဟာဘွဲ့သင်တန်းသို့ တက်ရောက်ခွင့်ရရှိသူများအား ယင်းဘာသာရပ်တွင် မဟာဘွဲ့တစ်နှစ်သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

ယခုပညာသင်နှစ်မှစတင်၍ ဘာသာတစ်ခုချင်းစီအလိုက် ကျောင်းခေါ်ချိန်ခေါ်ယူမည်ဖြစ်ပြီး ဘာသာတစ်ခုတွင် ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်း မပြည့်မီပါက စာမေးပွဲဖြေဆိုခွင့်ရရှိမည် မဟုတ်ကြောင်း သိရသည်။

**သဲသဲ**

24.indd 1 4/21/2016 5:25:25 PM

## ပွင့်လင်းမြင်သာပြုပြင်စရာ

## မှန်မှန်ကန်ကန်ရပ်တည်မည် လူထုကြားကမြဝတီ

# ယိုင်နဲ့နေသောလျှပ်စစ်ဓာတ်တိုင်များအား ပြုပြင်ပေးစေလို



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် (၁၂)ရပ်ကွက် လေးကျွန်းရန်အောင်ဖောင်တော်ဦးစေတီလမ်းမကြီးနှင့် ရေကြည်ဦးရပ်ကွက်အတွင်းရှိ လျှပ်စစ်ဓာတ်တိုင်များမှာ သစ်သားတိုင်များဖြစ်သဖြင့် ယခုအခါ ယိုင်နဲ့နေခြင်း၊ ကျိုးပဲ့ပျက်စီးခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

အဆိုပါ လေးကျွန်းရန်အောင်ဖောင်တော်ဦးစေတီမှာ ပုသိမ်မြို့ မုဋ္ဌောကိုးဆူတွင် တစ်ဆူအပါအဝင်ဖြစ်ပြီး နေ့စဉ်ဘုရားဖူးများနှင့် နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်လျက်ရှိသည့် နေရာဖြစ်ပါသည်။

ဓာတ်တိုင်များယိုင်နဲ့နေမှုကြောင့် လမ်းမကြီးပေါ်သို့ လျှပ်စစ်ဓာတ်ကြိုးများ အိကျလျက်ရှိပြီး ဓာတ်ကြိုးနှင့် မြေပြင်အကွာအဝေးမှာ ၇ ပေခွဲခန့်သာရှိပါသည်။ ထို့ပြင် ရပ်ကွက်အတွင်းရှိ ဓာတ်တိုင်များမှာလည်း ယိုင်နဲ့နေမှုကြောင့် လမ်းသွားလမ်းလာပြည်သူများအနေဖြင့် လျှပ်စစ်အန္တရာယ်ကြုံတွေ့နိုင်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလျှပ်စစ်ဓာတ်တိုင်များ ယိုင်နဲ့ပျက်စီးနေခြင်းကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အချိန်မီပြုပြင်ဆောင်ရွက်ပေးပါရန် မြဝတီသတင်းစာ၏ ပွင့်လင်းမြင်သာပြုပြင်စရာကဏ္ဍမှတစ်ဆင့် အသိပေးတင်ပြအပ်ပါသည်။

**အမြင်မတော်သူတစ်ဦး**

## ပွင့်လင်းမြင်သာပြုပြင်စရာ မြဝတီကိုပို့လိုက်ပါ

မြဝတီသတင်းစာသည် ပြည်သူလူထုကောင်းကျိုးအတွက် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ပြုပြင်စေလိုသည့်ကိစ္စရပ်များအား ပေါင်းကူးသဖွယ်အကျိုးဆောင်ပေးနေပါသည်။ နေရာဒေသအသီးသီးမှ တိုင်းရင်းသားပြည်သူအချင်းချင်း သတင်းမျှဝေရေးကိုလည်း အလေးအနက်ဖြန့်ဝေပေးနေပါသည်။

ထို့ကြောင့် နေရာဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ကြုံတွေ့နေရသောအခြေအနေမှန်များမှ ပြုပြင်စေလိုသောကိစ္စရပ်များ၊ အမြင်မတော်သည့်ဖြစ်ရပ်များအား မြဝတီသတင်းစာတိုက်သို့ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ မှတ်တမ်းဓာတ်ပုံများရှိပါက ထည့်သွင်းပေးပို့နိုင်ပါသည်။

"ပွင့်လင်းမြင်သာပြုပြင်စရာများ" ရေးသားပေးပို့ပါက ပေးပို့သူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် စိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်(ရှိလျှင်)တို့ ပြည့်စုံစွာပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

(အယ်ဒီတာ)

ပေးပို့ရန်လိပ်စာ

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း- ၀၃၁-၇၃၉၉၈၊ ဖက်(စ်) ၀၃၁-၇၃၉၉၉
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅) တပ်မြေ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်
  ဖုန်း- ၀၁-၄၀၀၆၉၇၊ ဖက်(စ်) ၀၃၁-၇၄၀၂၀၊ ၀၁-၃၉၇၃၃၁
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄ လမ်း၊ ၂၉ × ၃၀ လမ်းကြား၊ ဖုန်း-၀၂-၆၆၆၅၁၊ ၀၉-၄၀၂၅၂၃၉၈၂
- Online ဖြင့်လည်း E-mail:mwdpress@hotmail.co.uk သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

# ကျိုးကျပျက်စီးသွားသည့် အုတ်ခုံခံသစ်သားတံတားကို ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် ဒေသခံပြည်သူများလိုလားလျက်ရှိ



**ပွင့်ဖြူ ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပေါက်ကုန်းကျေးရွာ အိုးမြေတွင်းရိုးလမ်းရှိ အုတ်ခုံခံသစ်သားတံတားမှာ ယခုနှစ် ဖေဖော်ဝါရီနောက်ဆုံးပတ်က ကျိုးကျပျက်စီးခဲ့သဖြင့် ဒေသခံပြည်သူများသွားလာဆက်သွယ်ရေး ကိစ္စရပ်များတွင် အခက်အခဲဖြစ်ပေါ်နေကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စုနှင့် နန်းတော်ကျွန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၁၀ ရွာခန့်မှ ဒေသခံပြည်သူများသည် အဆိုပါတံတားကို ဖြတ်သန်းသွားလာကာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များကို ဆောင်ရွက်ကြရသည်။

အဆိုပါ တံတားကျိုးကျပျက်စီးသွားသဖြင့် မတ်လနောက်ဆုံးပတ်တွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယာယီတံတားတည်ဆောက်ပေးခဲ့သော်လည်း ဧပြီ ၁၅ ရက်တွင် ကျိုးကျပျက်စီးခဲ့သည်။

ပေါက်ကုန်းကျေးရွာအုပ်စု အိုးမြေတွင်းရိုးလမ်းရှိ အုတ်ခုံခံသစ်သားတံတားမှာ အရှည်ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၅ ပေရှိပြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၂၀ ဖြင့် နန်းမြင့်သူဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ၍ ၂၀၁၄ ခုနှစ် ဧပြီလတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ အဆိုပါတံတားကျိုးကျသွားခြင်းကြောင့် သွားလာဆက်သွယ်ရေးကိစ္စရပ်များတွင် အခက်အခဲဖြစ်ပေါ်နေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ပေးနိုင်ပါရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။ **(၄၀၁)**

# ဆိုင်ကယ်တစ်စီး ယာဉ်ကြောမှား၍ မျက်နှာချင်းဆိုင်က ဆိုင်ကယ်ကိုဝင်တိုက်

**ပုသိမ် ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကျောက်ချောင်းကြီးကျေးရွာအနီး ပုသိမ်-ချောင်းသာ ကားလမ်း မိုင်တိုင်အမှတ် (၆/၇) နှင့် (၇/၀)ကြား၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ဆိုင်ကယ်တစ်စီး ယာဉ်ကြောမှား၍ မျက်နှာချင်းဆိုင်မှ ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချောင်းသာဘက်မှ ပုသိမ်မြို့ဘက်သို့ ဆန်းမြင့် ၅၀ နှစ် (ဘ)ဦးလှမောင် သဲဖြူကျေးရွာအုပ်စု သာပေါင်းမြို့နယ်နေသူမောင်းနှင်လာသည့် HONDA 125 (နံပါတ်မပါ)လိမ္မော်နက်ကျားရောင်ဆိုင်ကယ်က ၎င်းရှေ့မှမောင်းနှင်နေသည့် ဆိုင်ကယ်ကိုကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာမျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည့် ဦးဝင်းကိုကို ၃၀ နှစ် အမှတ်(၂)ရပ်ကွက် ပုသိမ်မြို့နေသူမောင်းနှင်ပြီး နောက်တွင် တစ်ရပ်ကွက်တည်းနေ မပပဝင်း ၃၉ နှစ် (ဘ) ဦးတင်ရွှေနှင့် ဦးဝင်းကိုကို၏သမီးများဖြစ်သော မဟန်နီနီထွန်း ကိုးနှစ်၊ မသဲနုကိုကို ခုနစ်နှစ်တို့စီးနင်းလိုက်ပါလာသည့် ယာဉ်အမှတ် ၄၆ယ/--- Luojia 125 အနက်ရောင်ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခြင်းဖြစ်သည်။

ထိုသို့ ဆိုင်ကယ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိမှုကြောင့် ဦးဝင်းကိုကိုတွင်ဝဲလက်ပွန်းပဲ့ဒဏ်ရာ၊ ပခုံးပွန်းပဲ့ဒဏ်ရာ၊ ယာခြေသလုံးပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ)၊ မပပဝင်းတွင်ဝဲလက်ဆုံဖူးရောင်ဒဏ်ရာ(မစိုးရိမ်ရ)၊ မဟန်နီနီထွန်းတွင် ဝဲဘက် မျက်လုံးအောက်ပွန်းပဲ့ဒဏ်ရာ၊ ဝဲခြေမျက်စေ့ပွန်းပဲ့ဒဏ်ရာ၊ ခေါင်းမူး(စိုးရိမ်ရ) နှင့် မသဲနုကိုကိုတွင် နဖူးပေါက်ပြဲဒဏ်ရာ၊ ဝဲတံတောင်ပွန်းပဲ့ဒဏ်ရာ၊ ဝဲ/ယာဒူးပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ)တို့ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဆန်းမြင့်ကို သဘော်ကျင်းနယ်မြေရဲစခန်းက ယာဉ်(ပ) ၁၁/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၃၈/၃၃၇/၂၇၉ ဖြင့်အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၄၀၇)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ ကလေးငယ်တစ်ဦးရေနစ်သေဆုံး

**မော်လမြိုင်ကျွန်း ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုရွာမကျေးရွာ ချောင်းအတွင်း၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကလေးငယ်တစ်ဦးရေနစ်သေဆုံးမှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မရဲ့အုန်းပင်စုရွာမကျေးရွာနေ အသက်ခုနစ်နှစ်အရွယ်ရှိ မောင်မြတ်ဝင်းကျော်၏ မိဘများသည် နံနက်ပိုင်းလယ်ထဲသို့ သွားရောက်လုပ်ကိုင်နေရာမှ နေအိမ်သို့ ပြန်လာစဉ်သားဖြစ်သူ မောင်မြတ်ဝင်းကျော်အားနေအိမ်၌မတွေ့သဖြင့် အနီးပတ်ဝန်းကျင်ရှိ အိမ်နီးနားချင်းများနှင့်လိုက်လံရှာဖွေရာ မရဲ့အုန်းပင်စုရွာမကျေးရွာ အလယ်တန်းကျောင်းရှေ့ရှိချောင်းထဲ၌ ခန္ဓာကိုယ်ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ ရေနစ်သေဆုံးနေသည်ကို တွေ့ရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မောင်မြတ်ဝင်းကျော်သေဆုံးခြင်းမှာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိရန် ကျိုက်ပိနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၂/၂၀၁၆) ဖြင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(၄၀၇)**

## မှုခင်းသတင်း

# ဟားခါးမြို့၌ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

**ဟားခါး ဧပြီ ၂၁**

ချင်းပြည်နယ် ဟားခါးမြို့ ဗိုလ်ချုပ်လမ်းရှိ ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရုံးအနီး၌ ဧပြီ ၁၉ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါ်ဗျက်နွမ်ကျဲရ်၏ နေအိမ်၌ ဂက်စ်မီးဖိုဖြင့် ရေနွေးအိုးတည်ရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်ရဲတပ်ဖွဲ့မှ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်/မြို့နယ်မီးသတ်တပ်ဖွဲ့မှူးများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများသည် မီးသတ်ယာဉ်ငါးစီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ကြရာ ညနေ ၄ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားသည်။

အဆိုပါ မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ကာ နှစ်ထပ်နေအိမ်တစ်လုံးနှင့် ဆိုင်ကယ်လေးစီး ပျက်စီးဆုံးရှုံးခဲ့ရာ ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀ ခန့်ဆုံးရှုံးခဲ့ပြီး လူသေဆုံးမှုမရှိကြောင်း သိရသည်။ **(၄၀၉)**

# ၂၂-၄-၂၀၁၆ မှစတင်ပြီး အဆင့်မြင့်ရုပ်ရှင်ရုံကြီးများ၌ ပြသလျက်ရှိသော ဇာတ်ကားများ

| ရုံအမည် | ဇာတ်ကားအမည် | ဒါရိုက်တာအမည် | သရုပ်ဆောင်အမည် |
|---|---|---|---|
| သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ Top Royal၊ မင်္ဂလာစံပြ၊ ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာထွန်းသီရိ | အချစ်စစ် | သိန်းဟန်(ဖိုးနစ်) | နေတိုး၊ ရွှေမှုံရတီ၊ ဆုမြတ်နိုးဦး |
| မင်္ဂလာ(၂)၊ နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာဒိုင်းမွန်း | The Jungle Book (3D) | Jon Favreau | Neel Sothi, Ball Murray, Ben Kingsiey, Idris Eiba, Scarltet Johansson |
| နေပြည်တော် | Gods Of Egypt 3D | Alex Proyas | Alycis Debeam-Caney, William Moseley, Coeace Panlo, Brit Morgan, Brooke Markham |
| နေပြည်တော်၊ မင်္ဂလာဝဇီရာ | Landon Has Fallen | Babak Naigah | Garand Butler, Aaron Eckhart, Morgan Freeman, Mehdi Dehbi, Shivaei Ghai |
| ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာဒိုင်းမွန်း | Fan(2D) | Maneesh Sharma | Shah Rukh Khan, joollo koissi, Mariaia Jawcrska, Facah Ahmed, Paul Bachwesa |
| ရွှေဆောင်(၂)၊ မင်္ဂလာဒိုင်းမွန်း | Allegiant (2D) | Robert Schwentke | Shallene Woodley, Theo James, Jett Danies, Naomi Watts, Ansel Elgort |

# Fan ဇာတ်ကားသစ်ရုံတင်




ရန်ကုန် ဧပြီ ၂၁

Fan ဇာတ်ကားသည် အသက် ၂၉ နှစ်အရွယ် လူငယ်လေးGaurav ၏ သူငယ်ငယ်ကလေးဘဝကတည်းက စွဲလမ်းနှစ်သက်ခဲ့ပြီး သူ့အနေဖြင့် ဘုရားသခင်လို့ ရည်ညွှန်းရလောက်အောင် လေးစားချစ်ခင်ရတဲ့ Aryan Khanna အပေါ် စွဲလမ်းနှစ်သက်ပုံကို ပုံဖော်ရိုက်ကူးထားသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

အဆိုပါဇာတ်လမ်းတွင် နာမည်ကြီးသရုပ်ဆောင် Aryan Khanna နှင့် လုံးဝနီးပါးရုပ်ချွတ်စွပ်တူနေသော Jh Gaurav သည် နာမည်ကြီးသရုပ်ဆောင် Aryan Khanna နှင့်တွေ့ဆုံရန် အိန္ဒိယရုပ်ရှင်မြို့တော် မွမ်ဘိုင်းမြို့သို့ သူ၏မွေးနေ့မှာ ဆုတောင်းထောမနာပြုရန်ရောက်ရှိလာခဲ့သည်။

သို့သော် Gauravသည် သူချစ်ခင်ရသောမင်းသားနှင့် တွေ့ဆုံရာတွင် ထင်သလိုဖြစ်မလာသည့်နောက်ပိုင်း Gaurav ၏ နာမည်ကြီးသရုပ်ဆောင်မင်းသားအပေါ် ချစ်ခင်မြတ်နိုးမှုသည် မကောင်းသည့်အစွန်းရောက်မှုဘက်ကိုကူးပြောင်းရောက်ရှိသွားပါသည်။

ရုပ်ချင်းဆင်တူသောသူတို့နှစ်ဦး၏ ပင်ကိုအရည်အသွေးနှင့်စရိုက်လက္ခဏာများမှာ သူတို့နှစ်ဦးအား ဘယ်လိုပြောင်းလဲစေမည်ဆိုသည်ကို စိတ်ဝင်စားစရာ ရိုက်ကူးတင်ပြထားသော နှစ်ကိုယ်ခွဲအိန္ဒိယရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ပြီး ဧပြီ ၂၂ ရက်တွင် ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံများ၌ ပြသတော့မည်ဖြစ်သည်။ **အေးချမ်းမိုး**

# ဆေးဖက်ဝင်ကြက်သားခွေးတောက်ရွက်ဟင်းရည်တစ်ခွက်



ကြက်သားခွေးတောက်ရွက် ဟင်းရည်ချက်နည်းအကြောင်း မပြောခင် ကြက်သားနှင့်ခွေးတောက်ရွက်တို့၏ ကျန်းမာရေးအတွက် ဆေးဖက်ဝင်ပုံကို ဦးစွာပထမပြောပြချင်ပါတယ်။

ကြက်သား၏အာဟာရနဲ့ပတ်သက်ပြီး တိုင်းရင်းသမားတော်ကြီးများက ဒီလိုအကြံပြုထားကြပါတယ်။

(က)ကြက်ဖနီ၏အသားကိုစားသုံးခြင်းဖြင့် အဆီသြဇာဓာတ်နှင့်ပြည့်ဝခြင်း၊ အစာကြေညက်လွယ်ခြင်း၊ အသံကြည်လင်စေခြင်း၊ ချွေးပုပ်ထွက်စေခြင်း၊ အအေးမိရောဂါကို ပြေပျောက်စေခြင်း စသည်ဖြင့် ကောင်းကျိုးပြုပါတယ်။

(ခ)အဖြူရောင်ကြက်၏အသားကိုစားသုံးခြင်းဖြင့် လူကို အသားဓာတ်ရစေခြင်း၊ သည်းခြေရောဂါကိုနိုင်ခြင်း၊ အစာကြေခြင်း၊ ဝမ်းချုပ်ခြင်းကို ပြေပျောက်စေခြင်း စသည်ဖြင့် ကောင်းကျိုးပြုပါတယ်။

(ဂ)အနက်ရောင်ကြက်၏အသားကိုစားသုံးခြင်းဖြင့် အအေးမိရောဂါကို ပြေပျောက်စေခြင်း၊ ဆီးချုပ်ဝမ်းချုပ်ကို ပြေပျောက်စေခြင်း၊ အစာကြေညက်လွယ်ခြင်း၊ အကြောတက်ညောင်းညာပြေပျောက်ခြင်း၊ အရိုးကျိုးခြင်းကို အမြန်ဆုံးပြန်ဆက်စေခြင်း စသည်ဖြင့် ကောင်းကျိုးပြုပါတယ်။

(ဃ)တိန်ညင်ကြက်မ(ကြက်အသေးမျိုး)၏ အသားကိုစားသုံးခြင်းဖြင့် အသက်ရှည်ခြင်း၊ ဆီးဝမ်းမှန်စေခြင်း၊ ခြေလက်ဖောရောင်မှုကိုသက်သာစေခြင်း၊ အဆိပ်အတောက်ပြေစေခြင်း၊ သည်းခြေရောဂါများကိုနိုင်ခြင်း စသည်ဖြင့် ကောင်းကျိုးပြုပါတယ်။

ခွေးတောက်ရွက်၏ အကျိုးအာနိသင်နဲ့ပတ်သက်၍ ခါးသက်သက်အရသာရှိတဲ့ ခွေးတောက်ရွက်ဟာ နှုတ်မြိန်ခံတွင်းလိုက်စေပါတယ်။ လည်ချောင်းနာ၊ လေရောဂါ၊ ပန်းနာရင်ကျပ်၊ ဆီးပူညောင်းကျနှင့်ဒူလာရောဂါတို့ကို နိုင်ပါတယ်။ သွေးကိုပွားများစေပြီး ကာမကို အားပေးပါတယ်။ ဒ့ါပြင် ချွေးထွက်ပြီး ရေငတ်ပြေစေပါတယ်။

အကယ်၍ အဖြူရောင်ကြက်သားနဲ့ခွေးတောက်ရွက်တို့ကိုရော၍ ချက်စားခြင်းဖြင့်-

(က)မီးယပ်ပိန် မီးယပ်ခြောက်ရောဂါရှိသူများ၊ အထူးသဖြင့် အပူအားကြီးပြီး ပိန်ချုံးချည့်နဲ့သူများနှင့် မီးယပ်အပူပုပ်ငုပ်သော အမျိုးသမီးရောဂါအမျိုးမျိုးတို့ကို ကောင်းကျိုးပြုပါတယ်။

(ခ)အညောင်းမိ အညောင်းထိုင်သူများအတွက် အကောင်းဆုံးဆေးနည်းတို ဟင်းလျာတစ်ခွက်လို့ဆိုနိုင်ပါတယ်။

(ဂ)ထန်းရည်၊ ဘီယာ၊ အရက်စတဲ့ယမကာများကို ကြာရှည်စွာ သောက်သုံးသူများမှာ ခွေးတောက်ရွက်ကို ကြက်သားဖြင့် ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် ပုံမှန်ချက်စားခြင်းဖြင့် ကိုယ်ခန္ဓာထဲမှာရှိတဲ့ အယ်လ်ကိုဟောလ် အဆိပ်အတောက်များ(အရက်ချိုးများ)ကို ပြေပျောက်စေပါတယ်။

(ဃ)ကျား-မသဘာဝခွန်အားတိုးဆေးအဖြစ် ခွေးတောက်ရွက်ကို ဘဲဥနဲ့ ကြော်စားပေးနိုင်ပါတယ်။

ကြက်သားခွေးတောက်ရွက်ဟင်း၏ ကျန်းမာရေးအတွက် ဆေးဖက်ဝင်ပုံများကိုတော့ သိရပါပြီ။ အရသာရှိရှိချက်စားကြည့်လိုက်ကြရအောင်။ အရည်သောက်ဟင်းဖြစ်တာကြောင့် ကြက်အသားထက် ကြက်တောင်ပံ၊ လည်ချောင်းနှင့်ကြက်ခြေထောက်စတဲ့ အရိုးတွေဆိုရင် ပိုကောင်းပါတယ်။ "ကြက်မှာအရိုး၊ လူမှာအမျိုး" ဆိုတဲ့စကားအတိုင်း ကြက်အရိုးပြုတ်ရည်က အရသာပိုချိုတဲ့အပြင် ၎င်းအရိုးနားမှာ ကပ်နေတဲ့အသားတွေကလည်း ပို၍နူးညံ့နေလို့ပါပဲ။ ဦးစွာ ၎င်းအရိုးများကို ရေသန့်စင်အောင်ဆေးကြောပြီး တစ်ကိုက်စာအတုံးလေးတွေတုံးပါ။ ပြီးရင် ဟင်းအိုးထဲမှာ ကြက်ရိုးများနှင့်အတူ ဆား၊ နနွင်း၊ ဟင်းခတ်မှုန့်နှင့်ခေါးပြားရိုက်ထားတဲ့ ချင်းတို့ဖြင့်ရောနယ်၍ လက်ဆေးရေလေးဖြင့် အရင်ဆုံးလုံးလိုက်ပါ။ အိုးပူလာတဲ့အခါ နောက်ထပ်ရေမြုပ်အောင်ထည့်ပြီး မီးဖိုမှာတည်ထားပါ။ အရည်သောက်ဟင်းဖြစ်လို့ အရည်များများနဲ့ဆို ပိုကောင်းပါတယ်။ ရေလည်းပွက်ပွက်ဆူပြီး ကြက်သားနူးလာတဲ့အခါမှာ ကြက်သွန်ဖြူခေါးပြားရိုက်ထည့်ပြီး မီးဖိုပေါ်က ချက်ချင်းချလိုက်ပါ။ ပြီးနောက် အိုးအဖုံးကိုဖွင့်၍ သန့်စင်လှီးဖြတ်ထားတဲ့ ခွေးတောက်ရွက်တွေခတ်၍ အဖုံးကို ခပ်မြန်မြန်ပြန်ဖုံးလိုက်ပါ။ အရသာရှိတဲ့ ဟင်းရည်ဖြစ်စေဖို့အတွက်. . .

(၁) ခွေးတောက်ရွက်တွေကို မီးဖိုပေါ်မှာ နူးအိအောင်မတည်သင့်ပါဘူး။

(၂) အရွက်တွေ နူးအိသွားပါက အရသာလွန်စွာခါးတဲ့အပြင် ၎င်းအရွက်ထဲမှ ရရှိနိုင်တဲ့ ကျန်းမာရေးအာဟာရဓာတ်တွေလည်း ပျက်ပြယ်သွားစေပါတယ်။

အကယ်၍ ကြက်သားခွေးတောက်ရွက်ကို ရခိုင်လက်ရာအဖြစ် ချက်စားချင်သူများအတွက် ဟင်းရည်ချက်နည်းအဆင့်ဆင့်ကို ဖော်ပြပေးချင်ပါတယ်။ ဦးစွာ စပါးလင်ကို အပြင်ခွံခွာအရွက်နည်းနည်းဖယ် ရေဆေးပြီး ထုထောင်းထားပါ။ ကြက်သွန်ဖြူ/နီတို့ကို ရောထောင်း၍ ချင်းကို ခေါးပြားရိုက်ထားပါ။ ငရုတ်သီးစိမ်းများကို နှစ်ခြမ်းညှပ်ထားပါ။ ဒယ်အိုးထဲ ဆီတစ်ဇွန်းထည့်၍ ကြက်သွန်ဖြူ/နီ၊ ချင်းဆီသတ်ပါ။ စိမ်းစားငါးပိထည့်ပါ။ ခရမ်းချဉ်သီးကို လေးစိတ်စိတ်ပြီးထည့်ပါ။ ကြက်သားထည့်ပြီး ဆားနှင့်ဟင်းခတ်မှုန့် သင့်ရုံထည့်၍ စောစောက ပြင်ဆင်ထားတဲ့စပါးလင်၊ ကြက်သွန်ဖြူ/နီ၊ ချင်းတို့ဖြင့် အုပ်ပြီးချက်ပါ။ ကြက်သားအိုးဆူလျှင် ရေလိုသလောက်ထည့်ပါ။ ဟင်းအိုးဆူ၍ စားခါနီးမှာ ခွေးတောက်ရွက်ထည့်ပါ။ ရှမ်းနံနံခတ်၍ ပူပူနွေးနွေးသုံးဆောင်ပါ။ ။

**ပေါက်ပေါက်**

# ကုန်စည်ဈေးနှုန်းများ

## အခြေခံစားသောက်ကုန်

### ဆန်

| | | | | | |
|---|---|---|---|---|---|
| ပေါ်ဆန်း (ဖျာပုံ) | တစ်ပြည် | ၁၅၀၀ | - | ၁၈၅၀ | ကျပ် |
| ပေါ်ဆန်း (ရွှေဘို) | တစ်ပြည် | ၁၉၀၀ | - | ၂၄၀၀ | ကျပ် |
| တောင်ပြန် | တစ်ပြည် | ၁၁၀၀ | - | ၁၄၀၀ | ကျပ် |
| ဧယာ | တစ်ပြည် | ၈၀၀ | - | ၁၀၀၀ | ကျပ် |

### ဆီ

| | | | |
|---|---|---|---|
| မြေပဲဆီ | တစ်ပိဿာ | ၅၅၀၀ | ကျပ် |
| နှမ်းဆီ | တစ်ပိဿာ | ၄၄၀၀ | ကျပ် |
| စားအုန်းဆီ | တစ်ပိဿာ | ၁၇၀၀ | ကျပ် |

**အထက်ပါဈေးနှုန်းများသည် ဘုရင့်နောင်ကုန်စည်ဒိုင်မှ ကောက်ယူထားခြင်းဖြစ်ပါသည်။**

### စက်သုံးဆီ

| | | | |
|---|---|---|---|
| ပရီမီယမ်ဒီဇယ် | တစ်လီတာ | ၅၄၀ | ကျပ် |
| ဒီဇယ် | တစ်လီတာ | ၄၈၀ | ကျပ် |
| ဓာတ်ဆီ | တစ်လီတာ | ၅၃၀ | ကျပ် |
| အောက်တိန်း (92) | တစ်လီတာ | ၅၅၀ | ကျပ် |
| အောက်တိန်း (95) | တစ်လီတာ | ၆၅၀ | ကျပ် |

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | | |
|---|---|---|---|---|
| အခေါက်ရွှေ ၁၆ ပဲရည် | တစ်ကျပ်သား | - | ၇၇၆၅၀၀ | ကျပ် |
| ၁၅ ပဲရည် | တစ်ကျပ်သား | - | ၇၃၀၈၀၀ | ကျပ် |

### နိုင်ငံခြားငွေကြေး

| | | | | | |
|---|---|---|---|---|---|
| အမေရိကန်ဒေါ်လာ | တစ်ဒေါ်လာ | ၁၁၇၀ | - | ၁၁၈၀ | ကျပ် |
| စင်ကာပူဒေါ်လာ | တစ်ဒေါ်လာ | ၈၇၀ | - | ၈၈၀ | ကျပ် |
| ယူရို | တစ်ယူရို | ၁၃၂၃ | - | ၁၃၄၀ | ကျပ် |
| ယွမ် | တစ်ယွမ် | ၁၇၈ | - | ၁၈၁ | ကျပ် |
| ဘတ် | တစ်ဘတ် | ၃၃. ၄ | - | ၃၄. ၉ | ကျပ် |
| ရင်းဂစ် | တစ်ရင်းဂစ် | ၂၈၀ | - | ၂၉၀ | ကျပ် |
| စတာလင်ပေါင် | တစ်ပေါင် | ၁၆၆၇ | - | ၁၆၇၂ | ကျပ် |
| ယန်း | တစ်ယန်း | ၁၀. ၆ | - | ၁၀. ၈ | ကျပ် |

**သိမ်ဖြူငွေလဲကောင်တာမှ ကောက်ယူထားသောနှုန်းဖြစ်ပါသည်။**

(၂၈၀)

# နှစ်သင်းသွင်းဂိုးအများနဲ့ ဝါဒါဘရီမင်ကိုအားပေး

## သောကြာနေ့ည ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၃၁) ပွဲကြိုသုံးသပ်ချက်




သောကြာနေ့ညမှာ ထုံးစံအတိုင်း ဘွန်ဒက်စ်လီဂါ၊ လာလီဂါ၊ ပြင်သစ်လီဂူးဝမ်းနဲ့ အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ်တွေထဲက တစ်ပွဲစီကစားကြမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲတွေထဲက ပိုကောင်းနိုင်မယ့် ပွဲစဉ်သုံးပွဲကို ထုတ်နုတ်သုံးသပ်လိုက်ပါတယ်။

**ဇေယျာ**

| ဟမ်းဘတ် Vs ဝါဒါဘရီမင် | | | |
|---|---|---|---|
| နံနက် ၀၁း၀၀ | နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု | | |
| ၂၈-၁၁-၂၀၁၅ | ဝါဒါဘရီမင် | ၁-၃ | ဟမ်းဘတ် |
| ၁၉- ၄-၂၀၁၅ | ဝါဒါဘရီမင် | ၁-၀ | ဟမ်းဘတ် |
| ၂၃-၁၁-၂၀၁၄ | ဟမ်းဘတ် | ၂-၀ | ဝါဒါဘရီမင် |
| aemuq;o;y | | | |
| ၁၇-၄-၂၀၁၆ | ဒေါ့မွန် | ၃-၀ | ဟမ်းဘတ် |
| ၉-၄-၂၀၁၆ | ဟမ်းဘတ် | ၁-၂ | ဒမ်းစတက် |
| ၂-၄-၂၀၁၆ | ဟန်နိုဗာ | ၀-၃ | ဟမ်းဘတ် |
| ၂၀-၄-၂၀၁၆ | ဘိုင်ယန်မြူးနစ် | ၂-၀ | ဝါဒါဘရီမင် |
| ၁၆-၄-၂၀၁၆ | ဝါဒါဘရီမင် | ၃-၂ | ဝုဖ်ဘတ် |
| ၉-၄-၂၀၁၆ | ဝါဒါဘရီမင် | ၁-၂ | အော့စ်ဘတ် |

ဘွန်ဒက်စ်လီဂါပြိုင်ပွဲဟာ ဒီတစ်ပတ်မှာ ပွဲစဉ် (၃၁)ကို ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး ရာသီသိမ်းဖို့ကလည်း လေးပွဲပဲလိုပါတော့တယ်။

သောကြာနေ့ညမှာရင်ဆိုင်တွေ့ကြမယ့် ဟမ်းဘတ်နဲ့ ဝါဒါဘရီမင်တို့ရဲ့ပွဲဟာ အစဉ်အလာပြိုင်ဘက်တွေဖြစ်ရုံသာမက လက်ရှိနှစ်သင်းရဲ့ ရပ်တည်မှုအနေအထားကြောင့် ပိုပြီးအကြိတ်အနယ်ရှိမှာပါ။ ဟမ်းဘတ်က ၃၄ မှတ်နဲ့အဆင့်(၁၂)၊ ဝါဒါဘရီမင်က ရမှတ် ၃၁ မှတ်နဲ့ တန်းဆင်းဇုန် အဆင့်(၁၆)နေရာမှာရှိနေတာကြောင့် မှားတဲ့အသင်း ဒုက္ခလှလှတွေ့သွားမှာပါ။ ဝါဒါဘရီမင်ဟာ နောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲသာနိုင်ခဲ့ပြီး လေးပွဲရှုံးခဲ့လို့လည်း အခုလို ပလေးအော့ဖ်ကစားရမယ့် တန်းဆင်းဇုန် အဆင့်(၁၆)နေရာရောက်သွားရတာဖြစ်ပါတယ်။

ဟမ်းဘတ်အသင်းရဲ့ နောက်ဆုံးခြောက်ပွဲအနေအထားကိုကြည့်ရင်လည်း နှစ်ပွဲသာအနိုင်ရခဲ့တာတွေ့ရပါတယ်။ နောက်ဆုံးဘွန်ဒက်စ်လီဂါပွဲစဉ်ငါးပွဲမှာဆိုရင် တစ်ပွဲသာအနိုင်ရခဲ့တာကြောင့် နှစ်သင်းစလုံးရဲ့ခြေစွမ်းက အကျဘက်မှာရှိနေတယ်လို့ သုံးသပ်ရမှာပါ။

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု အစဉ်အလာကိုကြည့်ရင်တော့ သူတစ်လှည့် ကိုယ်တစ်လှည့်နိုင်ပွဲတွေရနေကြတာကိုတွေ့ရပါတယ်။ အိမ်ကွင်းဖြစ်လို့နိုင်တာမျိုးမဟုတ်ဘဲ အလှည့်ကျနီးပါး တစ်သင်းတစ်လှည့်စီနိုင်နေကြတာပါ။ ထူးခြားတာက နောက်ဆုံး ၁၀ ပွဲစလုံး ဒီနှစ်သင်းတွေ့ဆုံမှုမှာ သရေပွဲမရှိခဲ့တာပါပဲ။ ဒါကြောင့် ဒီပွဲမှာလည်း သရေကျစရာအကြောင်းမရှိဘူးလို့တွက်ဆရမှာပါ။ဒီပွဲမှာ အိမ်ရှင်ဟမ်းဘတ်က သရေဆိုရင် ၆၀ ရာခိုင်နှုန်းနစ်နာပါမယ်။ ဝါဒါဘရီမင်ဟာ နောက်ဆုံးဘွန်ဒက်စ်လီဂါသုံးပွဲဆက် နှစ်ဂိုးနဲ့အထက်ဂိုးပေးခဲ့ရပြီး နောက်ဆုံးရှစ်ပွဲမှာ ခုနစ်ပွဲက ဂိုးအများဖြစ်ခဲ့လို ဂိုးအပေါ် ကိုပဲကြိုက်တယ်။

## အဝေးကွင်းဆိုရင် အက်စ်ပန်ညိုကို ရှောင်

### သောကြာနေ့ည စပိန်လာလီဂါ ပွဲစဉ်(၃၅) ပွဲကြိုသုံးသပ်ချက်

| လက်စ်ပါးမက်စ် Vs အက်စ်ပန်ညို | | | |
|---|---|---|---|
| နံနက် ၀၁း၃၀ | နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု | | |
| ၁၉-၁၂-၂၀၁၅ | အက်စ်ပန်ညို | ၁-၀ | လက်စ်ပါးမက်စ် |
| ၂၄- ၂-၂၀၀၂ | အက်စ်ပန်ညို | ၃-၁ | လက်စ်ပါးမက်စ် |
| ၁၄-၁၀-၂၀၀၁ | လက်စ်ပါးမက် | ၂-၀ | အက်စ်ပန်ညို |
| aemuq;o;y | | | |
| ၂၀-၄-၂၀၁၆ | ဘက်တစ် | ၁-၀ | လက်စ်ပါးမက်စ် |
| ၁၆-၄-၂၀၁၆ | လက်စ်ပါးမက်စ် | ၁-၁ | ဂီဂွန် |
| ၁၂-၄-၂၀၁၆ | ဒီပိုတီဗို | ၁-၃ | လက်စ်ပါးမက်စ် |
| ၂၀-၄-၂၀၁၆ | အက်စ်ပန်ညို | ၁-၁ | ဆယ်လ်တာဗီဂို |
| ၁၆-၄-၂၀၁၆ | လီဗန်တေး | ၂-၁ | အက်စ်ပန်ညို |
| ၉-၄-၂၀၁၆ | အက်စ်ပန်ညို | ၁-၃ | အက်သလက် |

အက်စ်ပန်ညိုသည် နောက်ဆုံးလာလီဂါ အဝေးကွင်း ၁၃ ပွဲကစားခဲ့ရာတွင် ၁၂ ပွဲ နိုင်ပွဲပျောက်ဆုံးခဲ့။

အက်စ်ပန်ညိုသည် နောက်ဆုံးလာလီဂါ လေးပွဲစလုံး နိုင်ပွဲပျောက်ဆုံးခဲ့သလို အဝေးကွင်းတွင် အမှတ်ပေးဇယားအောက်ဆုံးမှ လီဗန်တေးကိုလည်း ရှုံးနိမ့်ခဲ့။

| သောကြာနေ့ည(စနေနေ့နံနက်)ပွဲစဉ်များ | | |
|---|---|---|
| အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၄၄) | | |
| ပရက်စတန် | - ဘန်လေ | နံနက် ၀၁း၁၅ |
| ပြင်သစ်လီဂူးဝမ်း ပွဲစဉ်(၃၅) | | |
| နိစ် | - ရိမ်းစ် | နံနက် ၀၁း၀၀ |
| ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၃၁) | | |
| ဟမ်းဘတ် | - ဝါဒါဘရီမင် | နံနက် ၀၁း၀၀ |
| စပိန်လာလီဂါ ပွဲစဉ်(၃၅) | | |
| လက်စ်ပါးမက်စ် | - အက်စ်ပန်ညို | နံနက် ၀၁း၃၀ |

လက်စ်ပါးမက်စ်က ဒီရာသီမှာ မထင်မှတ်ဘဲ ခြေစွမ်းပြပြီး အဆင့်(၁၃) နေရာမှာ ရပ်တည်နေနိုင်ပါတယ်။ အက်စ်ပန်ညိုအသင်းကတော့ အရင်နှစ်တွေကခြေစွမ်းမျိုးမဟုတ်တော့ဘဲ ပွဲစဉ် ၃၄ ပွဲအပြီးမှာ ၁၇ ပွဲ ရှုံးထားပြီး အဆင့်(၁၅) နေရာကို ရောက်နေပါတယ်။

ယခုပွဲစဉ်မှာ နှစ်သင်းစလုံးဘက်က ဒဏ်ရာရ ပွဲပယ်ကစားသမားတွေ ရှိနေတယ်။ လက်စ်ပါးမက်စ်မှာ အဓိကကစားသမား ကက်စတီလာနို ဒဏ်ရာရနေပြီး အေသာမိက ပွဲပယ်ပြစ်ဒဏ်ထိထားတယ်။ အက်စ်ပန်ညိုမှာ အဓိကကစားသမားတွေဖြစ်တဲ့ ဂျူရာဒီ၊ ကိုင်စီဒိုနဲ့ဂျိုဆေးကာနက်စ်တို့ ဒဏ်ရာရနေတဲ့အတွက် အသင်းအထိုင်ပျက်နေပြီး ဗစ်တာဆန်းချက်ဇ်လည်း ပွဲပယ်ပြစ်ဒဏ်ထိထားတယ်။

လက်စ်ပါးမက်စ်ဟာ နောက်ဆုံးလာလီဂါ နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားလို့ ဒီပွဲမှာ လူမစုံတဲ့ အက်စ်ပန်ညိုကို ၂ ဂိုး-၁ ဂိုး လောက်နဲ့ အနိုင်ရမယ်ထင်ပါတယ်။




# လီဂူးဝမ်းရဲ့ အိမ်ကွင်း တတိယအကောင်းဆုံးနိစ်အသင်းကိုရွေး

## သောကြာနေ့ည ပြင်သစ်လီဂူးဝမ်းပွဲစဉ်(၃၅) ပွဲကြိုသုံးသပ်ချက်

| နိစ် Vs ရိမ်းစ် | | | |
|---|---|---|---|
| နံနက် ၀၁း၀၀ | နောက်ဆုံးငါးကြိမ်တွေ့ဆုံမှု | | |
| ၁၂-၁၂-၂၀၁၅ | ရိမ်းစ် | ၁-၁ | နိစ် |
| ၁၂- ၄-၂၀၁၅ | ရိမ်းစ် | ၀-၁ | နိစ် |
| ၂၃-၁၁-၂၀၁၄ | နိစ် | ၀-၀ | ရိမ်းစ် |
| ၂၇- ၄-၂၀၁၄ | နိစ် | ၁-၀ | ရိမ်းစ် |
| ၈-၁၂-၂၀၁၆ | ရိမ်းစ် | ၁-၀ | နိစ် |
| aemuq;o;y | | | |
| ၁၆-၄-၂၀၁၆ | လိုင်ယွန် | ၁-၁ | နိစ် |
| ၁၀-၄-၂၀၁၆ | နိစ် | ၃-၀ | ရင်းနက်စ် |
| ၂-၄-၂၀၁၆ | ပီအက်စ်ဂျီ | ၄-၁ | နိစ် |
| ၁၇-၄-၂၀၁၆ | ထရိုယက်စ် | ၂-၁ | ရိမ်းစ် |
| ၁၀-၄-၂၀၁၆ | ရိမ်းစ် | ၂-၁ | နန်တက်စ် |
| ၃-၄-၂၀၁၆ | ရင်းနက်စ် | ၃-၁ | ရိမ်းစ် |




နိစ်ဟာ ပြင်သစ်လီဂူးဝမ်း အဆင့်(၄) နေရာမှာရပ်တည်နေတာကြောင့် ဥရောပဝင်ခွင့်အတွက် အထူးရုန်းကန်ကစားနေရတာတွေ့ရပါတယ်။ ရိမ်းစ်အသင်းကတော့ ရမှတ် ၃၆ မှတ်နဲ့ အဆင့်(၁၇) နေရာမှာ ရပ်တည်နေတဲ့အတွက် တန်းမဆင်းရရေး ရုန်းကန်ရဦးမှာပါ။

နိစ်အသင်းမှာ လက်ရှိဒဏ်ရာရထားတဲ့ မိုက်ကယ်လီဘီဟန်၊ မတ်သီယူဘော့ဒမာ၊ မဟာမာနီထရာအိုရေးနဲ့ ဆိုင်မွန်ပေ့ါပလင်တို့ပါဝင်ကစားနိုင်မှာမဟုတ်ပါဘူး။ ရိမ်းစ်အသင်းဘက်မှာလည်း အလက်ဆစ် ပူဂတ်၊ ဒီယေဂိုနဲ့ ဖိုဖန်နာတို့ ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်သလို ဂျာဘာကန်ကာဗာလည်း ပွဲပယ်ပြစ်ဒဏ်ထိထားပါတယ်။

ရိမ်းစ်အသင်းမှာ အဓိကကွင်းလယ်ကစားသမား ဂျော်ဂျီယာလက်ရွေးစင် ကန်ကာဗာက ပွဲပယ်ပြစ်ဒဏ်ထိထားလို့ နည်းပြ ဂူဂန်ဟာ အသင်းကစားကွက် ၃-၄-၃ ပုံစံမှာ အလီအန်ဒွန်ကို အစားထိုးသုံးစွဲဖွယ်ရှိပါတယ်။ ညာတောင်ပံမှာ ခြေစွမ်းပျောက်ဆုံးနေတဲ့ ဘန်ဂူရာနေရာကို ပြီးခဲ့တဲ့ပွဲတွေမှာ လူစားဝင်ပြီး ခြေစွမ်းပြနိုင်ခဲ့တဲ့ ဟာမာရီထရာအိုရေးကို ရိမ်းစ်အသင်းက ထုတ်သုံးနိုင်ပါတယ်။

နိစ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ လီဂူးဝမ်းပွဲမှာ လိုင်ယွန်အသင်းကို သူတို့ကွင်းမှာ ဒီရာသီပထမဆုံး အနိုင်ရတဲ့အသင်းဖြစ်ဖို့ အလားအလာကောင်းတွေရှိခဲ့ပေမယ့် လာကာဇက်တီရဲ့ နောက်ကျချေပဂိုးပေးလိုက်ရတဲ့အတွက် သရေကျခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၃) အတွင်းဝင်နိုင်မယ့်အခွင့်အရေးကို လက်လွှတ်ခဲ့ရပါတယ်။ ရိမ်းစ်အသင်းဟာ တန်းဆင်းအန္တရာယ်ရှိနေချိန်မှာ နောက်ဆုံးကစားခဲ့တဲ့ ထရိုယက်စ်နဲ့ ဒါဘီပွဲစဉ်မှာ ၂ ဂိုး-၁ ဂိုးနဲ့ ရှုံးနိမ့်ခဲ့လို့ စိုးရိမ်ရတဲ့ အခြေအနေကိုရောက်လာပါတယ်။

နှစ်သင်း အနီးစပ်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲတွေကိုပြန်ကြည့်ရင် နိစ်အသင်းဟာ ရိမ်းစ်ကို နောက်ဆုံးအိမ်ကွင်းသုံးပွဲစလုံးအနိုင်ရခဲ့တာတွေ့ရပါတယ်။ နိစ်ဟာ ဒီရာသီမှာတတိယ အိမ်ကွင်းအကောင်းဆုံး လီဂူးဝမ်းအသင်းဖြစ်ပြီး ရိမ်းစ်အသင်းကတော့ ၂၀၁၆ ခုနှစ်ထဲမှာ အဝေးကွင်းနိုင်ပွဲတစ်ပွဲသာ ရခဲ့ပါတယ်။ ဒါကြောင့် အိမ်ကွင်းစိတ်ချရတဲ့ နိစ် နှစ်ဂိုးပြတ်လောက်နဲ့ နိုင်မှာပါ။

### နိစ်နှင့် ရိမ်းစ်ပွဲမှ စိတ်ဝင်စားဖွယ် အချက်အလက်များ

နိစ်နှင့် ရိမ်းစ်တို့ နောက်ဆုံးတွေ့ဆုံသည့်ပြိုင်ပွဲစုံခြောက်ပွဲစလုံး ဂိုးနည်းခဲ့။

ရိမ်းစ်၏ နောက်ဆုံးလီဂူးဝမ်းအဝေးကွင်းကိုးပွဲတွင် ရှစ်ပွဲ၌ နှစ်ဂိုးအထက်ပေးခဲ့ရ။ ရိမ်းစ်၏ နောက်ဆုံး လီဂူးဝမ်း အဝေးကွင်းသုံးပွဲတွင် နှစ်သင်းပေါင်းသွင်းဂိုးအများပွဲများဖြစ်ခဲ့။

နိစ်သည် နောက်ဆုံးလီဂူးဝမ်းအိမ်ကွင်းသုံးပွဲစလုံး အနိုင်ရခဲ့။

နိစ်၏ နောက်ဆုံးလီဂူးဝမ်းအိမ်ကွင်းသုံးပွဲစလုံးမှာ ဂိုးအများပွဲများဖြစ်။

ရိမ်းစ်သည် နောက်ဆုံးလီဂူးဝမ်း အဝေးကွင်းငါးပွဲစလုံး နိုင်ပွဲပျောက်ဆုံးခဲ့။

နိစ်သည် ရိမ်းစ်နှင့် ပြိုင်ပွဲစုံ နောက်ဆုံးအိမ်ကွင်းသုံးပွဲတွေ့ဆုံမှုတွင် ဂိုးမပေးခဲ့ရ။

ရိမ်းစ်သည် နောက်ဆုံးလီဂူးဝမ်းခြောက်ပွဲတွင် တစ်ပွဲသာအနိုင်ရခဲ့။

22.4(P-27)YYH.indd 1 4/21/2016 8:05:22 PM

# နာပိုလီကို ကိုးမှတ်အထိ ဖြတ်လိုက်ပြီး ချန်ပီယံဆုနီးစပ်လာ၍ အယ်လီဂရီပျော်ရွှင်

**တူရင် မေ ၂၁**

ဗုဒ္ဓဟူးနေ့ညကယှဉ်ပြိုင်ကစားသည့် စီးရီးအေပွဲစဉ်တွင် လာဇီယိုအား ၃ ဂိုး-ဂိုးမရှိဖြင့် ပြတ်ပြတ်သားသားအနိုင်ယူပြီး သရဖူဆွတ်ခူးနိုင်ရန် အနီးစပ်ဆုံးအနေအထားရောက်ရှိလာသဖြင့် ကျေနပ်ဝမ်းသာမိကြောင်း ဂျူဗင်တပ်စ်နည်းပြအယ်လီဂရီက ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါပွဲစဉ်တွင် ဂျူဗင်တပ်စ်သည် မန်ဇူကစ်၊ ဒိုင်ဘာလာတို့၏သွင်းဂိုးများဖြင့် အနိုင်ရရှိပြီး လာဇီယိုအား တစ်ဦးအသာဖြင့် အလွယ်တကူ ယှဉ်ပြိုင်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပွဲအနိုင်ရလဒ်ကြောင့် ဂျူဗင်တပ်စ်အနေဖြင့် ရာသီကုန်ဆုံးရန် လေးပွဲသာကျန်ရှိတော့ချိန်တွင် အမှတ်ပေးဇယားဒုတိယနေရာမှ နာပိုလီကို ကိုးမှတ်အထိ ဖြတ်ထားလိုက်ပြီး သရဖူကာကွယ်ရန် သေချာသလောက် ရှိလာခဲ့သည်။



ထို့ကြောင့် ပွဲအပြီးတွင် အဆိုပါအေစီမီလန်နည်းပြဟောင်းက"ဒီနေ့ည လာဇီယိုနဲ့ပွဲမှာ ကျွန်တော့်အသင်းသားတွေ အကောင်းဆုံးကြိုးစားစွမ်းဆောင်သွားနိုင်ကြတယ်လို့ထင်တယ်။ အထူးသဖြင့် ခံစစ်ပိုင်းဂိုးမပေးရအောင်လုပ်နိုင်ခဲ့ကြတာပါ။ ခက်ခဲတဲ့ပွဲစဉ်တွေကို ဘယ်လိုရင်ဆိုင်ကျော်ဖြတ်အနိုင်ယူရမယ်ဆိုတာ သူတို့အားလုံးကောင်းကောင်းသိထားကြတယ်။ ချန်ပီယံဖြစ်ဖို့သေချာနေပြီဆိုပေမယ့် ကျွန်တော်တို့ပေါ့ဆလို့မရသေးပါဘူး။ နာပိုလီက လက်ကျန်ပွဲအားလုံးအနိုင်ရအောင် ကြိုးစားမှာပါ။ ဒါကြောင့် စီးရီးအေချန်ပီယံဆုကို ငါးကြိမ်ဆက်အဖြစ်ဆွတ်ခူးရယူချင်တယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ လက်ကျန်လေးပွဲမှာ လေးမှတ်ရရှိအောင် ကြိုးစားကစားဖို့တော့ လိုအပ်နေပါသေးတယ်" ဟု ပြောကြားခဲ့သည်။

*Ref:Sky Sports*

## အီရန်တင်းနစ်သမား ပွဲတာဝန်ကြီးကြပ်သူကို လိုက်ကန်ခဲ့

**အန်တယ်လ်ယာ မေ ၂၁**

မေ ၁၇ ရက်က တူရကီနိုင်ငံ အန်တယ်လ်ယာမြို့၌ကျင်းပခဲ့သော ဖျူးချားစ်တင်းနစ်ပြိုင်ပွဲတွင် အသက် ၂၉ နှစ်အရွယ် အီရန်တင်းနစ်သမား မာဂျစ်အဘီဒီနီသည် ပွဲကစားနေစဉ်အတွင်း ဒေါသထွက်ပေါက်ကွဲကာ ပွဲတာဝန်ကြီးကြပ်သူကို ကွင်းပြင်အထိလိုက်၍ ကန်ကျောက်ခဲ့သောကြောင့် ၎င်းအား အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်(ITF)က ကနဦးပွဲပိတ်ပြစ်ဒဏ်ချမှတ်လိုက်သည်။



ထိုပွဲတွင် အဘီဒီနီသည် ကမ္ဘာ့အဆင့်(၁၅၂၅)ရှိ ဗြိတိန်မှ အသက် ၂၀ အရွယ် တင်းနစ်သမား အက်စ်ဝက်ကို ၆-၀၊ ၂-၀ ဖြင့် ပွဲပြတ်ရှုံးပြီး ပွဲတာဝန်ကြီးကြပ်သူတစ်ဦးအပေါ် အသားလွတ်ဒေါသထွက်ပေါက်ကွဲကာ နောက်မှလိုက်၍ ကန်ကျောက်သလို ရက်ကတ်နှင့်ပါရိုက်ခဲ့သောကြောင့် စုံစမ်းခံနေရသည်။

*Ref:dailymail*

# ဗီလာရီးယဲလ်နှင့်ပွဲတွင် ရီးယဲလ်မက်ဒရစ်တောင်ပံကစားသမား စီရော်နယ်ဒို ဒဏ်ရာရရှိသွားပြီး မန်စီးတီးနှင့် ချန်ပီယံလိဂ်ဆီမီးပွဲအထိ နားရဖွယ်ရှိနေ

**မက်ဒရစ် မေ ၂၁**

ရီးယဲလ်မက်ဒရစ် တောင်ပံကစားသမား စီရော်နယ်ဒိုသည် ယမန်နေ့က ဗီလာရီးယဲလ်နှင့်ယှဉ်ပြိုင်ကစားသောပွဲစဉ်တွင်ဒဏ်ရာရသွားသောကြောင့် ရက်အနည်းငယ်ကြာ အနားယူရဖွယ်ရှိနေကြောင်း သိရသည်။ အဆိုပါပေါ်တူဂီကစားသမားသည် ဗီလာရီးယဲလ်အား ၃ ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသည့်ပွဲစဉ်၌ ပွဲပြီးခါနီးတွင် ပေါင်ခြံဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းဒဏ်ရာရရှိသွားချိန်တွင် အသင်းနည်းပြဇီဒန်းအနေဖြင့် ကစားသမားသုံးဦး လူစားလဲပြီးဖြစ်နေခဲ့သည်။ ထို့ကြောင့် ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် စီရော်နယ်ဒို ကွင်းအတွင်းမှထွက်ခွာသွားချိန်၌ ရီးယဲလ်မက်ဒရစ်အသင်းမှာ ကစားသမား ၁၀ ဦးတည်းဖြင့် ယှဉ်ပြိုင်သွားခဲ့ရသည်။ ယခုကဲ့သို့ လူစားလဲမှု မလုပ်လိုက်ရသောကြောင့် ၎င်းအနေဖြင့် ကွင်းအတွင်းမှထွက်ခွာသွားရသော်လည်း ယခုရာသီတစ်လျှောက်လုံး လူစားလဲမှုလုံးဝမလုပ်ဘဲ ပွဲစဉ်တိုင်းပါဝင်ကစားနိုင်သည့် တစ်ဦးတည်းသော လာလီဂါကစားသမားအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။



## စက်ရုပ်များမဟုတ်ကြသဖြင့် ဘာစီလိုနာကို ပွဲတိုင်းမျှော်လင့်မထားကြရန် ဆွာရက်ဇ် တောင်းဆို

**ဘာစီလိုနာ မေ ၂၁**

မိမိတို့ ဘာစီလိုနာကစားသမားများမှာ စက်ရုပ်များမဟုတ်ကြဘဲ လူသားများသာဖြစ်ကြသဖြင့် ပရိသတ်များဘက်မှ ပွဲတိုင်းမျှော်လင့်မထားကြစေလိုကြောင်း ယမန်နေ့က ဒီပိုတီဗိုအား ၈ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိအပြီးတွင် သတိပေးတောင်းဆိုလိုက်သည်။ ယင်းပွဲတွင် လေးဂိုးသွင်းယူခဲ့သောဆွာရက်ဇ်က"ဒီပွဲမတိုင်ခင် ကျွန်တော်တို့ရလဒ်တွေ ဆက်တိုက်ဆိုးရွားခဲ့တယ်။ ဗလင်စီယာကိုတောင် အရေးနိမ့်ခဲ့ရတာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဟာ အများကိုမသိတဲ့စက်ရုပ်တွေမဟုတ်ကြပါဘူး။ လူသားတွေပဲဖြစ်တယ်။ ဒါကြောင့် ပွဲတိုင်းအကောင်းဆုံးမမျှော်လင့်စေလိုပါဘူး" ဟု ပြောကြားသွားခဲ့သည်။

*Ref:The Sun*

သို့ရာတွင် ရာသီတစ်လျှောက်လုံး ကြံ့ခိုင်မှုအပြည့်ပါဝင်ကစားပြီး ရီးယဲလ်မက်ဒရစ်ကို လာလီဂါနှင့် ချန်ပီယံလိဂ်သရဖူပြေးလမ်းကြောင်းပေါ်တွင် ရှိနေစေရန် ဂိုးများသွင်းပြီး အဓိကကူညီပေးနေနိုင်သည့် ၎င်းဒဏ်ရာရရှိသွားမှုမှာ အသင်းအတွက် စိုးရိမ်စရာဖြစ်လာခဲ့ရသည်။ စီရော်နယ်ဒိုသည် ယခုရာသီ လာလီဂါတွင် စုစုပေါင်း ၃၁ ဂိုးသွင်းယူပေးထားပြီး ဒုတိယနေရာမှ ဆွာရက်ဇ်ထက် တစ်ဂိုးအကွာဖြင့် ဂိုးအများဆုံးသွင်းသူအဖြစ်ရပ်တည်လျက်ရှိသည်။ ယခုကဲ့သို့ ဒဏ်ရာရရှိသွားမှုကြောင့် သူ့အနေဖြင့် ယခုတစ်ပတ် ဗယ်လက်ကာနိုနှင့်ယှဉ်ပြိုင်ကစားရမည့် လာလီဂါပွဲစဉ်ကို လွဲချော်မည်ဖြစ်ပြီး ယင်းမှာပြိုင်ဘက်ဘာစီလိုနာအသင်းမှ တိုက်စစ်မှူးဆွာရက်ဇ်အတွက် ဂိုးသွင်းဘုရင်ဆု ဆွတ်ခူးနိုင်ရန် အခြေအနေကောင်းဖြစ်လာခဲ့ရသည်။ သို့ရာတွင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တစ်ရာသီအတွင်း ဂိုးအများဆုံးသွင်းထားသည့် ကိုယ့်စံချိန်ကိုယ်ပြန်လည်ချိုးဖျက်ပြီး စုစုပေါင်း ၁၆ ဂိုးအထိ သွင်းယူထားနိုင်သည်။ ဒုတိယအများဆုံးသွင်းယူထားကြသူများမှာ ရှစ်ဂိုးစီသာရှိကြသဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆက်လက်မကစားလျှင်ပင် ဂိုးသွင်းဘုရင်ဖြစ်ရန် သေချာလျက်ရှိသည်။



စီရော်နယ်ဒို၏ ဒဏ်ရာအခြေအနေနှင့်ပတ်သက်ပြီး ရီးယဲလ်မက်ဒရစ်နည်းပြဇီဒန်းက"ပေါင်ခြံထိခိုက်မိသွားတာပါ။ လောလောဆယ် စမ်းသပ်စစ်ဆေးမှုတွေ မလုပ်ရသေးပါဘူး။ ဒါပေမဲ့ ဒဏ်ရာမပြင်းထန်ဘူးလို့တော့ ယူဆတယ်။ ဗယ်လက်ကာနိုနဲ့ ယှဉ်ပြိုင်ကစားမယ့် လာလီဂါပွဲကို လွဲချော်နိုင်ပေမယ့် လာမယ့်ကြားရက် မန်စီးတီးနဲ့ ချန်ပီယံလိဂ်ပွဲရောက်ရင်တော့ ပါဝင်ကစားနိုင်ဖို့မျှော်လင့်ထားတယ်" ဟု ပြောသည်။ ဇီဒန်းပြောကြားမှုအရ ဗယ်လက်ကာနိုနှင့်ပွဲတွင် တစ်ရာသီလုံး တစ်ပွဲမကျန် မိနစ်ပြည့်ကစားထားသည့် စံချိန်ကျိုးပျက်မည်ကိုစိုးရိမ်ပြီး စီရော်နယ်ဒိုကစားရန် ဆန္ဒရှိလျှင်ပင် ခွင့်ပြုသွားဖွယ်မရှိပေ။

မန်စီးတီးနှင့်ပွဲတွင် ပါဝင်နိုင်မည်ဆိုလျှင်လည်း ကြံ့ခိုင်မှုပြည့်ဝရန် မသေချာကြောင်း အသင်းနှင့်နီးစပ်သူများကပြောသည်။ သို့သော် စီရော်နယ်ဒိုကမူ ဒဏ်ရာပြင်းထန်ခြင်းမရှိလျှင် ပါဝင်ကစားခွင့်ပြုရန် ဇီဒန်းထံ တောင်းဆိုနိုင်ရေးပြင်ဆင်ထားကြောင်း အတွင်းသတင်းများအရ သိရသည်။

*Ref:AS*

## ဒိုင်ဗင်ထိုး၍ ထုတ်ပယ်ခံရသည့်ဗာဒီဘက်မှ ဟော့ဒ်ဆန်ကာကွယ်

**လက်စတာ မေ ၂၁**

ဟန်ဆောင်ဒိုင်ဗင်ထိုးသည်ဆိုပြီး ထုတ်ပယ်ခံလိုက်ရသည့် လက်စတာတိုက်စစ်မှူးဗာဒီဘက်မှ အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ရွိုင်ဟော့ဒ်ဆန်ကာကွယ်ပြောကြားခဲ့သည်။ အဆိုပါအင်္ဂလန်ကစားသမားသည် ပြီးခဲ့သည့်တနင်္ဂနွေနေ့က ဝက်စ်ဟမ်းနှင့် နှစ်ဂိုးစီသရေကျသောပွဲစဉ်တွင် ပယ်နယ်တီရရှိစေရန် ရည်ရွယ်ချက်ရှိရှိ လဲချသည်ဟူ၍ ကွင်းလယ်ဒိုင်ဂျွန်မော့စ်၏ အဝါကတ်ပြသတိပေးမှုနှင့် ရင်ဆိုင်ခဲ့ရသည်။ ယင်းအချိန်မတိုင်မီကတည်းက ၎င်းမှာ အဝါကတ်ပြသခံရပြီးဖြစ်၍ နှစ်ဝါတစ်နီဖြင့် ကွင်းအတွင်းမှ ထွက်ခွာခဲ့ရသည်။ ယခုအခါ ဗာဒီသည် ယင်းအနီကတ်ပြစ်ဒဏ်အပြင် ထုတ်ပယ်ခံရချိန်တွင် ကွင်းလယ်ဒိုင်အား



မကျေမနပ် အော်ဟစ်ဆဲဆိုမှုများကြောင့် နောက်ထပ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေသည်။

ဟော့ဒ်ဆန်က "တကယ်တော့ ဗာဒီကံမကောင်းစွာထုတ်ပယ်ခံလိုက်ရတာပါ။ ကျွန်တော်ကတော့ ၁၈ ကိုက်စည်းအတွင်း အော့ဘွန်နာနဲ့ ငြိပြီးလဲကျသွားတာ ဟန်ဆောင်ဒိုင်ဗင်ထိုးတယ်လို့မမြင်ဘူး။ နောက်ပြီးတော့ ဒါဟာ ပယ်နယ်တီပြစ်ဒဏ်မဟုတ်တာလည်း သေချာတယ်။ မတော်တဆထိခိုက်မိကြတာပါ။ ဟန်ချက်ပျက်ပြီး လဲကျသွားတာကို ဟန်ဆောင်ဒိုင်ဗင်ထိုးတယ်ဆိုပြီး နှစ်ဝါတစ်နီနဲ့ အထုတ်ခံလိုက်ရတယ်။ အရမ်းကိုကံဆိုးခဲ့ရတာပါ" ဟု ပြောသည်။

*Ref:BBC*

## ရာဖေးနာဒယ် ဘာစီလိုနာအိုးပင်း တတိယအဆင့်သို့တက်ရောက်

**ဘာစီလိုနာ မေ ၂၁**

ဘာစီလိုနာအိုးပင်းပြိုင်ပွဲတွင် ရှစ်ကြိမ်ချန်ပီယံဖြစ်ထားသော စပိန်တင်းနစ်အကျော်အမော် ရာဖေးနာဒယ်သည် မေ ၂၀ ရက်ကပွဲစဉ်တွင် ပြိုင်ဘက် ဂရန်နိုလာကို ၆-၃၊ ၆-၂ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိကာ ယခုနှစ် ဘာစီလိုနာအိုးပင်း တတိယအဆင့်သို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။

နာဒယ်သည် အဆိုပါနိုင်ပွဲကြောင့် နောက်တစ်ဆင့်တွင် တစ်နိုင်ငံတည်းသား ကမ္ဘာ့အဆင့် (၁၀၄)ရှိ အဲလ်ဘတ်မွန်တာနက်စ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

*Ref:BT*

22.4.(P-28)YYH.indd 1
4/21/2016 7:34:23 PM

# စီးပွားဖြစ်မွေးမြူ တို့တောင်သူ

ဒေါက်တာချစ်
(ထပ်ဆင့်အမျိုးသားစာပေဆုရ)

**ဆိတ်နို့သည် လူ၏ကျန်းမာရေးအတွက် လူနို့ပြီးလျှင် အကောင်းဆုံးဖြစ်သည်ဟု ဆိုကြသည်။ ကျွဲ၊ နွားနှင့် သိုးတို့အတွက် အစာရှားသောနေရာ၌ပင် ဆိတ်အတွက် အစာရနိုင်သည်။ ဆိတ်သည် တွေ့ရာစားတတ်သော.....**

**ဆိတ်မွေးမြူရေး**

အစားအစာကို အထူးဂရုစိုက်ရန်မလိုဘဲ၊ ငွေကုန်ကြေးကျလည်းမများလှဘဲ စီးပွားဖြစ်မွေးမြူနိုင်သော တိရစ္ဆာန်မှာ သိုး၊ ဆိတ်ဖြစ်သည်။ သိုးကိုအေး၍ ခြောက်သွေ့သော နေရာဒေသများတွင် မွေးမြူသင့်ပြီး ဆိတ်ကို မိုးနည်းပြီး ပူပြင်းခြောက်သွေ့သော နေရာဒေသများတွင် မွေးမြူသင့်သည်။ သိုးကို အသားစားရန်နှင့် အမွေးယူရန် မွေးမြူကြပြီး ဆိတ်ကို အသားစားရန်နှင့် နို့ယူရန် မွေးမြူကြသည်။ ဆိတ်နို့သည် လူ၏ကျန်းမာရေးအတွက် လူနို့ပြီးလျှင် အကောင်းဆုံးဖြစ်သည်ဟု ဆိုကြသည်။ ကျွဲ၊ နွားနှင့် သိုးတို့အတွက် အစာရှားသောနေရာ၌ပင် ဆိတ်အတွက် အစာရနိုင်သည်။ ဆိတ်သည် တွေ့ရာစားတတ်သော (Omnivorous) သတ္တဝါဖြစ်သည်။

ဆိတ်ပေါက်စအမလေး အကောင် ၅၀ နှင့် အထီး ၁၀ ကောင်ကို စတင်မွေးသင့်သည်။ ဆိတ်သေပျောက်နှုန်းမှာ တစ်နှစ်လျှင် ၁၆ ရာခိုင်နှုန်းခန့်ရှိသဖြင့် အရွယ်ရောက်ချိန်(တစ်နှစ်သားအရွယ်)တွင် ဆိတ်မ ၄၂ ကောင်နှင့် ဆိတ်သိုး(အထီး) ရှစ်ကောင်သာကျန်ရှိမည်ဖြစ်သည်။ တစ်နှစ်သားအရွယ်တွင် သားတင်နိုင်ပြီး ကိုယ်ဝန်ဆောင်သောကာလမှာ ငါးလကြာမည်ဖြစ်သည်။ ဆိတ်ထီး တစ်ကောင်လျှင် ဆိတ်မ ငါးကောင်ထားပေးရမည်။ သားမွေးပြီး တစ်လကြာလျှင် နောက်တစ်ကြိမ် သားတင်နိုင်သည်။ ထို့ကြောင့် မြန်မာတို့က ဆိတ်မသည် တစ်နှစ်လျှင် နှစ်သား တစ်ဗိုက်ရှိသည်ဟု ဆိုကြသည်။ ဆိတ်မသည် ပထမသားကို တစ်ကောင်သာမွေးပြီး နောက်သားများကို တစ်ကောင်မွေးလိုက်၊ နှစ်ကောင်မွေးလိုက် ဖြစ်သဖြင့် ပျမ်းမျှ ၁ ဒသမ ၅ ကောင်ဟု သတ်မှတ်ကြသည်။ ဆိတ်ကို ငါးနှစ်မွေးမြူနိုင်ပြီး နောက်ပိုင်းတွင် ထုတ်၍ရောင်းချရသည်။

မွေးမြူရေးသက်တမ်း နှစ်နှစ်ရှိသောအခါ ဆိတ်မ ၄၂ ကောင်နှင့် ဆိတ်ထီး ရှစ်ကောင်တို့က နှစ်ကြိမ်မွေးဖွားရာ ဆိတ်ကလေး ၁၀၅ ကောင်ရရှိမည်ဖြစ်သည်။ ထိုဆိတ်ကလေးများထဲမှ ၁၇ ကောင်သေနိုင်သဖြင့် ၈၈ ကောင်ကျန်ရှိမည်။ ထို ၈၈ ကောင်မှာ အထီး၊ အမ ဆတူဖြစ်နိုင်သဖြင့် အမ ၄၄ ကောင်နှင့် အထီး ၄၄ ကောင်ရရှိမည်။ ထိုအထီးများထဲမှ ကိုးကောင်ကို မျိုးအဖြစ်ချန်ထားပြီး ကျန်ရှိသော ၃၅ ကောင်ကို ခြောက်လသားအရွယ်တွင် ထုတ်၍ရောင်းချပစ်ရသည်။ ထိုအချိန်၌ တစ်ကောင်လျှင် ခြောက်ပိဿာခန့်ရှိနိုင်သည်။

သုံးနှစ်ကြာသောအခါ မူလဆိတ်မကြီး ၃၅ ကောင်နှင့် ဆိတ်ထီး ခုနစ်ကောင်တို့က နှစ်ကြိမ်သားပေါက်ရာ ဆိတ်ကလေး ၁၀၅ ကောင်ရရှိမည်ဖြစ်သည်။ ထိုအထဲမှ ၁၇ ကောင်သေနိုင်သဖြင့် ၈၈ ကောင်ကျန်ရှိမည်။ ထိုအထဲမှ အထီး၊ အမ ဆတူဖြစ်သဖြင့် အမ ၄၄ ကောင်နှင့် အထီး ၄၄ ကောင်ဖြစ်နိုင်သည်။ ထိုအထီးများထဲမှ ကိုးကောင်ကို မျိုးအတွက်ချန်ထားပြီး ကျန်သော ၃၅ ကောင်ကို ထုတ်၍ရောင်းချရသည်။ ထို့ပြင် ပထမသားဆက်မှ အမ ၄၄ ကောင်နှင့် အထီး ကိုးကောင်တို့က နှစ်ကြိမ်သားပေါက်ရာ ဆိတ်ကလေး အကောင် ၁၁၀ ရရှိနိုင်သည်။ ထိုအထဲမှ ၁၈ ကောင် သေနိုင်သဖြင့် ၉၂ ကောင်ကျန်ရှိမည်။ ထို ၉၂ ကောင်ထဲမှ အထီး၊ အမ ဆတူဖြစ်နိုင်သဖြင့် အမ ၄၆ ကောင်နှင့် အထီး ၄၆ ကောင်ရရှိမည်။ အထီးထဲမှ ကိုးကောင်ကို မျိုးချန်ပြီး ကျန်သော ၃၇ ကောင်ကို ထုတ်၍ရောင်းချရသည်။

လေးနှစ်ကြာသောအခါ မူလအမ ၂၉ ကောင်နှင့် အထီး ခြောက်ကောင်တို့က နှစ်ကြိမ်သားပေါက်ရာ ၈၇ ကောင်ရရှိမည်။ ထို့ပြင် ပထမသားဆက်မှ အမ ၃၇ ကောင်နှင့် အထီး ရှစ်ကောင်တို့က သား နှစ်ကြိမ်ပေါက်ရာ ဆိတ်ကလေး ၁၁၁ ကောင်ရရှိမည်ဖြစ်သည်။ တစ်ဖန် ဒုတိယသားဆက်မှ အမ ၄၄ ကောင်နှင့် အထီး ကိုးကောင်တို့က သား နှစ်ကြိမ်ပေါက်ရာ ဆိတ်ကလေး အကောင် ၁၁၀ ရရှိမည်။ ပထမမြေးဆက်မှ ဆိတ်မကြီး ၄၆ ကောင်နှင့် အထီး ကိုးကောင်တို့က နှစ်ကြိမ်သားပေါက်ရာ ဆိတ်ကလေး ၁၁၅ ကောင်ရရှိမည်။ စုစုပေါင်း ဆိတ်ကလေး ၄၂၃ ကောင်မှ ၆၈ ကောင်သေနိုင်သဖြင့် ၃၅၅ ကောင်ကျန်ရှိနိုင်သည်။ ထိုအထဲမှ အထီး၊ အမ ဆတူဖြစ်နိုင်သဖြင့် အမ ၁၇၇ ကောင်နှင့် အထီး ၁၇၈ ကောင်ခန့်ရှိမည်ဖြစ်သည်။ ထိုအထီးထဲမှ ၃၅ ကောင်ကို မျိုးအဖြစ်ချန်ပြီး ကျန်သော ၁၄၃ ကောင်ကို ထုတ်၍ရောင်းချရသည်။

ငါးနှစ်ကြာသောအခါ မူလဆိတ်မကြီး ၂၄ ကောင်နှင့် အထီး ငါးကောင်တို့က နှစ်ကြိမ်သားပေါက်ရာ ဆိတ်ကလေး ၇၂ ကောင်ရရှိမည်။ ပထမသားဆက်မှ ဆိတ်မ ၃၁ ကောင်နှင့် အထီး ခုနစ်ကောင်တို့ကလည်း ဆိတ်ကလေး ၉၃ ကောင်ရရှိမည်။

ထို့ပြင် ဒုတိယသားဆက်မှ ဆိတ်မ ၃၇ ကောင်နှင့် အထီး ရှစ်ကောင်တို့က နှစ်ကြိမ်သားပေါက်ရာ ဆိတ်ကလေး ၁၁၁ ကောင်ရရှိမည်။ တစ်ဖန် တတိယသားဆက်မှ အမ ၃၆ ကောင်နှင့် အထီး ရှစ်ကောင်တို့က နှစ်ကြိမ်သားပေါက်ရာ ဆိတ်ကလေး အကောင် ၉၀ ရရှိမည်။ ထို့ပြင် ပထမမြေးဆက်မှ ဆိတ်မ ၃၉ ကောင်နှင့် အထီး ရှစ်ကောင်တို့က နှစ်ကြိမ်သားပေါက်ရာ ဆိတ်ကလေး ၁၁၇ ကောင်ရရှိမည်။ ထို့နောက် ဒုတိယမြေးဆက်မှ ဆိတ်မ ၄၆ ကောင်နှင့် အထီး ကိုးကောင်တို့က နှစ်ကြိမ်သားပေါက်ရာ ဆိတ်ကလေး ၁၁၅ ကောင်ရရှိမည်။ ထို့ပြင် ဒုတိယသား၏ မြေးဆက်(မြစ်)မှ ဆိတ်မ ၄၆ ကောင်နှင့် အထီး ကိုးကောင်တို့က နှစ်ကြိမ်သားပေါက်ရာ ဆိတ်ကလေး ၁၁၅ ကောင်ရရှိမည်။ နောက်ဆုံးတွင် ပထမမြေးဆက်၏ မြေး(တီ)မှ ဆိတ်မ ၄၆ ကောင်နှင့် အထီး ကိုးကောင်တို့က နှစ်သားပေါက်ရာ ၁၁၅ ကောင်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ဆိတ်ကလေးစုစုပေါင်း ၈၂၈ ကောင်ရှိရာမှ ၁၃၂ ကောင် သေနိုင်သဖြင့် ၆၉၆ ကောင်ကျန်ရှိမည်ဖြစ်သည်။ ထိုအထဲမှ အထီး၊ အမ ဆတူဖြစ်နိုင်သဖြင့် အမ ၃၄၈ ကောင်နှင့် အထီး ၃၄၈ ကောင်ရှိမည်။ ထိုအထီးထဲမှ ၆၉ ကောင်ကို မျိုးအဖြစ်ချန်ပြီး ကျန်သော ၂၇၉ ကောင်ကို ထုတ်၍ရောင်းချနိုင်သည်။

ငါးနှစ်ပြည့်သောအခါ ဆိတ်ကြီး ၃၆၇ ကောင်၊ ဆိတ်ကလေး ၄၁၇ ကောင်နှင့် ထုတ်၍ရောင်းချခဲ့သော ဆိတ်အကောင်ရေမှာ ၅၃၀ ဖြစ်သည်။ ထို့ကြောင့် စုစုပေါင်း အကောင် ၁၃၁၀ ဖြစ်သည်။ ဆိတ်ကို ငါးနှစ်မွေးမြူလျှင် တစ်ကောင်မှ တစ်နှစ်လျှင် ပျမ်းမျှ ၄ ဒသမ ၃ ကောင်ခန့် ဖြစ်လာနိုင်သည်။ ။

# (၃၂)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲ ကျင်းပ

**မြစ်ကြီးနား ဧပြီ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် ခေမာသီဝံပရိယတ္တိစာသင်တိုက်အတွင်း ကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၏ ပဋ္ဌာန်းသိမ်းအောင်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ဆရာတော် ဦးကုလာနန္ဒက ပဋ္ဌာန်းဒေသနာအောင်ပွဲ မင်္ဂလာထောမနာဂါထာအား ရွတ်ဖတ်ကာ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် တက်ရောက်လာသည့် အလှူရှင်များက နမောတဿသုံးကြိမ် ရွတ်ဆိုကာ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် တက်ရောက်လာသူများက ပဓာနနာယက အောင်နန်းရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကာ တက်ရောက်လာသည့် အလှူရှင်များက နာယကဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ တက်ရောက်လာသည့် ဝတ်ရွတ်အသင်းများက ပဋ္ဌာန်းဆုတောင်းကဗျာအား ရွတ်ဖတ်ပူဇော်ခဲ့သည်။

ထို့နောက် လှူဖွယ်ဝတ္ထုအစုစုအတွက် ရေစက်ချအမျှပေးဝေကာ တက်ရောက်လာသည့်အလှူရှင်များက ဘာဏကသံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ ပဋ္ဌာန်းသိမ်းအောင်ပွဲအထိမ်းအမှတ်အဖြစ် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများကို လောင်းလှူကြကြောင်း သိရသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအား ဧပြီ ၁၇ ရက်မှ ၂၁ ရက်အထိ ငါးရက်ကြာ ပဓာနနာယကဆရာတော်ကြီးအပါး ၃၀၊ ပဓာနဘာဏကသံဃာတော်အပါး ၄၀ တို့ဖြင့် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(၄၀၃)

# ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုနည်း လက်တွေ့လေ့ကျင့်




**မင်းတပ် ဧပြီ ၂၁**

ချင်းပြည်နယ် မင်းတပ်မြို့နယ် မီးသတ်ဦးစီးဌာနရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မင်းတပ်မြို့အရှေ့ပြင်ရပ်ကွက် မီးသတ်စခန်း၌ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုနည်းလက်တွေ့လေ့ကျင့်မှုကို ယနေ့တွင် ဆောင်ရွက်သည်။

သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက မီးသတ်ဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စေရန် မီးငြိမ်းသတ်နည်းလက်တွေ့လေ့ကျင့်မှုများနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ပြီး အသက်ကယ်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် လေ့ကျင့်မှုများကို အပတ်စဉ် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တို့တွင် ဆောင်ရွက်လျက်ရှိကြောင်း မင်းတပ်မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကီးထန်းက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းမှထုတ်လုပ်သော ဆော့ဖ်ဝဲများကိုသာ အဓိကဝယ်ယူသုံးစွဲနေ

**ရန်ကုန် ဧပြီ ၂၁**

မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား (SME) စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လက်ရှိ ပြည်တွင်းနည်းပညာကုမ္ပဏီများမှ ထုတ်လုပ်သော စီးပွားရေးလုပ်ငန်းသုံး ဆော့ဖ်ဝဲများကိုသာ အဓိကဝယ်ယူသုံးစွဲနေကြကြောင်း သိရသည်။

နိုင်ငံခြားမှတင်သွင်းသော စီးပွားရေးလုပ်ငန်းသုံးဆော့ဖ်ဝဲများ၏ User Interface၊ Report Feature များသည် ပြည်တွင်းမှ အသုံးပြုသူများအနေဖြင့် ရင်းနှီးကျွမ်းဝင်မှု မရှိသည့်အတွက် ယင်းကဲ့သို့ ပြည်တွင်းမှ ဆော့ဖ်ဝဲများကိုသာ ဝယ်ယူသုံးစွဲကြခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းကထုတ်လုပ်တဲ့ ဆော့ဖ်ဝဲတွေကတော့ ပြည်တွင်းက တိုက်ရိုက်ဝန်ဆောင်မှုပေးပြီး ကွာခြားချက်ကတော့ ဝန်ဆောင်မှုနဲ့ ဈေးနှုန်းပါပဲ။ လုပ်ငန်းပေါ်မူတည်ပြီး ရွေးချယ်ကြတာများပါတယ်။ လုပ်ငန်းကြီး အရမ်းကြီးမှသာ ပြည်ပက ဆော့ဖ်ဝဲတွေကို အသုံးပြုကြတာပါ"ဟုGalaxy Software Services ကုမ္ပဏီမှ မန်နေဂျာ ဦးပြည့်ဖြိုးကျော်က ပြောသည်။

ပြည်တွင်း၌ ဆော့ဖ်ဝဲထုတ်လုပ်သော ကုမ္ပဏီပေါင်း ၁၀၀ ခန့်ရှိပြီး နိုင်ငံခြားမှ ထုတ်လုပ်သော ဆော့ဖ်ဝဲများသည် ဈေးနှုန်းမြင့်မားမှုနှင့် ဝန်ဆောင်မှုများရယူရာတွင် ပြည်တွင်းမှ လုပ်ငန်းရှင်များအတွက် အခက်အခဲဖြစ်စေကြောင်း သိရသည်။

"ပြည်တွင်းက ကုမ္ပဏီအများစုကတော့ ပြည်တွင်းကထုတ်လုပ်တဲ့ စာရင်းကိုင်ဆော့ဖ်ဝဲတွေကို အသုံးပြုတာများပါတယ်။ ဆော့ဖ်ဝဲတွေမှာအသုံးပြုတဲ့ စာရင်းခေါင်းစဉ်တွေ၊ လိုအပ်တာတွေ အသုံးပြုသူရဲ့ လိုအပ်ချက်အတိုင်း လွယ်လွယ်ကူကူနဲ့ ပြန်လည်ပြင်ဆင်နိုင်တဲ့အတွက် ပြည်တွင်းထုတ်ဆော့ဖ်ဝဲတွေ အသုံးပြုကြတာပါ"ဟု အခွင့်အလမ်းဂျာနယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ လေကြောင်းလုပ်ငန်းများ၊ နိုင်ငံခြားသားပိုင် ဟိုတယ်လုပ်ငန်းများ၊ စူပါမားကက်များ၊ ဘဏ်လုပ်ငန်းများတွင် ပြည်ပမှ ထုတ်လုပ်သော ဆော့ဖ်ဝဲများကို အသုံးပြုနေကြပြီး မီနီမတ်များ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ပြည်တွင်းမှထုတ်လုပ်သည့် လုပ်ငန်းသုံး ဆော့ဖ်ဝဲများသာ အသုံးပြုနေကြကြောင်း သိရသည်။

**အမ်အမ်ကေ**

# နွေရာသီအားကစား သင်တန်းများကို သင်တန်းကြေးအခမဲ့ ဖွင့်လှစ်မည်

**ရန်ကုန်  ဧပြီ  ၂၁**

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၌ နွေရာသီအားကစားသင်တန်းများကို ဧပြီ ၂၅ ရက်မှ မေ ၂၀ ရက်အထိ သင်တန်းကြေးအခမဲ့ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ကျိုက္ကဆံကွင်းအတွင်း ဖွင့်လှစ်ထားသော အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၌ နွေရာသီအားကစားသင်တန်းများအဖြစ် အားကစားနည်း ၁၆ မျိုးကို ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့် တက်ရောက်လိုသည့် အားကစားနည်းအလိုက် လိုအပ်သည့် ဝတ်စုံ၊ ဖိနပ်များကို ယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၌ ဖွင့်လှစ်မည့် နွေရာသီအားကစားသင်တန်းရှိ အားကစားနည်းများမှာ ရေကူး၊ ဘောလုံး၊ ကရာတေးဒို၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကွ္ယမ်းဘား၊ ဂျူဒို၊ ကြက်တောင်၊ လက်ဝှေ့နှင့် ဖူဆယ်အားကစားနည်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းများတွင် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ လေးပတ်ကြာဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများအနေဖြင့် သင်တန်းမစမီရက်အထိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)သို့ လာရောက်ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

**မင်းသန့်**

# မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းကို ဧပြီ ၂၅ ရက်တွင် စခန်းသွင်းလေ့ကျင့်မည်



**ရန်ကုန်  ဧပြီ  ၂၁**

နေပြည်တော်၌ ဇွန်လအတွင်း လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းကို ဧပြီ ၂၅ ရက်တွင် စတင်စခန်းသွင်းလေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က တာဝန်ယူမည်ဖြစ်ပြီး လက်ရှိတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တို့မှ ကစားသမား ၃၉ ဦးတို့ကိုရွေးချယ်ထားကာ မူလက ဧပြီ ၂၀ ရက်တွင် စတင်စခန်းသွင်းရန် စီစဉ်ထားသော်လည်း နယ်သို့ပြန်နေသည့် ကစားသမားများရှိနေသည့်အတွက် ရက်နောက်ဆုတ်လိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၆ အာဆီယံဖူဆယ်ကလပ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲ၌ လက်ရှိကျင်းပနေသည့် ပြည်တွင်းဖူဆယ်လိဂ်(အမျိုးသား) ပြိုင်ပွဲချန်ပီယံအသင်းက ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကာ အမျိုးသမီးပြိုင်ပွဲ၌ လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၆ အာဆီယံဖူဆယ်ကလပ်(အမျိုးသား)ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအပါအဝင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့မှ ကလပ်အသင်းများနှင့်(အမျိုးသမီး)ပြိုင်ပွဲတွင် ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ်အသင်းတို့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်သောကြောင့် (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲနှစ်ခုစလုံး၌ အောင်မြင်မှုရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

**မင်းသန့်**

# GRATE TIGER GROUP ၏ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ရွှေမိုးထိငြိမ်းချမ်းရေးကလပ်မှ ရိုးရာလက်ဝှေ့ကျော်နှစ်ဦး ပါဝင်ယှဉ်ပြိုင်မည်

**မန္တလေး  ဧပြီ  ၂၁**

မန္တလေးမြို့မှ ရိုးရာလက်ဝှေ့ဝါသနာရှင်များပူးပေါင်းတည်ထောင်ထားသည့် GRATE TIGER GROUP မှ ရန်ကုန်မြို့ သိမ်ဖြူအားကစားကွင်း၌ ဇွန် ၅ ရက်တွင် ကျင်းပမည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၌ ရွှေမိုးထိငြိမ်းချမ်းရေးကလပ်မှ လူငယ်ရိုးရာလက်ဝှေ့ကျော်များဖြစ်သည့် ဖျံသွေးနှင့် စောရာဇာတို့က ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အဆိုပါကလပ်မှ မန်နေဂျာ ကိုကျော်ဝင်းလှိုင်၏ပြောကြားချက်အရ သိရသည်။

"GRATE TIGER GROUP က ဒီပွဲမှာ ကျွန်တော်တို့ကလပ်မှ ရိုးရာလက်ဝှေ့ကျော်သုံးဦးပါဝင်ယှဉ်ပြိုင်ဖို့ ကမ်းလှမ်းလာတာပါ။ ဒါပေမဲ့ လူငယ်ရိုးရာလက်ဝှေ့ကျော်ဖြစ်တဲ့ သွေးသစ်ဝင်းလှိုင်က စာမေးပွဲနဲ့တိုက်နေတာကြောင့် မယှဉ်ပြိုင်ဖြစ်ဘဲ ဖျံသွေးနဲ့ စောရာဇာတို့ပဲ ယှဉ်ပြိုင်ဖြစ်တော့တာပါ" ဟု ၎င်းက ပြောသည်။

ယင်းပွဲတွင် ဖျံသွေးသည် သပြေညို(ဘိလပ်မြေစက်ရုံ)နှင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး စောရာဇာက ထွန်းလွင်မိုး(နဂါးမာန်)နှင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

ဖျံသွေးသည် သပြေညိုနှင့် ယှဉ်ပြိုင်ရန် နှစ်လခန့်လေ့ကျင့်ချိန်ယူ၍ ပြင်ဆင်ထားကြောင်း သိရသည်။

ယင်းပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လူငယ်ရိုးရာလက်ဝှေ့ကျော် နှစ်ဦးကို ဝါရင့်ရိုးရာလက်ဝှေ့ကျော်ဟောင်းများဖြစ်သည့် နောင်လုံဖျံနှင့် စောအယ်ထူးတို့က နည်းပြများအဖြစ် တာဝန်ယူကာ လေ့ကျင့်ပြင်ဆင်ပေးနေကြောင်း သိရသည်။ **မင်းသော်တာလွင်**



စောရာဇာ



ဖျံသွေး

# မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအဖွဲ့ မေလအတွင်း နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည်




**ရန်ကုန်  ဧပြီ  ၂၁**

မြန်မာ့လက်ရွေးစင်တိုက်ကွမ်ဒိုအဖွဲ့အနေဖြင့် မေလအတွင်း၌ကျင်းပမည့် နိုင်ငံတကာဖိတ်ခေါ်လူငယ်တိုက်ကွမ်ဒိုပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ နည်းပြ ဦးကျော်သန်းဦး၏ ပြောကြားချက်အရ သိရသည်။

"နိုင်ငံတကာဖိတ်ခေါ်လူငယ်တိုက်ကွမ်ဒိုပြိုင်ပွဲတွေက မြန်မာ့လက်ရွေးစင်တိုက်ကွမ်ဒိုကစားသမားတွေအတွက် အတွေ့အကြုံကောင်းတွေရရှိမှာဖြစ်တာကြောင့် ဝင်ရောက်ယှဉ်ပြိုင်ကစားမှာပါ။ ဒီအတွေ့အကြုံတွေက ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံမှာကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲရဲ့ တိုက်ကွမ်ဒိုပြိုင်ပွဲမှာ မြန်မာကစားသမားတွေအနေနဲ့ ဆုတံဆိပ်တွေရရှိဖို့ အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်" ဟု ၎င်းကပြောသည်။

ယင်းပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်က လက်ရှိတွင် လူငယ်တိုက်ကွမ်ဒိုကစားသမား ခြောက်ဦးကို စခန်းသွင်းလေ့ကျင့်ပေးနေကြောင်း၊ အဆိုပါပြိုင်ပွဲများ၌ဆုတံဆိပ်များစွာရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများတွင် အရှေ့တောင်အာရှနိုင်ငံများနှင့် အာရှမှ တိုက်ကွမ်ဒိုအားကစား အဓိကဖွံ့ဖြိုးသည့်နိုင်ငံများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သီရိ**

# လေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပရေးပုံစံ အတည်မပြုနိုင်သေး

**ရန်ကုန်  ဧပြီ  ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ကျင်းပမည့်ပုံစံကို အတည်မပြုနိုင်သေးကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲသို့ ဗီယက်နမ်၊ စင်ကာပူနှင့် ဟောင်ကောင်လက်ရွေးစင်အသင်းများကို ကမ်းလှမ်းခဲ့သော်လည်း ဟောင်ကောင်အသင်းအနေဖြင့် အကြောင်းပြန်ရန် ကြန့်ကြာနေခဲ့ခြင်းကြောင့် ပြိုင်ပွဲကျင်းပမည့်ရက်ကို အတည်မပြုနိုင်သေးကာ ယခုအခါပြိုင်ပွဲကျင်းပမည့်ပုံစံကို အတည်ပြုနိုင်ခြင်းမရှိသေးကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ မီဒီယာတာဝန်ခံ ကိုဇော်မင်းထိုက်ကပြောသည်။

"ကျွန်တော်တို့အနေနဲ့ အခုချိန်မှာတော့ စင်ကာပူ၊ ဗီယက်နမ်တို့နဲ့ အကြမ်းဖျင်းသဘောတူညီမှုရထားပါပြီ။ ဘယ်လိုပုံစံမျိုးနဲ့ကျင်းပမယ်ဆိုတာကတော့ ညှိနှိုင်းဆဲအဆင့်မှာပဲရှိပါသေးတယ်။ သူတို့ဘက်က အတိအကျအကြောင်းပြန်ကြားလာရင် ပြိုင်ပွဲကျင်းပမယ့်ပုံစံကို ထပ်မံပြီးညှိနှိုင်းရဦးမှာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုအခါ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် မေ ၂၈ ရက်တွင် မလေးရှားအသင်းနှင့် ဖိတ်ခေါ်ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်နိုင်ငံခြားသားများအသင်းနှင့်လည်း ခြေစမ်းပွဲကစားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကျင်းပမည့်ရက်မှာ အနည်းငယ်နောက်ကျရန်ရှိကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာလထဲတွင်ကျင်းပမည့် ဆူဇူကီးဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် အောင်မြင်မှုရရန် ယခုကဲ့သို့ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန်စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးကျော်**

# စီးဆင်းနေသောဧရာဝတီနှင့် ဝတ္ထုတိုများစုစည်းမှု

❍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်(ငြိမ်း) ကလောင်အမည် **သိန်းစိန်ထွန်း**ရေးသားပြီး မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် စစ်နှင့်အချစ်ဘဝသရုပ်ဖော်ဝတ္ထုတို ၇ ပုဒ်အား စုစည်းထားသော စာအုပ်ဖြစ်ပါသည်။

❍ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၆ အထိ စာရေးသူရေးသားခဲ့သည့် စစ်နှင့်အချစ်ဘဝသရုပ်ဖော်ဝတ္ထုတိုများသည် နှစ်ပေါင်း ၃၅ နှစ်ကျော်ခဲ့ပြီဖြစ်သော်လည်း တပ်မတော်သားစာရေးသူတစ်ဦး အနေဖြင့် ခံစားမှု ရသ၊ သုတစုံလင်စွာ ပီပီပြင်ပြင်ပုံဖော်ရေးဖွဲ့ထားသည်ကို ဖတ်ရှုကြရမည်ဖြစ်ပါသည်။

❍ 'စီးဆင်းနေသောဧရာဝတီ' မှသည် 'ငြိမ်းချမ်းပါစေ ရွှေဖီမြေ'အထိ ဝတ္ထုတို ၇ ပုဒ်တွင် ယနေ့ခေတ် တပ်မတော်သားတို့ အတုယူမှတ်သားဖွယ်၊ လိုက်နာစောင့်ထိန်းဖွယ်စစ်မြေပြင်သင်ခန်းစာတို့ကို စိတ်ဝင်စားဖွယ်ဖတ်ရှုကြရမည်ဖြစ်သည်။

❍ ဤစာအုပ်တွင် ယနေ့ခေတ်တပ်မတော်ခေါင်းဆောင်များ၊ စစ်သည်များအတွက် အတွေးအမြင်၊ သုတရသများ၊ လိုက်နာရမည့် သင်ခန်းစာများ၊ စာပေကိုချစ်မြတ်နိုးသည့် စာဖတ်ပရိသတ်များအတွက် အမှတ်တရဝယ်ယူဖတ်ရှုလေ့လာသိမ်းဆည်းထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

❍ **စီးဆင်းနေသောဧရာဝတီနှင့် ဝတ္ထုတိုများစုစည်းမှု** စာအုပ်ကို အတွင်းသရုပ်ဖော်ရောင်စုံမူရင်းပန်းချီလက်ရာများနှင့်အတူ အခန့်ချုပ်တစ်အုပ်လျှင် ၂၈၀၀ ကျပ်ဖြင့်လည်းကောင်း၊ ရိုးရိုးချုပ်တစ်အုပ်လျှင် ၂၀၀၀ ကျပ်ဖြင့်လည်းကောင်း စာပေအကျိုး ရှေးရှု၍ စာကောင်းပေမွန်များကိုသာ စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိသော မြဝတီစာပေတိုက်မှ ၂၀၁၆ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ပါသည်။




ဝယ်ယူရရှိနိုင်သည့်နေရာများ
မြဝတီစာအုပ်အရောင်းဆိုင်၊ အင်းဝစာအုပ်တိုက်၊ ရာပြည့်စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

ထွက်ပြီ

**မြဝတီစာပေတိုက်၊ အမှတ်(၁၅)၊ တပ်မြေ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၃၂၄၉၈၇၂၄(ဖြန့်ချိရေး)**




## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးစံတင်-ဒေါ်ခင်မြတို့၏သား ၇/ကတခ(နိုင်) ၁၄၃၃၁၅ မောင်ပြည့်ဖြိုးနိုင်(ခ)မောင်ကြီးသည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအတိုင်းပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးစံတင်-ဒေါ်ခင်မြ**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ်(၁၈၀)၊ အလျား(၁၀၀)ပေ၊ အနံ(၈၀)ပေ မြေကွက်ကို ဒေါ်မြင့်မြင့်ကြည် ပိုင်ဆိုင်သော ဦးပိုင်အမည်ပေါက်မြေကို ဦးဝင်းယုက အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ ဦးသန်းဦးကို ရောင်းချခဲ့ပါသည်။ ဒေါ်မြင့်မြင့်ကြည် အမည်မှ ဦးသန်းဦး (၁/မမန (နိုင်) ၀၃၀၅၀၄)အမည်သို့ အမည်ပြောင်းမြေငှားဂရန်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အမည်ပြောင်းမြေငှားဂရန်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကိုသန်းဦး၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့၊ ၀၉-၄၀၀၀၃၅၈၀၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ တောင်တွင်းကြီးလမ်း(၁၀၆)နေ ဇင်မင်းဦး ၁၂/လသယ(နိုင်)၀၇၃၄၈၄ သည် အမိအဘစကားနားထောင်မှုမရှိပါ၍ ကြော်ငြာသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်း။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)။**

**အမိ ဒေါ်စန္ဒာဝင်း**
**၁၂/ကမရ(နိုင်)၀၁၈၂၃၅**

### ပျောက်ဆုံးကြောင်း

H Two A Co.,Ltd. အိတ်(ချ်)တူးအေ ကုမ္ပဏီလီမိတက်၏ ၂၂၉/၂၀၁၃-၂၀၁၄ ကုမ္ပဏီမှတ်ပုံတင်ကတ်နှင့် တသက 30444(3-5-2013) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၅၀၂၀၀၇၃**

### ပျောက်ဆုံးကြောင်း

မောင်ဖြိုး(ဘ)ဦးကျော်ငွေ ၇/ပတန(နိုင်)၁၂၄၂၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၅၂၉၉၆၉၀**

### ဖခင်အမည်မှန်

ထားဝယ်မြို့ (အလက-၂)၊ နဝမတန်း (B)တွင် ပညာသင်ကြားနေသော မထွေးအိစံ၏ ဖခင်အမည်မှန်မှာ ၆/ထဝန (နိုင်)၀၄၀၂၆၂ အရ ဦးလှဝင်း ဖြစ်ပါကြောင်း။ **ဦးလှဝင်း**

### ပျောက်ဆုံးကြောင်း

ဉာဏ်လင်းထက် ၁၂/ဗဟန(နိုင်) ၁၀၁၃၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၀၇၃၃၃၈၁**

### ပျောက်ဆုံးကြောင်း

ထွန်းလင်းအောင် ၁၄/မမန (နိုင်) ၁၉၇၈၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၀၇၃၃၃၈၁**

### ပျောက်ဆုံးကြောင်း

သက်ဦးမောင်(ဘ) ဦးစံပိုင် ၈/မလန (နိုင်)၀၉၇၉၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၉၄၉၆၀၉**

### ပျောက်ဆုံးကြောင်း

ချောစု ၁၄/ညတန (နိုင်) ၁၄၀၉၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၀၇၃၃၃၈၁**

### ပျောက်ဆုံးကြောင်း

တင်မာဌေး(ဘ)ဦးမောင်ဌေး ၇/ညလပ (နိုင်)၁၆၉၃၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၉၉၄၉၆၀၉**

**စာပေမြင့်မှ လူမျိုးတင့်မည်**

### ပျောက်ဆုံးကြောင်း

မျိုးလင်းဇော် ၁၁/ကဖန(နိုင်) ၁၂၄၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၀၇၃၃၃၈၁**

## လူမှုရေး/စီးပွားရေးကြော်ငြာများ
## (30 % Discount Off )

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား(၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပါသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၉-၄၉၃၄၅၇၃၉
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)တပ်မြေ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁-၃၉၇၃၃၁
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ဖုန်း-၀၂-၆၆၆၅၁၊ ၀၉-၄၀၂၅၂၃၉၈၂
- Hot Line (09-31778337) (09-444005190)
- Online ဖြင့်လည်း E-mail:mwdpress@hotmail.co.uk သို့ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
### ဦးအောင်ဖေ(ခ) ဦးအိုဖေ (မြိတ်)
### သက်ကြီးကန်တော့ခံ
### အသင်းဝင်အမှတ်(၂၆၁၉)
### အသက်(၈၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ တိုက် ၁၊ အခန်း (၂၀၅) နေ ဒေါ်သန်းမြင့်၏ခင်ပွန်းသည် ၁၄-၄-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ ရက်(သောကြာနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

### ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး
### ပါမောက္ခ ဒေါက်တာဦးရဲမြင့် (မြစ်သား)
### ပါမောက္ခ၊ ဌာနမှူး၊ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်-၁၊
### အထွေထွေရောဂါကုဆေးရုံကြီး၊ ရန်ကုန် (ငြိမ်း)၊ အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ၇၄-F၊ အေးချမ်းသာယာလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ (ဦးအိဘရာဟင်-ဒေါ်အေးချို)တို့၏သား၊ (ဦးကျော်မြင့်-ဒေါ်မြစိန်)တို့၏သားသမက်၊ ပါမောက္ခဒေါက်တာဒေါ်သိန်းသိန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်၊ (ဒေါ်ခင်သန်းကြည်)၊ဦးဌေးအောင်တို့၏ မောင်/ညီ၊ ဒေါ်တီတီချို၊ ဦးရဲတင့်၊ (ဒေါ်ညိုညိုနွယ်)တို့၏အစ်ကို၊ ဒေါက်တာမျိုးမြင့်ဦး-ဒေါက်တာမြသီတာတို့၏ဖခင်၊ မောင်ခွန်းအဂ္ဂဦး၊ မောင်ခွန်းလုလင်ဦးတို့၏အဘိုးသည် ၂၀-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၁) ရန်ကုန်သို့ ပေးပို့လှူဒါန်းပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၄-၂၀၁၆ (အင်္ဂါနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

### ပျောက်ဆုံးကြောင်း

စန်းလင်းဇော် ၇/ရတန(နိုင်) ၁၀၈၂၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၀၇၃၃၃၈၁**

### ပျောက်ဆုံးကြောင်း

ချောစုဝင်း ၇/ကတခ (နိုင်) ၁၄၃၁၈၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၀၇၃၃၃၈၁**

**အလိမ္မာ စာမှာရှိ**

# ဧဝရတ်တောင်ခရီးစဉ် မြန်မာတောင်တက်အဖွဲ့ Camp-1 သို့ရောက်ရှိ

ရန်ကုန်  ဧပြီ  ၂၁

ခက်ခဲကြမ်းတမ်းသော ကမ္ဘာ့အမြင့်ဆုံး ဧဝရတ်တောင်ကို တက်ရောက်လျက်ရှိသော မြန်မာတောင်တက်အဖွဲ့ဝင်သုံးဦးသည် ယနေ့တွင် တောင်တက်စခန်း(၁) (Camp-1) သို့ တက်ရောက်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ခြေကျင်တောင်တက်အဖွဲ့ချုပ်မှ သိရသည်။

မြန်မာတောင်တက်အဖွဲ့ဝင်သုံးဦးဖြစ်သော ကိုပြည့်ဖြိုးအောင်၊ ကိုဝင်းကိုကို၊ ကိုညီညီအောင်တို့သည် မတ် ၂၉ ရက်တွင် ဧဝရတ်တောင်သို့ စတင်တက်ရောက်ခဲ့ပြီး ဧပြီ ၁၁ ရက်တွင် ကမ္ဘာ့အမြင့်ဆုံး ဧဝရတ်တောင်၏ အမြင့်ပေ ၁၇၅၀၀ ရှိသော တောင်ခြေစခန်း (Base Camp) သို့ တက်ရောက်နိုင်ခဲ့သည်။

ထပ်မံ၍ ထိုအဖွဲ့သည် ဧပြီ ၁၂ ရက်တွင် မြန်မာနှစ်ကူးအကြို ဆန္ဒပြုဆုတောင်းပွဲများ တောင်ခြေတွင် ပြုလုပ်ခဲ့ကြသည်။ တောင်ခြေတွင် တောင်တက်စခန်းများတည်ဆောက်ခြင်းသည် တောင်တက်သမားများအတွက် အမြင့်ပေ ပိုမိုများပြားလာသည်နှင့်အမျှ ကျဆင်း

စာမျက်နှာ ၁၇ ကော်လံ ၅ ⏩



ဧဝရတ်တောင်သို့တက်ရောက်နေသော မြန်မာတောင်တက်သမားများကိုတွေ့ရစဉ်။

## ထူးခြားသည့်နေ့အပူချိန်များ

၂၁-၄-၂၀၁၆

| | |
|---|---|
| မြင်းခြံ | ၄၅° C |
| ချောက် | ၄၅° C |
| ညောင်ဦး | ၄၄° C |
| မင်းဘူး | ၄၄° C |
| မကွေး | ၄၄° C |
| တောင်တွင်းကြီး | ၄၄° C |
| ဂန့်ဂေါ | ၄၄° C |
| ဘောလခဲ | ၄၄° C |
| စစ်ကိုင်း | ၄၃° C |
| မန္တလေး | ၄၃° C |

## ခရမ်းလွန်ရောင်ခြည် အမြင့်ဆုံးအညွှန်းကိန်း

၂၁-၄-၂၀၁၆

| | |
|---|---|
| နေပြည်တော် | ၈ ဒသမ ၅ |
| ရန်ကုန် | ၉ ဒသမ ၆ |
| မန္တလေး | ၉ ဒသမ ၃ |





# ပုပ္ပားတောင်မကြီး တောမီးလောင်ကျွမ်းမှုမှတစ်ဆင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ မီးကူးစက်လောင်ကျွမ်း



မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံ မီးလောင် ဆုံးရှုံးမှုကို တွေ့ရစဉ်။

နေပြည်တော်  ဧပြီ  ၂၁

ရာသီဥတုပူပြင်း၍ အပူချိန်မြင့်မားမှုကြောင့် ဧပြီ ၂၀ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပုပ္ပားတောင်မကြီး၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ပုပ္ပားတောင်မကြီးပေါ်တွင် တည်ဆောက်ထားသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအား မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်းသိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၄ ■

## အာကာသအတွင်းလွင့်မျောနေသည့် အထီးကျန်ဂြိုဟ်ကြီးတစ်လုံးကို နာဆာအဖွဲ့တွေ့ရှိ



စာ- ၂၂ သို့

## နိုင်ငံတကာ သတင်း

## အိန္ဒိယတွင် အပူလှိုင်းဖြစ်မှုကြောင့် လူ ၁၆၀ ကျော် သေဆုံး

စာ- ၂၂ သို့





## လူ့ခန္ဓာကိုယ်၏ အရေးကြီး လက္ခဏာရပ်များကို စောင့်ကြည့်နိုင်မည့် အီလက်ထရွန်နစ် အရေပြား

စာ- ၂၂ သို့

www.myawady.net.mm
E.mail:mwdpress@hotmail.co.uk